# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၂၀ ရက်၊ စနေနေ့ အတွဲ [၅၄]၊ အမှတ် [၂၅၈]


**သုဘာသိတာ စ ယာ ဝါစာ မင်္ဂလာ**

မှန်ကန်၍ အကျိုးရှိသော စကားကို ချိုသာစွာ ပြောဆိုခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စီအယ်လ်အမ်ဗွီ၊ အက်မက်စ် ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး




နိုင်ငံတော်သမ္မတဦးသိန်းစိန် စီအယ်လ်အမ်ဗွီ၊ အက်မက်စ် ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပမည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်-ထိုင်းနိုင်ငံတို့ ပါဝင်သည့် (၆) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုနှင့် ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်သမ္မတသည် (MICC-I) ပင်မဝင်ပေါက်၌


*စာမျက်နှာ ၈ ကော်လံ ၁* ✻


---

**တစေ့တစောင်းကြည့်မိသော မီးရထားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ**

ဆောင်းပါး စာ - ၆

**ရန်ကုန်မြို့လှည်းတန်းမြို့နယ်တွင် အထပ်မြင့်ကားပါကင် တစ်ခု တည်ဆောက်ရန်စီစဉ်လျက်ရှိ**

စာ - ၉




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာ့အနုပညာအဆင့်အတန်း မြင့်မားလာမည်

နိုင်ငံတစ်နိုင်ငံ၏ အနုပညာအဆင့်အတန်းသည် နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်ဒြပ်ကို ထင်ဟပ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာနိုင်သော စံတစ်ခုလည်းဖြစ်ပါသည်။ သို့အတွက် နိုင်ငံ၏အနုပညာအဆင့်အတန်းကို အစဉ်မြင့်မားတိုးတက်နေအောင် ဆောင်ရွက်ရန် အရေးကြီးလှပေသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် အနုပညာအဆင့်အတန်း မြင့်မားလာစေရန်အတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုအပါအဝင် ပန်း(၁၀)မျိုးကို မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဇွန် ၁၇ ရက်တွင် နေပြည်တော် တောင်သူပညာပေး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်၊ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု၊ အစည်းအရုံးဗဟိုတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အရေးကြီးသကဲ့သို့ အနုပညာရှင်များလည်း အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ပန်းချီ၊ ပန်းပုပြပွဲများကို တစ်နှစ်ပတ်လုံး တင်ဆက်နိုင်မည့် အနုပညာဗဟိုဌာနတစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ တည်ဆောက်ပေးမည်ဖြစ် ကြောင်း ထိုဗဟိုဌာနများ၏ စီမံခန့်ခွဲမှုကိုမူ အနုပညာရှင်များပါဝင်သည့် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းက တာဝန်ခံဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ဟောလိဝုဒ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့၏ ဆင်ခြေဖုံးရပ်ကွက်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ရုပ်ရှင်လုပ်ငန်းအတွက် ဗဟိုအချက်အချာဌာနဖြစ်၍ မြို့ကြီးတစ်မြို့ကဲ့သို့ ခမ်းနားစည်ကားသောကြောင့် ကမ္ဘာ့ရုပ်ရှင်မြို့တော်ဟူ၍ ထင်ရှားလေသည်။ ဟောလိဝုဒ်နှင့် အနီးအနားရှိ ရပ်ကွက်များတွင် ကြီးကျယ်ခမ်းနားသော ရုပ်ရှင်စတူဒီယိုများရှိသည်။ အနီးရှိ ဗေဗာလီဟီးလ်ရပ်ကွက်သည် နာမည်ကျော်ရုပ်ရှင်အနုပညာသည် အများအပြားနေထိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌ အနုပညာဗဟိုဌာနတစ်ခုစီ တည်ဆောက် ပေးတော့မည်ဖြစ်၍ မြန်မာ့အနုပညာအဆင့်အတန်းကို မြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု အပါအဝင် မြန်မာ့ပန်း(၁၀)မျိုးကို တစုတဝေးတည်း၊ တစ်နေရာတည်းတွင် တစ်နှစ်ပတ်လုံး တင်ဆက်ပြသမှုနှင့် ခင်းကျင်းပြသမှုများ ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ မြန်မာ့အနုပညာအဆင့်အတန်းသည် ပိုမိုတိုးတက်ကျယ်ပြန့်လာမည်ဖြစ်ပါသည်။ အထူးသဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုနှင့် ပန်း(၁၀)မျိုးပညာရှင်များ ပိုမိုပေါင်းစည်း လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။ မြန်မာ့အနုပညာရသကို ပိုမိုဖော်ကျူးတင်ဆက်လာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုးဂုဏ်ကို ထင်ဟပ်စေသော အနုပညာအဆင့်အတန်းတစ်ရပ်ကို ထိရောက်စွာ မြှင့်တင်လာနိုင်မည်ဖြစ်ပါသည်။ ဤအနုပညာဗဟိုဌာနများကို ကမ္ဘာလှည့်ခရီးသွားများလာရောက်ရာ ဒေသတစ်ခုဖြစ်လာအောင်လည်း ဆက်လက်ကြိုးပမ်းအားထုတ်သင့်သည်။

သို့ဖြစ်၍ တည်ထောင်ဖွင့်လှစ်ပေးမည့် အနုပညာဗဟိုဌာနများကို ကမ္ဘာသိဟောလိဝုဒ်ကဲ့သို့ လူသိများအောင် ကြိုးပမ်းအားထုတ်၍ မြန်မာ့ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုနှင့် ပန်း(၁၀)မျိုးတို့ကိုလည်း ကမ္ဘာကအသိအမှတ်ပြုတန်ဖိုးထားလာအောင် ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့်၊ မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**

# ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**



ကယားပြည်နယ် လွိုင်ကော်မြို့တွင်ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် ဖားစည်သံလွင်ခန်းမသို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ထို့နောက် ခန်းမရေရှည် တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ ခန်းမပတ်ဝန်းကျင်၌ အရိပ်ရလေကာပင်နှင့် ပန်းအလှပင်များ အကွက်ချ စိုက်ပျိုးရေးနှင့် မြို့၏ဂုဏ်ဆောင် အခမ်းအနားပွဲများ ကျင်းပရေးတို့ကို တာဝန်ရှိသူတို့အား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ခဲမဖြူရှိ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ အဆိုပါအဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို ပြည်ထောင်စုဝန်ကြီးက ဖားဆောင်းမြို့နယ် ပညာရေးမှူး ဒေါ်သောင်းသောင်းဌေးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ကျောင်းအတွက် ဆိုလာမီးစုံများ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့သည်။

ယင်းနောက် ခဲမဖြူကျေးရွာ နှစ်ထပ်ဘော်ဒါဆောင်သို့ သွားရောက်စစ်ဆေးပြီး ပညာသင်ကြားနေသော ဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအတွက် ဆိုလာမီးစုံ၊ ရုပ်သံဖမ်းစက်နှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ အခြေခံမူလတန်း ကျောင်း(ခွဲ) ခဲမဖြူတွင် ပညာသင်ကြားနေသော ဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများနှင့် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် မယ်စဲ့မြို့နယ် မယ်ဆည်နန်ကျေးရွာ ဘုန်းကြီးကျောင်းအတွင်း ဆောက်လုပ်ပေးခဲ့သည့် နှစ်ထပ်ဘုန်းတော်ကြီးကျောင်းဆောင်သစ်ကို ကြည့်ရှုသည်။ မယ်စဲ့မြို့နယ်ခန်းမဆောင် တည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိသည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ရာ မယ်စဲ့-ဟိုစဲ့-မြန်မာ-ထိုင်းနယ်စပ်နှစ်နိုင်ငံ နယ်ခြားမှတ်တိုင်အမှတ် BP-14 သို့ ဆက်သွယ်ထားရှိသည့် အမာခံမြေလမ်းနှင့်တံတား၊ ရေပွှန်များအခြေအနေတို့ကိုလည်းကောင်း၊ မယ်စဲ့မြို့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# သူနာပြုတက္ကသိုလ်(မန္တလေး)၌ ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၉**

ကျောင်းသားကျောင်းသူ လူငယ်များ အကြားအမြင်ဗဟုသုတ ကြွယ်ဝစေရန်အတွက် စာပေဖတ်ရှုလေ့လာသော အလေ့အကျင့် ဖွံ့ဖြိုးလာစေရန် စသည့်ရည်ရွယ်ချက်ဖြင့် သူနာပြုတက္ကသိုလ် မန္တလေးတော်ဝင်သဇင်ခန်းမ၌ ဇွန် ၁၈ ရက် နံနက် ၈ နာရီက ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကျပန်းကစားပြောပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် သူနာပြုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသီတာက အမှာစကားပြောကြားပြီး ဒိုင်ချုပ် ဆေးတက္ကသိုလ် (မန္တလေး) မြန်မာစာဌာနကထိက ဌာနမှူး (ငြိမ်း) ဆရာကြီး ဦးအောင်မြင့်က ပြိုင်ပွဲစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သူနာပြုတက္ကသိုလ် (မန္တလေး) မှ ပြိုင်ပွဲဝင်ကျောင်းသူ ၁၇ ဦးတို့က မဲကျန်ခေါင်းစဉ်ဖြင့် အလှည့်ကျပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန္တလေး)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဆိုင်းဘုတ်စိုက်ထူ

**ဟုမ္မလင်း ဇွန် ၁၉**

ဟုမ္မလင်းမြို့နယ် မိုင်းကိုင်းအုပ်စု နမ့်တောကျေးရွာတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ဟောပြောပွဲကို ဇွန် ၁၈ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မူးယစ်အထူးအဖွဲ့ ခေတ္တကြီးကြပ်သူအရာရှိ ရဲအုပ် ဆန်းညွန့်အောင် ဦးဆောင်၍ မူးယစ်ဆေးဝါးဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် လက်ကမ်းစာစောင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**လင်းလင်း (iprd)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၉၂၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၀၅ |
| ဥရောပ | တစ်ယူရို | ၁၁၄၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၁.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၂၁ |

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်၊ ပို့ကုန်နှင့် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အလေးထားဆောင်ရွက်

**စိန့်ပီတာစဘာ့ဂ် ဇွန် ၁၉**

ရုရှားနိုင်ငံ စိန့်ပီတာစဘာ့ဂ်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် Len Expo အဆောက်အအုံ၌ကျင်းပသည့် (၁၉) ကြိမ်မြောက် စိန့်ပီတာစဘာ့ဂ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဂရိနိုင်ငံ ဝန်ကြီးချုပ် Mr.Alexis Tsipras နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Zhang Gaoh တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက မိန့်ခွန်းပြောကြားရာတွင် ယခုနှစ် ကျင်းပပြုလုပ်သည့် စိန့်ပီတာစဘာ့ဂ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်၏ ခေါင်းစဉ်ဖြစ်သည့် Time to Act: Shared Paths to Stability and Growth သည် နိုင်ငံတကာဘဏ္ဍာရေးစနစ်နှင့် စွမ်းအင်လုံခြုံရေးနယ်ပယ်များတွင် ကြီးမားသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသော ကမ္ဘာ့စီးပွားရေး အခြေအနေကို ထင်ဟပ်လျက်ရှိပါကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှု၊ ငွေကြေးမတည်ငြိမ်မှု၊ နိုင်ငံတကာကုန်သွယ်ရေး၏ ခက်ခဲသည့် ပေါင်းစည်းရေး လုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံစီမံကိန်းများ၊ ပထဝီနိုင်ငံရေးအပါအဝင် အခြားကိစ္စရပ်များနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများတွင် လက်ရှိကြုံတွေ့နေရသော စီးပွားရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ယခုဖိုရမ်က ခိုင်မာစွာ တွန်းအားပေးသွားမည်ဟု မိမိအနေဖြင့် ယုံကြည်ထားပါကြောင်း။

အဆွေတော်တို့ သိရှိထားကြသည့်အတိုင်း မြန်မာနိုင်ငံသည် အာရှ၏စီးပွားရေးအင်အားကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိနေသည့် မဟာဗျူဟာမြောက်သော ပထဝီအနေအထား၊ သင့်တင့်သည့် ဈေးကွက်အရွယ်အစား၊ လုပ်သားအင်အားပေါကြွယ်ဝမှုနှင့် အစိုးရ၏သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကြောင့် အာရှတွင် နောက်ဆုံးစီးပွားရေး နယ်ပယ်သစ်နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာပါကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် သယံဇာတအရင်းအမြစ်များကို ကောင်းမွန်ထိရောက်စွာ အသုံးချကာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသော ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ကြိုးပမ်းဖန်တီးပေးလျက်ရှိပါကြောင်း။

ထိရောက်ကောင်းမွန်ပြီး ပိုမိုတက်ကြွသည့် နည်းဥပဒေယန္တရားနှင့် အဖွဲ့အစည်းဆိုင်ရာ ကူညီထောက်ပံ့မှုများကြောင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များသည် ပိုမို လိုလားနှစ်သက်ဖွယ်ဖြစ်လာပါကြောင်း၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် ပိုမိုခိုင်မာပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ခွင့်ပြုမည့် စီးပွားရေးလုပ်ငန်းများစာရင်းကို ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း။

ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်စွမ်းအား၊ စက်မှုထုတ်ကုန်၊ သတ္တုနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ကဏ္ဍများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုအကောင်းဆုံးကဏ္ဍများဖြစ်သည်ကို သိသာထင်ရှားပါကြောင်း၊ ဘဏ်နှင့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြားတိုင်းပြည်များမှ ဘဏ်ခွဲများကို မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုင်စင်များ ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် ပထဝီအနေအထားကြောင့် အရှေ့တောင်အာရှ၌ စက်မှုထုတ်ကုန်များ ထုတ်လုပ်ရန်နေရာသစ်နှင့် ထောက်ပံ့ပို့ဆောင်ရေး ဗဟိုအချက်အချာနေရာ ဖြစ်လာနိုင်သည့်အခွင့်အလမ်းများကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်ရန်၊ ပို့ကုန်နှင့် ဝန်ဆောင်မှု တိုးမြှင့်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် အထူးစီးပွားရေးဇုန်သုံးခုကို အဓိကထား အကောင်အထည်ဖော်ရန် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ပြောကြားသည့် အဓိကအချက်အလက်များသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နေသည့် မြန်မာ့စီးပွားရေးပတ်ဝန်းကျင်ကို ထင်ဟပ်စေပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာအသိုက်အဝန်းတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး မိမိ၏အတွေးအမြင်များကို မျှဝေခွင့်ရသည့်အတွက် လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် သီးခြားအစီအစဉ်အဖြစ် ဒုတိယသမ္မတဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါလာသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရုရှားနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM) အမှုဆောင်အရာရှိချုပ် မစ္စတာ ဆယ်ဂေးလ်ကီရီယန်ကာနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် ရေဒီယိုအိုင်ဆိုတုပ်များနှင့် ယင်းတို့ကိုအသုံးပြုမှုများ၊ နျူကလီးယားဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာကာကွယ်မှု၊ နျူကလီးယားစွမ်းအင်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ရောင်ခြည်သက်ရောက်မှုကိုဆန်းစစ်မှု၊ နျူကလီးယားဆေးပညာ၊ ရေဒီယိုသတ္တုကြွပစ္စည်း အသုံးပြုကုသသော ရောဂါကာကွယ်နည်းကုထုံး (Radio Immunotherapy) ဆိုင်ရာ နည်းပညာနှင့် လုပ်ငန်းစဉ်ဆက်စပ်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များပါဝင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း (၁၉)ကြိမ်မြောက် စိန့်ပီတာစဘာ့ဂ် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ရုံးခန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းများကို မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီအမှန်တိုင်း ပြည်သူများ သိရှိရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ရုံးခန်း (Yangon Region Police Media Team) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံး၌ ဖွင့်လှစ်သည်။ **(အောက်ပုံ)**



တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က "ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေနဲ့ သတင်းထုတ်ပြန်ရေးရုံးခန်း ဖွင့်လှစ်လိုက်တဲ့အတွက် သတင်းယူတဲ့ မီဒီယာပိုင်းကရော၊ ရဲတပ်ဖွဲ့အပိုင်းကပါ နှစ်ဦးနှစ်ဖက်ဆက်ဆံရေး ပိုပြီးတော့ကောင်းမွန်လာမယ်။ အပြုသဘောဆောင်လာမယ်။ သတင်းတွေက မှန်ကန်ပြီး ပြည်သူလူထုအတွင်းမှာလည်း သတင်းအမှန်တွေကို ယုံကြည်မှုရှိစွာနဲ့ ဖတ်ရှုလာနိုင်မယ်။ ပြည်သူတွေ သတင်းတွေပေါ်မှာ ယုံကြည်မှုရှိလာမယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် ပိုမိုထွန်းကားလာရေးအတွက် အီးယူမှ ၂၀၁၄ ခုနှစ်တွင် စာတွေ့၊ လက်တွေ့သင်တန်းများ ပို့ချခဲ့ကြောင်း၊ အဆိုပါသင်တန်းများ၌ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုတွင် အခြေခံသင်တန်း ၁၉ ခု၊ ဆရာဖြစ်သင်တန်းသုံးခုနှင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

"ဒီနေ့ ရဲတပ်ဖွဲ့ကဖွင့်တဲ့ သတင်းထုတ်ပြန်ရေးရုံးခန်းက ဝါဒဖြန့်တဲ့ ရုံးခန်းမဟုတ်ဘူးလို့ ပြောချင်တယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့က ရဲတပ်ဖွဲ့ရဲ့အလုပ်သဘောဆောင်ပြီး ပြည်သူလူထုကို သတင်းဆိုင်ရာဝန်ဆောင်မှုပေးတဲ့အဖွဲ့ဖြစ်တယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့ခြင်းအားဖြင့် ရဲတပ်ဖွဲ့လုပ်ငန်းကို မှန်မှန်ကန်ကန်နဲ့ အချိန်မီ လူထုကိုသတင်းဖြန့်ချိပေးနိုင်မှာဖြစ်တယ်။ ဒါက ရဲတပ်ဖွဲ့ရဲ့ အစစ်အမှန် လုပ်ငန်းဖြစ်တယ်။ ပြည်သူလူထုကို အလုပ်အကျွေးပြုတဲ့ အစစ်အမှန်လုပ်ငန်းဖြစ်တယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ အီးယူသံရုံးမှ ပထမအတွင်းဝန် Mr. Andreas Magnusson က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးပြည့်စုံက "ရဲတပ်ဖွဲ့က အရင်က မီဒီယာလုပ်ငန်းနဲ့ပတ်သက်ပြီး လုပ်ငန်းကျွမ်းဝင်မှုမရှိဘူး။ သတင်းမီဒီယာတွေအနေနဲ့လည်း ဆက်ဆံရေး ကွာဝေးနေတယ်။ ဖြစ်ပေါ်နေတဲ့သတင်းတွေကို ပြည်သူလူထုက သိရှိလိုကြတယ်။ ပြည်သူလူထုသိရှိလိုတဲ့သတင်းက မှန်ကန်ရင် ပြဿနာမဟုတ်ဘူး။ မမှန်တဲ့သတင်းတွေထုတ်လွှင့်တာများနေရင် ပြည်သူလူထုက အမှန်တွေလို့ယူဆပြီး ရဲတပ်ဖွဲ့ကို ယုံမှားသံသယတွေရှိလာနိုင်တယ်။ ဒါကြောင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့လိုက်တာပါ။ တစ်ဖက်ကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ ဆောင်ရွက်နေတာရှိတယ်။ ပြည်သူလူထုနဲ့ ရဲတပ်ဖွဲ့ကြားမှာ ပေါင်းကူးဆောင်ရွက်ပေးတဲ့လုပ်ငန်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်အပါအဝင် ရဲတပ်ဖွဲ့ရုံးများ၌ သတင်းထုတ်ပြန်ရေးအဖွဲ့ ရုံးခန်းများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ ရုံးခန်းသည် ပထမဆုံး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-မင်းသစ်)**

# ဒိန်းမတ်ရွေးကောက်ပွဲ အတိုက်အခံများအနိုင်ရရှိ



**ဒိန်းမတ် ဇွန် ၁၉**

ဒိန်းမတ် အထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံပါတီများက လက်ရှိ ညွန့်ပေါင်းအစိုးရအဖွဲ့ကို အနိုင်ရရှိသွားခဲ့သည်။

အဓိကမဲရုံများ မဲရေတွက်ပြီးချိန်တွင် ဝန်ကြီးချုပ်ဟောင်း လားစ်လော်ကီရက်မက်ဆင် ဦးဆောင်သော ဗဟိုလက်ယာယိမ်းအဖွဲ့က ဝန်ကြီးချုပ် သော်မင်းစမစ်၏ ဗဟိုလက်ဝဲယိမ်းအုပ်စုကို အနိုင်ရရှိသွားခဲ့သည်။ သော်မင်းစမစ်၏ပါတီသည် အကြီးဆုံးဖြစ်သော်လည်း ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခဲ့သည်။

သို့သော်လည်း သော်မင်းစမစ်သည် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်အဖြစ် ဆက်လက်ရှိနေမည်ဟု ဆိုသည်။

မိမိအနေဖြင့် နိုင်ငံအတွင်း ဒုက္ခသည်များ စီးဝင်လာရောက်မှုကို ထိန်းချုပ်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာ ရက်မက်ဆင်က ပြောကြားသည်။

မစ္စသော်မင်းစမစ်၏ ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် ဒိန်းမတ်နိုင်ငံ၏ အကြီးဆုံးပါတီဖြစ်ပြီး ရွေးကောက်ပွဲတွင် အနည်းဆုံး ၂၆ ဒသမ ၆ ရာခိုင်နှုန်းသာရခဲ့သည်ဟု ဆိုသည်။ မိမိတို့ ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် မဲအရေအတွက် အမြင့်ဆုံးရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူမိကြောင်း မစ္စသော်မင်းစမစ်က ပြောသည်။

သို့သော်လည်း အတိုက်အခံများဖြစ်သည့် ဒိန်းမတ်ပြည်သူ့ပါတီက ၂၁ ဒသမ ၁ ရာခိုင်နှုန်း၊ မစ္စတာ ရက်မက်ဆင်၏ ဒိန်းမတ်လစ်ဘရယ်ပါတီက ၁၉ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အသီးသီး အနိုင်ရရှိခဲ့သည့်အတွက် အတိုက်အခံပါတီများက အစိုးရကို ဦးဆောင်ခွင့်ရရှိသွားခဲ့သည်။

**(ရိုက်တာ)**

# ချက်အရက်ကြောင့် အနည်းဆုံးလူ ၂၇ ဦးသေဆုံး

**မွမ်ဘိုင်း ဇွန် ၁၉**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မွမ်ဘိုင်း(ဘုံဘေ)မြို့၌ အဆိပ်ဖြစ်စေသော အရက်သောက်သုံးမိ၍ အနည်းဆုံး လူ ၂၇ ဦး သေဆုံးသွားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ကပြောသည်။

အဆိုပါမြို့ မာလက်ဒေသရှိ နေထိုင်သူများသည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက အရက်သောက်ပြီး နာမကျန်းဖြစ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ လူပေါင်း ၃၀ ကျော် အရက်သောက်ပြီး ဆေးရုံတင်ပို့လိုက်ရကြောင်း၊ သေဆုံးမှုအရေအတွက် မြင့်တက်လာနိုင်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ အိန္ဒိယနိုင်ငံသည် ဈေးပေါသော ချက်အရက်များ သောက်သုံးမှုကြောင့် မကြာခဏသေဆုံးမှုများ ဖြစ်ပွားလေ့ရှိသည်။ အဆိုပါ ချက်အရက်သောက်သုံးမှုကြောင့် နောက်ဆုံးဖြစ်စဉ်နှင့်ပတ်သက်၍ သံသယရှိသူတစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

သေဆုံးသူတစ်ဦး၏ ဇနီးဖြစ်သူ တာရာခန်းက သူ၏ခင်ပွန်းသည် ချက်အရက်သောက်သုံးပြီးနောက် ဝမ်းဗိုက်နာကာ ပျို့အန်လာသည့်အတွက် ကြာသပတေးနေ့နံနက်ပိုင်းက ဆေးရုံတင်ပို့လိုက်ရသည်ဟု ဆိုသည်။

၎င်းသည်ဆေးရုံရောက်ပြီး သုံးနာရီအတွင်း သေဆုံးသွားခဲ့သည်။ ဇန်နဝါရီလကလည်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ချက်အရက်သောက်သုံးပြီး အနည်းဆုံး လူ ၂၉ ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# မှောင်ခိုရေယာဉ်ပေါ်တွင်လိုက်ပါလာသူ အမျိုးသမီးတစ်ဦးသေဆုံး

**ဆန်ဒီရာဂို ဇွန် ၁၉**

ကယ်လီဖိုးနီးယားတောင်ဘက် ကမ်းလွန်ပင်လယ်ပြင်တွင် လူမှောင်ခိုရေယာဉ်ဟု မသင်္ကာဖွယ်ရေယာဉ်တစ်စင်းနှင့် အမေရိကန်အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးသင်္ဘောတစ်စင်းတို့ တိုက်မှုဖြစ်ပွားပြီးနောက် လူမှောင်ခိုရေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသော အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း အကောက်ခွန်အရာရှိများက ပြောကြားခဲ့သည်။

ရေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသူ အခြားခရီးသွား ၁၈ ဦးမှာ တရားမဝင် ရွှေ့ပြောင်းမှုဆိုင်ရာ စာရွက်စာတမ်းများကို ကိုင်ဆောင်၍ နိုင်ငံတွင်းသို့ ဝင်ရောက်ရန်ကြိုးစားသူများဟု အရာရှိများက သံသယရှိခဲ့သည်။ အစောပိုင်းတိုက်မိမှုဖြစ်ပွားပြီးနောက် ၎င်းတို့ကို ထိန်းသိမ်းခဲ့သည်ဟု အကောက်ခွန်ဌာနက ပြောခဲ့သည်။

လေကြောင်းနှင့် ရေကြောင်း အကောက်ခွန်ရုံးက ဆန်ဒီရာဂို မြောက်ဘက် ၂၂ မိုင်ခန့်ဝေး သော အန်စီနီကက်စ်ကမ်းလွန်ပင်လယ်ပြင်၌ ရေယာဉ်ကို ပထမဆုံးရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အကောက်ခွန်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

အကောက်ခွန် သင်္ဘောသည် အဆိုပါရေယာဉ်ကို အချက်ပြပြီး အည့်ခံရန်ပြောခဲ့သော်လည်း အမိန့်ကိုလိုက်နာခြင်းမရှိကြောင်း ပြောခဲ့သည်။ ထို့နောက် စုံစမ်းစစ်ဆေးရေး အထူးစုံထောက်က သေနတ်ပစ်ဖောက်၍ အချက်ပေးခဲ့ချိန်တွင် ရေယာဉ်နှစ်စင်းမှာ တိုက်မိမှုဖြစ်ပွားခဲ့ပြီး လှေပေါ်၌ လိုက်ပါစီးနင်းလာသူ လူ ၂၀ မှာ ပင်လယ်ထဲသို့ကျသွားကြောင်း အစီရင်ခံစာက ဖော်ပြခဲ့သည်။

စစ်ဆေးရေး အထူးစုံထောက်က ရေထဲမှ ခရီးသွားများကို ဆွဲတင်ခဲ့ရာ အမျိုးသမီးတစ်ဦးသည် သတိရနေသေးကြောင်း တွေ့ရှိခဲ့သည်။ အရေးပေါ်ကယ်ဆယ်မှုများ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းအမျိုးသမီးသေဆုံးခဲ့သည်။

နယ်ခြားစစ်ဆေးရေး အထူးစုံထောက်များသည် အကောက်ခွန် ရေယာဉ်နှင့်တွေ့ဆုံခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ ၁၉ ဦးကို ထိန်းသိမ်းခဲ့သည်။



နယ်စပ်ဒေသ တည်ငြိမ်ရေးအဖွဲ့များက ကုန်းတွင်းလမ်းများသည် အသုံးပြုရန် ပိုမိုခက်ခဲလာသည့်အတွက် ၂၀၁၂ ခုနှစ်ကတည်းက ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်သူများသည် ရေလမ်းကို ပိုမိုသုံးစွဲမှု များပြားလာခဲ့ကြောင်း ဖော်ပြခဲ့ သည်။

**(ရိုက်တာ)**

# အီရန်နျူအရေး ခက်ခဲမှုများရှိသော်လည်း နောက်ဆုံးသဘောတူညီချက်ရရှိနိုင်

**နယူးယောက် ဇွန် ၁၉**

အီရန်သည် နျူကလီးယားအရေး အသေးစိတ်ဝန်ခံကတိပြုမှုများကိုရှောင်ရှားရန် ကြိုးစားနေပြီး ပြင်သစ်သည် ၎င်း၏တင်းမာသောသဘောထားကို ဆုပ်ကိုင်ထားသည်။ အမေရိကန်သမ္မတ အိုဘားမားသည် အီရန်နျူကလီးယားအရေးကို အပြည့်အဝလိုက်လျောမည်မထင်သော လွှတ်တော်၌ နျူကလီးယားအရေး အတည်ပြုချက်ရယူရန် ခက်ခက်ခဲခဲ ကြိုးစားရမည်ဖြစ်သည်။

ဤသို့ တင်းမာခက်ခဲမှုများရှိသော်လည်း စေ့စပ်ဆွေးနွေးသူများသည် အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ရန် အပေးအယူအနေဖြင့် ဆယ်စုနှစ်တစ်စုကျော်ကြာမြင့်ခဲ့သော တင်းမာမှုများနှင့် ပြည့်နှက်နေသည့် အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်ပြီး သမိုင်းဝင် နားလည်မှုစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးနိုင်တော့မည်ဟု ယူဆနေကြောင်း အနောက်နှင့် အီရန်အရာရှိများက ပြောခဲ့သည်။

သမ္မတအိုဘားမား အပါအဝင် အမေရိကန်ထိပ်တန်းအရာရှိများကို နျူကလီးယားအရေး အီရန်နှင့် နားလည်မှုရရှိရန် အခွင့်အလမ်းအားဖြင့် ၅၀-၅၀ ရှိကြောင်း ပြောခဲ့သည်။

တရားဝင်ဆွေးနွေးမှုများ ဆက်လက်ကျန်ရှိနေသော်လည်း နှစ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်သော နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သည့် နောက်ဆုံးအဆင့်အတွက် လာမည့်အပတ်တွင် ဗီယင်နာတွင် ဆွေးနွေးဖက်ခေါင်းဆောင်များနှင့် အခြား နိုင်ငံခြားရေးဝန်ကြီးများ ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သောကြောင့် အီရန်နျူကလီးယားအရေး သဘောတူညီမှုပိုမိုရလာမည်ဖြစ်ကြောင်း အီရန်နျူကလီးယားဆွေးနွေးပွဲနှင့် နီးကပ်သော အသိုင်းအဝိုင်းက ရိုက်တာသို့ ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# တောင်အာရှ လူမှုမီဒီယာစစ်ပွဲတွင် အိုင်အက်စ်များက အယ်လ်ခိုင်ဒါပေါ် အသာစီးရရှိ



**အစ္စလမ္မာဘတ် ဇွန် ၁၉**

တောင်အာရှဒေသ အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွ ဝါဒဖြန့်ချိရေးဝက်ဘ်ဆိုက်များနှင့် လူမှုမီဒီယာအကောင့်များသည် အိုင်အက်စ်များကို အင်အားကြီးထွားအောင်လုပ်နေသဖြင့် အယ်လ်ခိုင်ဒါကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း ကျွမ်းကျင်သူများက သောကြာနေ့ကပြောကြားခဲ့သည်။ ၎င်းစစ်သွေးကြွအကြမ်းဖက် အုပ်စုနှစ်စုကြား ယှဉ်ပြိုင်မှုများကိုလည်း သုံးသပ်သူများက အသားပေးဖော်ပြခဲ့သည်။

ဆီးရီးယားနှင့် အီရတ်ရှိနေရာဒေသများကို အလျှင်အမြန်သိမ်းပိုက်နိုင်သောကြောင့် တာလီဘန်အုပ်စုခွဲများကလည်း အိုင်အက်စ်စစ်သွေးကြွများကို စတင်သတိထားမိလာကြသည်။ အရေးပါသော ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းထောက်ပံ့မှုများကို အိုင်အက်စ်များက တာလီဘန်အုပ်စုခွဲများကို ထောက်ပံ့သည့် သက်သေအထောက်အထားများမရှိသော်လည်း ၎င်းအုပ်စုခွဲများက အိုင်အက်စ်တို့ကို အသိအမှတ်ပြုလာခဲ့ကြသည်။

အိုင်အက်စ်စစ်သွေးကြွများ၏ ထင်ပေါ်ကျော်ကြားမှုများသည် အယ်လ်ခိုင်ဒါအုပ်စုများအတွက် စိုးရိမ်ဖွယ်အခြေအနေဖြစ်လာသည်။ သို့သော်လည်း အယ်လ်ခိုင်ဒါများသည် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ဝက်ဘ်ဆိုက်အများစုသည် ၎င်းတို့၏အမြင်နှင့် ရပ်တည်ချက်များကို အိုင်အက်စ်စစ်သွေးကြွများ၏ အခြေခံမှုများအဖြစ် ပြောင်းလဲဖော်ပြခဲ့ကြသည်။

ယခုတစ်ပတ်တွင် အာဖဂန်တာလီဘန်အုပ်စုသည် အိုင်အက်စ်ခေါင်းဆောင်များကို အာဖဂန်နစ္စတန်တွင် တပ်သားသစ်စုဆောင်းမှုကို ရပ်တန့်ရန် ဖိအားပေးသည့် စာတစ်စောင်ပေးပို့ခဲ့သည်။

ပါကစ္စတန်အစိုးရသည် ဂျီဟက်ဝက်ဘ်ဆိုက်များကို ပိတ်ပင်တားဆီးရန် အထပ်ထပ် ကတိပေးခဲ့သော်လည်း ဂျီဟက်ဝက်ဘ်ဆိုက်အများအပြား အွန်လိုင်းပေါ်တွင် ရှိနေသေးကြောင်းသိရသည်။ **(ရိုက်တာ)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်**

၁။ စတုတ္ထအကြိမ်အခြေခံမဲဆန္ဒရှင်စာရင်းများကို အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ခရိုင်များတွင် ၂၀၁၅ ခုနှစ်၊ ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်ထိ ၁၄ ရက်တိုင်တိုင် ကပ်ထားကြေညာပါမည် -

(က) ကချင်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ခ) ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ဂ) ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားလုံး
(ဃ) ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ခရိုင်အားလုံး
(င) ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ခရိုင်အားလုံး
(စ) မန္တလေးတိုင်းဒေသကြီး
 (၁) မိတ္ထီလာခရိုင်
 (၂) ညောင်ဦးခရိုင်
 (၃) ရမည်းသင်းခရိုင်
(ဆ) ပဲခူးတိုင်းဒေသကြီး
 (၁) တောင်ငူခရိုင်
 (၂) သာယာဝတီခရိုင်
 (၃) ပြည်ခရိုင်
(ဇ) စစ်ကိုင်းတိုင်းဒေသကြီး
 (၁) ကသာခရိုင်
 (၂) ကလေးခရိုင်
 (၃) မော်လိုက်ခရိုင်
 (၄) ခန္တီးခရိုင်
 (၅) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(ဈ) တနင်္သာရီတိုင်းဒေသကြီး
 (၁) ကော့သောင်းခရိုင်
(ည) ရန်ကုန်တိုင်းဒေသကြီးမှ မဲစာရင်းကြေညာရန် ကျန်ရှိနေသော မြို့နယ် (၂၁) မြို့နယ်

၂။ မဲစာရင်းတွင် မိမိတို့၏အမည် ပါ/ မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။ မိမိ၏ အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ။ အချက်အလက်များမှားနေလျှင် ပုံစံ (၄-က)ဖြင့် လျှောက်ထားပါ။
၃။ မဲစာရင်းတွင်မပါဝင်သင့်သူများ (ဥပမာ-ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ) ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။
၄။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့ အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်း လဝကပုံစံ (၆၆/၆)ရှိသော မြို့နယ်မှ မဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။
၅။ နိုင်ငံရေးပါတီများအနေဖြင့်လည်း ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရေးနှင့် မိမိ၏မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါပြီး မဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၁၉ / ၂၀၁၅ )**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်)**
**မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ရေး**

၁။ မဲစာရင်းဆိုသည်မှာ ရွေးကောက်ပွဲအလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းဖြစ်သည်။ မဲစာရင်းတွင် အမည်ပါမှသာ မဲပေးခွင့်ရမည်ဖြစ်ပြီး မဲစာရင်းတွင် ပါဝင်သူသာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါသည်။
၂။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ၏ အတွေ့အကြုံများအရ မဲစာရင်းချို့ယွင်းအားနည်း အငြင်းပွားမှုများရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေး ရည်ရွယ်ချက်ဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ခဲ့သည်။ ယင်းအခြေခံမဲဆန္ဒရှင်စာရင်းများကို ၂၀၁၅ ခုနှစ် ဧပြီလမှ ဇွန်လအထိ အဆင့် ၄ ဆင့်ဖြင့် ကပ်ထားကြေညာလျက်ရှိပါသည်။
၃။ အခြေခံမဲဆန္ဒရှင်စာရင်းအား ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှိ လူဦးရေ အခြေပြစာရင်းနှင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးရှိ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆)တို့မှ အသက် ၁၈ နှစ်ပြည့်သူများအား ကူးယူပြုစုထားပါသည်။ ပြုစုပြီး အခြေခံမဲဆန္ဒရှင် စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၄ ရက် ကပ်ထားကြော်ငြာပါသည်။ မဲဆန္ဒရှင်များမှ ထုတ်ပြန်ကြေညာသည့် အခြေခံမဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှု၍ ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ ပုံစံ(၄)ဖြင့် မဲစာရင်းတွင်ပါရှိသော မဲဆန္ဒရှင်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ခြင်း၊ ပုံစံ (၄-က)ဖြင့် မဲစာရင်းတွင်ပါရှိသော အချက်အလက်များနှင့် စပ်လျဉ်းသော ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုသာ ပြုပြင်ပြီး အမှန်မဲစာရင်းရရှိမည် ဖြစ်ပါသည်။
၄။ ရရှိလာသော အမှန်မဲစာရင်းအား ကွန်ပျူတာစနစ်ဖြင့် ပြုစုထားပြီး Main Server တွင် ထိန်းသိမ်းထားပါက ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် မှန်ကန်သော မဲစာရင်းရှိနေပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်နေပါက မှန်ကန်သောမဲစာရင်းများ ဖြစ်နေပါမည်။ ၎င်းမဲစာရင်းအား Internet နှင့် Mobile Phone များမှ ကြည့်ရှုနိုင်ရေးလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။
၅။ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာပြီးနောက် မဲစာရင်းကပ်မည့်ရက်အား တစ်နိုင်ငံလုံးသို့ အသိပေးကြော်ငြာပြီး မဲစာရင်းများ ကပ်ထားကြေညာပါမည်။ မှန်ကန်သော မဲစာရင်းဖြစ်နေသဖြင့် ပြင်ဆင်ဖြည့်စွက်ရသော လုပ်ငန်းပမာဏနည်းသွားပြီး အငြင်းပွားမှုများလည်း နည်းသွားပါမည်။ မဲဆန္ဒနယ်အသီးသီးတွင် အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များအား ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ရာတွင်လည်း အချိန်လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပါသည်။
၆။ သို့ဖြစ်ပါ၍ အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် မဲဆန္ဒရှင်များမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန်နှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများအား ကြိုဆိုပါကြောင်း ကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲကျင်းပ






**နေပြည်တော် ဇွန် ၁၉**

ဇူလိုင်လ(၃)ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော် သပြေကုန်း အဝိုင်းအနီးတွင်လည်းကောင်း၊ နံနက် ၇ နာရီတွင် ဒက္ခိဏသီရိမြို့နယ်ရှိ ကံ့ကော်ပန်းအဝိုင်း အနီးတွင်လည်းကောင်း မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်၊ ဒေါ်မြသီဂီနှင့် ဒေါ်ခင်မိမိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မာထွန်းက ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးအသင်းတို့မှ အဖွဲ့ဝင်များ တာဝန်ရှိသူများ တက်ရောက်ကြခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၉၈ သိန်းကျော်တန်ဖိုးရှိ လက်ကိုင်အိတ်ကောက်ရသူ ပြန်လည်ပေးအပ်

**ယင်းမာပင် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းအောင်နှင့် ရင်ပေါင်တိုင်နယ်မြေ ရဲကင်းမှူး ရဲတပ်ကြပ်စန်းဝင်းတို့၏ ရှေ့မှောက်တွင်အမျိုးသမီး လက်ကိုင်အိတ်တစ်လုံး ကောက်ရသူက ရွှေထည်နှင့် ငွေများမှတ်ပုံတင်နှင့် မှတ်စုစာအုပ်၊ ကုန်ဝယ်ဘောက်ချာ စုစုပေါင်း ကာလတန်ဖိုး ၉၈၄၀၀၀၀ ခန့်ကို ပိုင်ရှင်အစစ်အမှန်အား ရှာဖွေကာ ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက အုပ်ချုပ်ရေးမှူးနေအိမ်၌ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဗန်းမောက်မြို့နယ် စုန်းတော်ကျေးရွာအုပ်စု တုံးပင်ကျေးရွာနေ မခင်ဝင်းသည် မုံရွာမြို့မှ မိမိဒေသသို့အပြန် ဘုတလင်မြို့နယ် လက်ပံကျေးရွာအနီး လမ်းဘေး၌ ကားခေတ္တရပ်နားစဉ် လက်ကိုင်အိတ် မေ့ကျန်ပျောက်ဆုံးခဲ့ရာ ပုလဲမြို့နယ် ပဲခင်းမကျေးရွာနေ မောင်သန်းပိုသည် ကိုယ်ပိုင်ကားဖြင့် ခရီးသည်များ တင်ဆောင်ကာ ပုလဲမြို့မှ ဖားကန့်သို့အသွား ပိုင်ရှင် မခင်ဝင်း ကျပျောက်ခဲ့သောနေရာတွင် အမျိုးသမီးလက်ကိုင်အိတ်တစ်လုံးကို တွေ့ရှိကောက်ယူခဲ့ပြီး ပိုင်ရှင်အား ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့သည်။

အိတ်အတွင်းမှ ရွှေချိန် ၁၀ကျပ်သား ရွှေဆွဲကြိုးသံကြိုးကုံးတစ်ကုံး၊ ငါးမတ်သား ရွှေဆွဲပြားတစ်ခု၊ နှစ်ကျပ်သားအမ်စီ ရွှေဆွဲပြားတစ်ကုံး၊ ကျောက်စိမ်းဆွဲသီးတစ်ခု၊ လေးပဲသားခန့် ရွှေနားကပ်တစ်ရန်နှင့် ငွေသားနှစ်သိန်းခွဲကျော်ခန့် စုစုပေါင်းကာလ တန်ဖိုးငွေကျပ် ၉၈၄၀၀၀၀ ကို ပိုင်ရှင်မခင်ဝင်း လက်ဝယ်အရောက် ပြန်လည်အပ်နှံပေးရာပစ္စည်းများကို ပြန်လည်အပ်နှံပေးသော မောင်သန်းပိုအား တာဝန်ရှိသူများ ရှေ့မှောက်တွင် အိတ်အတွင်းပါရှိသော ငွေသားကျပ် နှစ်သိန်းခွဲကျော်နှင့် နှစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံးအပြင် ကျောက်စိမ်းဆွဲသီးကိုပါ ပြန်လည်ပေးအပ်ခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**



# လျှပ်စစ်ဓာတ်အား အချိန်ပိုင်းပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးကြေညာ

(၂၀-၆-၂၀၁၅)ရက်နေ့တွင် ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(အရှေ့)၊ ရန်ကင်း၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ ဆိပ်ကမ်း၊ အလုံ၊ မရမ်းကုန်း၊ လှိုင်၊ ဒဂုံ၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်း၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ တံတားဦး၊ ဒလ၊ ဆိပ်ကြီး ခနောင်တို၊ ကော့မှူး၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ထန်းတပင်၊ ဖောင်ကြီး၊ အင်းတိုင်၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှု ဇုန်အချို့တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၁-၆-၂၀၁၅) ရွှေပေါက်ကံ၊ သာကေတ၊ ဒေါပုံ၊ ကမာရွတ်၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ လသာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အသိပေးကြေညာထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တစေ့တစောင်းကြည့်မိသော မီးရထားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ



ရှေးမူမပျက် ပြင်ဆင်သွားမည့် ရန်ကုန်ဘူတာကြီးကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်

၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်-ပြည်ရထားလမ်းကို စတင်ဖွင့်လှစ်ပြီး ပြေးဆွဲခဲ့သဖြင့် မီးရထား၏သက်တမ်းသည် ယနေ့ဆိုလျှင် နှစ်ပေါင်း ၁၃၈ နှစ်ကျော်ခဲ့ပြီဖြစ်ပါသည်။ နှစ်ကာလမည်မျှပင်ကြာမြင့်ခဲ့သော်လည်း သမိုင်းတစ်လျှောက်တွင် အစဉ်လာကြီးမားခဲ့သော မြန်မာ့မီးရထားသည် လက်ရှိအခြေအနေတွင် အခက်အခဲများမည်မျှပင်ရှိစေကာမူ ပို့ဆောင်ရေးကဏ္ဍကို ကျေပွန်စွာထမ်းဆောင်ရင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိဆဲပင်ဖြစ်ပါသည်။

မီးရထားအစဉ်အလာကြီးမားခဲ့သည်ဆိုသည်မှာ စည်းကမ်းစနစ်ကျနသော အင်္ဂလိပ်ခေတ်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် ကောင်းမွန်သောလေ့ကျင့်ပျိုးထောင်မှုများနှင့် ယှဉ်၍ကြီးပြင်းလာခဲ့ပြီး Smart ကျသောဝတ်စားဆင်ယင်မှု၊ အထက်အောက်ရှိသေလေးစားမှုများသည် ယနေ့ထက်တိုင် တွေ့မြင်ရဆဲဖြစ်သည်။ မီးရထားဂါတ်ဗိုလ်၊ စက်ဗိုလ်၊ ရုံပိုင်၊ လမ်းခွဲကိုင်၊ သံလမ်းလုပ်သားများ၏ ဝတ်စားဆင်ယင်မှုသည် ခေတ်အဆက်ဆက်အားကျဖွယ်ဖြစ်ပြီး အဖွဲ့အစည်းတစ်ရပ်၏ အရေးပါသောအမှတ်အသားများဖြစ်သဖြင့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါသည်။

ယခုအချိန်တွင် စက်ဗိုလ်၊ ဂါတ်ဗိုလ်ဟူသော အခေါ်အဝေါ်အသုံးအနှုန်းများ ပြောင်းလဲသွားပြီဖြစ်သော်လည်း နှစ်ကာလအတော်ကြာ အသုံးပြုခဲ့သဖြင့် မြင်သာစေရန် သုံးနှုန်းခဲ့ခြင်းဖြစ်ပါသည်။

မီးရထားအဖွဲ့အစည်းသည် လူပုဂ္ဂိုလ်သာမက အခြေခံအဆောက်အအုံဖြစ်သော ဘူတာရုံများ၊ မီးရထားရုံးများ၊ ပြေးဆွဲနေသောရထားများသည်လည်း ဂုဏ်ယူဖွယ်ကောင်းလောက်အောင် ခံ့ညားကျက်သရေရှိခဲ့ပေသည်။

ယခုအခါ နှစ်ပေါင်းကြာမြင့်လာသည်နှင့်အမျှ ထိုထိုသော လူနှင့်ရုပ်ဝတ္ထုပစ္စည်းအားလုံးတို့သည် သင်္ခါရသဘောတရားအရ အကျပိုင်းသို့ရောက်ရှိလာခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ လက်ရှိအစိုးရလက်ထက်တွင် ပိုမိုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးနှင့် အများပြည်သူများအား ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ရန် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ပါသည်။

မြန်မာ့မီးရထားအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ရန်ကုန်ဘူတာကြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဆက်သွယ်ရေးကောင်းမွန်ရန်အတွက် ရထားလမ်းတစ်လျှောက်ရှိ Optical Fiber Cable ဆက်ကြောင်းများ သွယ်တန်းခြင်းလုပ်ငန်း၊ ကုန်းတွင်းဆိပ်(Dry Port) များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သေတ္တာတင်ရထားပြေးဆွဲရေး (Containerization)၊ ပုဇွန်တောင်ဘူတာ၊ ကြည့်မြင်တိုင်ဘူတာ၊ ပုဂံဘူတာ အဆင့်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ နေပြည်တော်စက်ခေါင်းစက်ရုံ၊ မြစ်ငယ်တွဲပြင်စက်ရုံ အသစ်တည်ဆောက်ခြင်းများ၊ အင်းစိန်ခုံးကျော်တံတား၊ ခပေါင်းရထားလမ်းကူးတံတား၊ မြစ်ငယ်ရထား လမ်းကူးတံတားလုပ်ငန်းများအနက် အချို့လုပ်ငန်းများအား စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အချို့လုပ်ငန်းများမှာ ပြီးစီးလုပြီဖြစ်ပါသည်။

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေး၊ ပုသိမ်-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် အဆင့်ဆင့်ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့မှုများရှိသကဲ့သို့ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်းများ၊ ထားဝယ်-မြိတ် ရထားလမ်းစီမံကိန်းများမှာလည်း ဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်လက်ပြီး ရေရှည်ဆောင်ရွက်မည့်လုပ်ငန်းများအနေဖြင့် လျှပ်စစ် (Tram) ရထားပြေးဆွဲရေး၊ LRT(Ligh Rail Transit) ရထား၊ MRT (Mass Rapid Transit) ရထားများပြေးဆွဲနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ် (Tram) ရထားများကို ၂၀၁၅ ခုနှစ်အတွင်း အစပြုပြေးဆွဲနိုင်ရေးအတွက် Dual Gauge ရထားသံလမ်းခင်းခြင်းလုပ်ငန်းများ၊ လျှပ်စစ်တိုင်ပြုလုပ်ရမည့်နေရာများကိုမှတ်သားဆောင်ရွက်လျက်ရှိပြီး ကမ်းနားလမ်းတစ်လျှောက် စတင်ပြေးဆွဲသွားကာ ထပ်မံ၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို မထိခိုက်စေရန်နှင့် ထားရှိသင့်သောရှေးဟောင်းအမွေအနှစ်များ မပျက်စီးမပျောက်ပျက်ရေးကိုလည်း ဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြည့်မြင်တိုင်ဘူတာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရန်လိုအပ်မှုကို ရေးသားထားသည်ဖြစ်ရာ အကြံပြုဆောင်းပါးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ မြန်မာ့မီးရထားအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည်ဖြစ်ရာ အကြံပြုချက်များ၊ ထောက်ပြမှုများကို ဝမ်းပန်းတသာ ကြိုဆိုပါကြောင်းနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းများအတွက် မပျောက်မပျက်သင့်သည့်အမွေအနှစ်များ မပျက်စီးမပျောက်ပျက်အောင် အထူးဂရုပြု သတိထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အပါအဝင်တစ်ခုဖြစ်သည့် ရန်ကုန်ဘူတာကြီးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဘူတာကြီး၏မျက်နှာစာအား ရှေးမူမပျက်ဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပမှ အကြံပေးများ၊ ဒီဇိုင်းပညာရှင်များထံမှ အကြံဉာဏ်ရယူဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ကြည့်မြင်တိုင်ဘူတာ၊ ပုဇွန်တောင်ဘူတာ၊ ပုဂံဘူတာများကိုလည်း ရှေးမူမပျက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန်စိတ်ဝင်စားမှု (EOI) ခေါ်ယူမှုများ၊ တင်ဒါခေါ်ယူမှုများတွင် လုပ်ငန်းဆောင်ရွက်မည့်သူ (Developer) များလုပ်ဆောင်နိုင်ရန် ကနဦးကပင် စည်းကမ်းချက်များထည့်သွင်းကာ ဆောင်ရွက်ထားရှိခဲ့ပါသည်။

အလားတူ မြန်မာ့မီးရထား၏ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် နှစ်ပေါင်းရာကျော်ရှိနေပြီဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်းမဘေးရှိ မြန်မာ့မီးရထားရုံးဟောင်းအဆောက်အအုံကိုလည်း ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရာတွင် ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်စေရေး သက်ဆိုင်ရာကုမ္ပဏီသို့ ညှိနှိုင်းဆောင်ရွက်စေလျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုရသော် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ အုပ်ချုပ်မှုစနစ်သော်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် အဆောက်အအုံများသည်လည်းကောင်း၊ အချိန်အခါ၏တောင်းဆိုချက်အရ ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲသွားရမည်သာဖြစ်ပါသည်။



လူစီးရထားတွဲသစ်များ ထုတ်လုပ်မည့် မြစ်ငယ်ရထားတွဲစက်ရုံ ပုံစံငယ်။ ဓာတ်ပုံ-မောင်လွင်

မြန်မာ့မီးရထားသည်လည်း ပို့ဆောင်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်နွှယ်နေသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်အညီ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ပူးပေါင်းပါဝင်အကြံပြုခြင်းအားဖြင့် လုပ်ငန်းများ မှန်ကန်လျင်မြန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**စောလင်းလက်(ဓွဲကပင်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့် ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီကပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၉-၆-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုး ငါးဦး၊ ထုတ်ဝေသူသက်တမ်းတိုး ငါးဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်သူ ခုနစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ငါးဦး၊ အထွေထွေထုတ်ဝေခွင့် ရှစ်ဦးနှင့် ပေါင်းလုပ်ငန်း အသစ် ၁၈ ဦးတို့အားလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူတစ်ဦး၊ ပုံနှိပ်သူအမည်ပြောင်းတစ်ဦး၊ ပုံနှိပ်လုပ်ငန်းလိပ်စာပြောင်းတစ်ဦး၊ ထုတ်ဝေသူအမည်ပြောင်းလေးဦး၊ ထုတ်ဝေလုပ်ငန်း လိပ်စာပြောင်း တစ်ဦး၊ ဂျာနယ်လိုဂိုပြောင်း နှစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၉၆၁ ဦးနှင့် အသစ်လျှောက်ထားသူ ၁၈၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၆၃ ဦးနှင့် အသစ်လျှောက်ထားသူ ၄၃၃ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၁၃ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၅၅၃ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အခြေခံမဲဆန္ဒရှင်စာရင်း ပုံစံ(၁)ပေးအပ်

**မန်စီ ဇွန် ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အခြေခံမဲဆန္ဒရှင်စာရင်း ပုံစံ(၁)များပေးအပ်ပွဲအခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးသိန်းဇော်ဦးက ဆောင်ရွက်ရမည့်လုပ်ငန်းများ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးက ကျေးရွာအုပ်စု ၂၂ အုပ်စုသို့ မဲစာရင်းပုံစံ(၁)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေအား အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၇ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး၏ **တည်ဆဲပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေအား စိစစ်၊ ပြင်ဆင်၊ အဆိုပြုရေးကိစ္စကို အမြန်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ချက်တိုးတက်မှုအခြေအနေကို ပြန်ကြားပေးပါရန်နှင့် မည်သည့်အခက်အခဲ ရှိနေသည်ကို အသိပေးပြန်ကြားပေးပါရန် မေးခွန်းနှင့်စပ်လျဉ်း၍** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က ယခု မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါဥပဒေအား အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိနေပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ITLOS ၏ စီရင်ချက်နှင့်အညီ ဖြစ်



**ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဖြေကြားစဉ်။**
(သတင်းစဉ်)

စေရန်လည်းကောင်း၊ ကမ်းလွန်ရေတိမ်ပိုင်း ရေမိုင် ၂၀၀ ထက် ကျော်လွန်သတ်မှတ်ရေးအတွက် မြန်မာနိုင်ငံမှ နည်းပညာပိုင်းအရရော ဥပဒေကြောင်းအရပါ ပြီးပြည့်စုံအောင် ပြန်လည်ပြင်ဆင်ရမည် ဖြစ်သောကြောင့်လည်းကောင်း၊ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေသစ်မူကြမ်းရေးဆွဲရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့နှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြီး ဥပဒေ(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါကြောင်း။

ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်အရ ဥပဒေ(မူကြမ်း)တွင် ဖော်ပြထားသည့် ပြစ်ဒဏ်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ရန် အကြံပြုလာပါသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်သည့်အဖွဲ့ဝင်များဖြင့် ညှိနှိုင်းအစည်းအဝေးများ ခေါ်ယူဆွေးနွေးခဲ့ပါကြောင်း၊ အစည်းအဝေးရလဒ်အပေါ် မူတည်၍ အဆိုပါဥပဒေ၏ ပြစ်ဒဏ်ပိုင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲလျက်ရှိနေပါကြောင်း၊ အဆိုပါဥပဒေ(မူကြမ်း)



**ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးလှမြင့်ဦး မေးမြန်းစဉ်။**
(သတင်းစဉ်)

ပြစ်ဒဏ်ပိုင်းအား အပြီးသတ်ရေးသားပြီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **ဖွံ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက် အခန်း(၁)ပုဒ်မ ၂၁(က)၊ ပုဒ်မ ၃၆(ဃ)၊ ပုဒ်မ၃၇(ဂ)အရလည်းကောင်း၊ ပုဒ်မ ၃၅၆၊ ပုဒ်မ ၄၄၅ အရလည်းကောင်း သက်ဆိုင်ရာ အစိုးရထံမှ ထုတ်ပေးသော ပုံစံ(၃)အရ ပြည်သူပိုင်သိမ်းထားသည့် တိုက်ခန်းများကို ပိုင်ရှင်လက်ဝယ်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက"ပြည်သူပိုင်သိမ်းထားသည့် အခန်း/အဆောက်အအုံများအား မူလပိုင်ရှင်များသို့ ဥပဒေအရ လွှဲပြောင်းပေးရန်မရှိကြောင်း၊ သို့ရာတွင် နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံများနှင့် မြေယာကွက်များ စီမံခန့်ခွဲမှုကော်မတီက လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပေးရာတွင် မူလသက်ဆိုင်သူ သို့မဟုတ် ပိုင်ဆိုင်သူကိုယ်တိုင်အား ဦးစားပေးဝယ်ယူခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးစေလျက်ရှိသည်" ဟု မူဝါဒချမှတ် လမ်းညွှန်ထားသည့်အတွက် သိရှိလိုက်နာဆောင်ရွက်ရန် ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဌာနများသို့ ညွှန်ကြားထားချက်အရ သမဝါယမဝန်ကြီးဌာနအနေဖြင့် ပြည်သူပိုင်သိမ်း တိုက်ခန်းများ ပိုင်ရှင်လက်ဝယ်သို့ သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပေးသော ပုံစံ(၃)အရ ပြန်လည်ပေးအပ်ရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့အပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော "ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ခပေါင်းရေလှောင်တမံ ဆည်ရေပေးမြောင်းများဖောက်လုပ်ရာတွင်ပါဝင်သည့် လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ရန် အစီအစဉ်မရှိ

**နေပြည်တော် ဇွန် ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၆၄ ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ လယ်ယာကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍ ဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခု အသိပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **ချင်းပြည်နယ် ပလက်ဝမြို့အဝင် ကုလားတန်မြစ်ကူး သံကူကွန်ကရစ်တံတား သို့မဟုတ် သင့်တော်သော တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)ကို ဆောက်လုပ်ရန်အတွက် ပဏာမလေ့လာမှုများအရ တံတားအရှည်ပေ ၁၂၀၀ ခန့် တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ပလက်ဝမြို့တစ်ဖက်ကမ်း၌ ခေတ်မီဆိပ်ကမ်းတည်ဆောက်လျက်ရှိပြီး သင်္ဘောကြီးများ ဝင်/ထွက် သွားလာနိုင်ရန်အတွက် ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)ကို ကစ္ဆပနဒီတံတား၏ ရေလမ်းကင်းလွတ်အမြင့်အတိုင်း ပေ ၅၀ အမြင့်ထား၍ ရေလမ်းကင်းလွတ် အကျယ်ပေ ၂၀၀ ရရှိအောင် ပေ ၂၄၀ အကျယ် သံပေါင်နှစ်ခန်းဖြင့် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစိတ်ပုံစံထုတ်လုပ်ခြင်းနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပြီးပါက ဒုတိယ(၅)နှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူ တည်ဆောက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



**ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြေကြားစဉ်။**
(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမင်းဦး၏ **ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ခပေါင်းဆည်၏ ဆည်ရေပေးဝေရေး ပင်မမြောင်းများနှင့် လက်တံမြောင်းများဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေး ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍** လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ တည်ဆောက်ခြင်း လုပ်ငန်းသည် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ စတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၂ ခုနှစ် ဩဂုတ် ၃၀ ရက် မတိုင်မီအချိန်က ဆောင်ရွက်ခဲ့ပြီး ထိုစဉ်က တည်ရှိခဲ့သောဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ခပေါင်းရေလှောင်တမံ၏ ဆည်ရေပေးမြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သည့် လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က



**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမင်းဦး မေးမြန်းစဉ်။**
(သတင်းစဉ်)

ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်အတည်ပြုသည့် ဥပဒေကြမ်းပါ ပုဒ်မ လေးခု ပြင်ဆင်ခြင်းနှင့် ပုဒ်မတစ်ခု ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်သည်။

အလားတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်းပါ ပုဒ်မများ အနက် ပုဒ်မတစ်ခု အသစ်ဖြည့်စွက်ခြင်း၊ ပုဒ်မ ၃၉ ခု ပြင်ဆင်ခြင်းနှင့် ပုဒ်မ လေးခု ပယ်ဖျက်ခြင်းတို့ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့မှတာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၉**

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့မှ တာဝန်ရှိသူများနှင့် ယနေ့ နံနက် ၁၀ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ရေးရာဆောင်အမှတ်(အိုင်-၁၇)၌ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးက အမှာစကားပြောကြားရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်အဆိုများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် ကတိပြုခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြီးစီးမှုအခြေအနေကို ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် အစည်းအဝေးကျင်းပနေစဉ်တွင် ကတိဖြစ်ပေါ်ခဲ့မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ထားပြီးဖြစ်သဖြင့် ဆောင်ရွက်ပြီးစီးမှုများကို ဆက်လက်တင်ပြပေးရန် လိုအပ်ပါကြောင်း၊ ကတိဖြစ်ပေါ်ခဲ့သော လုပ်ငန်းများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် အမြန်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကတိဖြစ်ပေါ်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသော ကြယ်ပွင့်ပြမေးခွန်း ၁၆ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၃၁ ခုနှင့် အဆိုတစ်ခုတို့ကို ဆွေးနွေးခဲ့ကြောင်း။

အဆိုပါအစည်းအဝေးသို့ အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

တက်ရောက်ခဲ့ကြသည်။ ယင်းအခမ်းအနားတွင် မြန်မာဘက်မှ ဒုတိယခရိုင်လူဝင်မှုကြီးကြပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ကယ်ဆယ်ထားသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၃၇ ဦးကို လွှဲပြောင်းပေးခဲ့ရာ ဘင်္ဂလားဒေ့ရှ် ဘက်မှ အမှတ်(၁၇) နယ်ခြားစောင့်တပ်ရင်း ဒုတပ်ရင်းမှူး ဗိုလ်မှူး အင်မရာက လွှဲပြောင်းလက်ခံယူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်ခေါ်ဆောင်သွားခဲ့ပါသည်။

၃။ (၂၁-၅-၂၀၁၅)ရက်နေ့တွင် ကယ်ဆယ်ထားပြီး ယာယီစောင့်ရှောက်ထားသူ ၂၀၀ အနက် နိုင်ငံသားစိစစ်မှုဆောင်ရွက်ဆဲဖြစ်သည့် ကျန်ရှိသူ ၁၃ ဦးနှင့် (၂၉-၅-၂၀၁၅)ရက်နေ့တွင် ကယ်ဆယ်၍ယာယီစောင့်ရှောက်ထားသူ ၇၀၀ ကျော်တို့ကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ တာဝန်ရှိသူများက ဆက်လက်စိစစ်မှုများ ပြုလုပ်လျက်ရှိပါသည်။ စိစစ်အတည်ပြုမှုများ ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

✻ ရှေ့ဖုံးမှ

ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ကြမည့် နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား ကြိုဆိုနှုတ်ဆက်မည့်နေရာနှင့် ခေတ္တနားနေဆောင်တို့တွင် ပြင်ဆင်ထားရှိမှုများအား ဦးစွာ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထိပ်သီးအစည်းအဝေးများ ကျင်းပရေးအတွက် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေး ကျင်းပမည့် ပတ္တမြားခန်းမ၊ (အက်မက်စ်) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပမည့် မြခန်းမတို့၌ ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအစီအစဉ်နှင့် ဂုဏ်ပြုညစာစားပွဲ အစီအစဉ်များအတွက် ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို လည်းကောင်း၊ နိုင်ငံ့ခေါင်းဆောင်များအတွက် နားနေခန်းများ၊ သီးသန့်တွေ့ဆုံခန်းများ ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**



**စီအယ်လ်အမ်ဗွီ၊ အက်မက်စ် ထိပ်သီးအစည်းအဝေးများအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ ဝတ်စုံပြည့်လေ့ကျင့်နေမှုကို တွေ့ရစဉ်။** (သတင်းစဉ်)



**အက်မက်စ် ထိပ်သီးအစည်းအဝေးကျင်းပရန် ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးနှင့် သင်ကြားရေးနည်းစနစ်များတိုးတက်ရန် သင်တန်းဖွင့်လှစ်နိုင်ရေး လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် British Council တို့ ပူးပေါင်း၍ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ English for Education College Trainers သင်တန်းကို ၂၀၁၅ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ဖွင့်လှစ် သင်ကြားပေးနိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက British Council နှင့် ယခုရေးထိုးသည့် သဘောတူညီမှုစာချွန်လွှာအရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ အင်္ဂလိပ်စာသင်ကြားပေးနေသည့် ဆရာ ဆရာမများ သင်ကြားမှုစွမ်းရည်၊ အင်္ဂလိပ်စာ တတ်မြောက်မှု အဆင့်မြင့်မားလာစေရန်နှင့် သင်ကြားမှုနည်းစနစ်များ တိုးတက်လာစေပြီး နယ်စပ်ဒေသအသီးသီးမှ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများအား ကျွမ်းကျင်တတ်မြောက်သော သင်ကြားနည်းစနစ်များဖြင့် သင်ကြားပို့ချပေးနိုင်မည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသား တိုင်းရင်းသူများအနေဖြင့်လည်း သင်ကြားပေးလိုက်သည့် ပညာရပ်များကို အသုံးပြုပြီး မိမိဒေသ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ဆင့်ကမ်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

British Council မှ ဌာနေကိုယ်စားလှယ် Mr. Kevin Mackenzie မှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ရှိ ဆရာ ဆရာမများ၏ အင်္ဂလိပ်စာ အရည်အသွေးနှင့် သင်ကြားရေးနည်းစနစ်များ တိုးတက်စေရေးအတွက် ကူညီသင်ကြားပေးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားများအားလုံးအတွက် ဤတက္ကသိုလ်မှ ဆရာ ဆရာမများ၏ အရည်အသွေးတိုးတက်မြင့်မားရန် ကူညီဖော်ဆောင်ရင်း ရှေ့ဆက်မည့်လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်နှင့် British Council မှ ဌာနေကိုယ်စားလှယ် Mr. Kevin Mackenzie တို့သည် သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**




# ယင်းမာအထူးစီမံချက် တတိယပတ်ဆောင်ရွက်ပြီးစီးမှုအခြေအနေ

**နေပြည်တော် ဇွန် ၁၉**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် လူထုလုပ်ရှားမှုအသွင် မူးယစ်တိုက်ဖျက်ရေး အထူးစီမံချက်(ယင်းမာ) စီမံချက်ကို တစ်လတာအတွင်း အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန်သုံးဇုန်ခွဲ၍ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တာဝန်ခွဲဝေဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တတိယရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများ အန္တရာယ်တားဆီးရေးဗဟိုအဖွဲ့က ဆိုင်းဘုတ်ချိတ်ဆွဲခြင်း၊ စတစ်ကာကပ်ခြင်းကို ၅၆ မြို့နယ်၌ ဆောက်ရွက်ခဲ့ပြီး ဟောပြောပွဲများကို ၄၈ နေရာ၌ ကျင်းပနိုင်ခဲ့ကာ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ၁၆ မြို့နယ်၌ ဆောင်ရွက်နိုင်ခဲ့သည်။

အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့မှ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ မူလတန်းကျောင်းဆောင်သစ်နှစ်ဆောင်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ခဲ့သည်။ သီးနှံအစားထိုးစိုက်ပျိုးရေးအဖွဲ့က သုံးမြို့နယ်၌ စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ ဓာတ်မြေဩဇာများ ဖြန့်ဝေပေးခဲ့ပြီး နှစ်ရှည်ပျိုးပင်ကို သုံးမြို့နယ်၌ ဖြန့်ဝေပေးခဲ့သည်။ တန့်ယန်းမြို့နယ်၌ သီးနှံအလိုက် သိပ္ပံနည်းကျစိုက်နည်းစနစ်သင်တန်း (GAP) ဖွင့်လှစ်နိုင်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

မွေးမြူရေးလုပ်ငန်းအဖွဲ့ ပညာပေးဆွေးနွေးခြင်းနှင့် ဟောပြောပွဲများကို ၁၂ မြို့နယ်၌ မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးသင်တန်းဖွင့်လှစ်နိုင်ခဲ့ပြီး ခြောက်မြို့နယ်၌ အခမဲ့ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဆေးကုသပေးခြင်း ဆောင်ရွက်နိုင်ခဲ့သည်။

ဆေးကုသရေးလုပ်ငန်းအဖွဲ့ One Stop Service ဆေးကုသရေးလုပ်ငန်းမှ လူနာသစ် ၄၂ ဦး၊ မက်သာဒုံးဆေးရည်တိုက်ကျွေးမှု ၈၄၀၀ ကို တိုက်ကျွေးဆောင်ရွက်ခဲ့သည်။ ဘီပိုး/စီပိုး ၁၂၇ ဦး စစ်ဆေးခဲ့ပြီး ဘီပိုးကာကွယ်ဆေး ၁၀၁ ဦးကို ထိုးနှံပေးနိုင်ခဲ့သည်။ HIV ပိုး ရှိ/မရှိ ၁၀၄ ဦးကို စစ်ဆေးခဲ့ပြီး လေးဦးကို ART ဆေးသောက်ရန် ညွှန်းပို့ပေးခြင်းနှင့် သုံးမြို့နယ်၌ မက်သာဒုံးဆေးတိုက်ကျွေးမှုနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပွဲပြုလုပ်နိုင်ခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့က မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ရှစ်နေရာနှင့် စာသင်ကျောင်းနှစ်ကျောင်းတို့၌ ကျင်းပနိုင်ခဲ့သည်။ ကျောင်းသား ကျောင်းသူ လူငယ်အသိပညာပေးရေးအဖွဲ့မှ လားရှိုးကွန်ပျူတာတက္ကသိုလ်၌ ဟောပြောပွဲကျင်းပခြင်းနှင့် ၃၉ မြို့နယ်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၌ အသိပညာပေးဟောပြောပွဲကျင်းပနိုင်ခဲ့သည်။

ပြည်သူများကို အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့က နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှု ၁၃ မြို့နယ်၊ လက်ကမ်းစာစောင်ဖြန့်ဝေမှု ခုနစ်မြို့နယ်၊ နံရံကပ်စာစောင် ၁၃ မြို့နယ်၊ ဟောပြောပွဲကျင်းပခြင်း ၁၈ မြို့နယ်တို့၌ ကျင်းပနိုင်ခဲ့သည်။ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့က လေးမြို့နယ်၌ စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲ လေးမြို့နယ်၌ ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)လုပ်ငန်းအဖွဲ့က မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့်ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ ပြုလုပ်ခြင်း၊ တနင်္သာရီမြို့နယ်အတွင်း ၁ ဒသမ ၈၅ ဧကရှိ ဘိန်းစာပင် ၁၆၄၄ ပင်၊ ကာလတန်ဖိုး ငွေကျပ် ၁၆၉ ဒသမ ၉၄ သိန်းကို ဖျက်ဆီးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၉**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းသားသမီးများအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူများနှင့် ရိုးရိုးအောင်မြင်ခဲ့သူများကို ပညာရည်ချွန်ဆု ချီးမြှင့်ပေးအပ်ပွဲအခမ်းအနား ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်းက မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များတွင် ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၃ ဦးအား ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ခဲ့ပြီး ခုံရုံးအဖွဲ့ဝင် ဦးမြသိန်းက ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများနှင့် ရိုးရိုးအောင်မြင်ခဲ့သူ ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူသုံးဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တတိလောက ပျံလွန်တော်မူ

**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တတိလောက (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဇဓအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော်(၉၀)၊ သိက္ခာတော်(၇၀)ရှိ ဆရာတော်ကြီးသည် ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်) သောကြာနေ့ နံနက် ၀၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့** နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။ **(မိုး/ဇလ)**

# မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေး လွှတ်တော်တွင်ဆုံးဖြတ်



ရန်ကုန် ဇွန် ၁၉

**ယနေ့ကျင်းပသည့် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တင်သွင်းသည့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးအဆိုကို တိုင်းဒေသကြီးလွှတ်တော်က ဆွေးနွေးပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၁၃ မဲ၊ ကန့်ကွက်မဲ နှစ်မဲ၊ ပယ်မဲ တစ်မဲဖြင့် အတည်ပြုခဲ့သည်။**

" ဒီစီမံကိန်းက ရန်ကုန်မြို့နဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်ဒေသတွေရဲ့ လူဦးရေသိပ်သည်းမှုကို လျော့ကျသွားစေမှာပါ၊ မျှော်မှန်းပြီး တိုးပွားလာတဲ့ လူဦးရေကိုစီမံချက်တွေချမှတ်ပြီး အကောင်အထည်ဖော်တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီစီမံကိန်းက ချက်ချင်းလည်း မလုပ်သေးပါဘူး။ အချိန်၊ ငွေကြေးတွေ အများကြီး အကုန်အကျခံလုပ်ရမယ့် စီမံကိန်းဖြစ်ပါတယ်။ အနာဂတ်အတွက် မျှော်မှန်းထားပြီး လွှတ်တော်မှာ အတည်ပြုဆုံးဖြတ်တာပါ"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မာက ပြောသည်။

မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း (၂၀၄၀)သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်းရေးဆွဲခဲ့ပြီး ၂၀၄၀ ပြည့်နှစ်တွင် မျှော်မှန်းထားသည့် လူဦးရေ ၁၀ သန်းကျော်အတွက် ပြီးပြည့်စုံသည့် ကာလရှည်ဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပြီး လက်ရှိရန်ကုန်မြို့ အပါအဝင် ရန်ကုန်မြို့၏ ဖွံ့ဖြိုးမှုအပေါ် တိုက်ရိုက်ဆက်စပ်နေသည့် ပတ်ဝန်းကျင်မြို့နယ်များ၏ အစိတ်အပိုင်းဧရိယာ ၁၅၀၀ စတုရန်းကီလိုမီတာခန့် (၅၈၀ စတုရန်းမိုင်ခန့်)ရှိ မဟာရန်ကုန်(Greater Yangon)၏ မဟာဗျူဟာစီမံကိန်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့ လှည်းတန်းမြို့နယ်၌ အထပ်မြင့်ကားပါကင်တစ်ခု တည်ဆောက်ရန်စီစဉ်လျက်ရှိ

**ရန်ကုန် ဇွန် ၁၉**

ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်ရေးအတွက် အထပ်မြင့်ကားပါကင်တစ်ခုကို ရန်ကုန်မြို့ လှည်းတန်းမြို့နယ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုက မကြာမီတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အစိုးရက မော်တော်ယာဉ်များ လွတ်လပ်စွာ တင်သွင်းခွင့်ပြုပြီးနောက် ရန်ကုန်မြို့အပါအဝင် မြို့ကြီးများ၌ ကားစီးရေပမာဏတစ်နေ့တခြားများပြားလာသည်ကို တွေ့ရသည်။ ထို့အတူ မြို့လယ်ကောင်လမ်းများ၌ ယာဉ်ကြောပိတ်ဆို့မှုနှင့်အတူ ကားရပ်တန့်ရန်နေရာများပင် ရှားပါးလာသည်။

"သိန်းတစ်ရာဝန်းကျင်လောက်နဲ့ ကိုယ်ကြိုက်တဲ့ မော်ဒယ်လ်လည်းရလို့ အလုပ်အသွားအပြန်စီးဖို့ ဝယ်လိုက်တယ်။ ပြဿနာက ကားပါကင်ကိစ္စပဲ။ တစ်လမ်းကျော်မှာရှိတဲ့ စီစီတီဗွီနဲ့စောင့်တဲ့နေရာမှာ သွားအပ်ပေမယ့် အလုပ်ချိန်နောက်ကျရင် နေရာကမရတော့ဘူးဖြစ်ဖြစ်သွားလို့ ကိုယ့်အိမ်ရှေ့နားမှာပဲ ထိုးထားရတယ်။ ကားပစ္စည်းတစ်ခုခုအခိုးခံရမလားဆိုပြီးစိုးရိမ်နေရတယ်။ နိုင်ငံတကာမှာ တွင်ကျယ်နေတဲ့ အဆင့်မြင့်ကားပါကင်စနစ်တွေ တွင်ကျယ်လာရင်တော့ ဒီကိစ္စတွေအတွက် စိတ်မပူရတော့ပါဘူး"ဟု ပုဇွန်တောင်မြို့နယ်၌ နေထိုင်သူ ကိုပြည့်မောင်က ပြောသည်။

နည်းပညာအခြေပြု ကားပါကင်တည်ဆောက်မှုများသည် ရန်ကုန်မြို့၌ တွင်ကျယ်စွာ အသုံးမပြုကြသေးသော်လည်း ကားပိုင်ရှင်များကြားတွင် စိတ်ဝင်စားမှုများပြားလာကြောင်း တွေ့ရသည်။ အဆိုပါလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည့် Effective Techno Engineering ကုမ္ပဏီမှ အရောင်းမန်နေဂျာ ဦးမျိုးသီဟက "မြို့တွင်းမှာက နေ့ခင်းဆိုရင်ကားရပ်ဖို့နေရာ ရှာရတာ တော်တော်အချိန်ပေးရတယ်။ နောက်ပြီး ကားပါကင်နေရာရှိမှ တင်သွင်းခွင့်ပြုတဲ့အခြေအနေတွေတောင် တွေ့နေရပါတယ်။ အဆင့်မြင့်ကားပါကင် တည်ဆောက်ရာမှာ တည်ဆောက်တဲ့ စနစ်အမျိုးမျိုးရှိတယ်။ အဓိကစနစ်နှစ်မျိုးကတော့ Simple Parking System နဲ့ Smart Puzzel Parking Systemဖြစ်ပါတယ်။

"ပထမစနစ်က Menual Type ဖြစ်ပြီး ကားတစ်စီးစာနေရာမှာ သုံးစီးစာ ထပ်ပြီးတင်ထားလို့ရတယ်။ သူက အပေါ်ဆုံးကားကို သုံးချင်ရင် အောက်ဘက်ကကားတွေကို အရင်ထုတ်ရတဲ့ စနစ်ပါ။ ဒီစနစ်ကတော့ ကားနှစ်စီး၊ သုံးစီးပိုင်တဲ့အိမ်မျိုးတွေနဲ့ ကားအရောင်းပြခန်းတွေမှာ သင့်တော်တယ်။

"ဒုတိယစနစ်ကတော့ Fully Autometic စနစ်ပါဝင်ပြီး ကားပိုင်ရှင်အနေနဲ့ Sensor တပ်ထားတဲ့နေရာမှာ မိမိအတွက် သတ်မှတ်ထားတဲ့ ကတ်ပြလိုက်ရုံနဲ့ သတ်မှတ်ထားတဲ့ ကားပါကင်ထားမယ့် နေရာကျလာပေးလိမ့်မယ်။ ပြန်ထုတ်တဲ့အခါမှာ အောက်ကကားကို ဖယ်ထုတ်စရာမလိုဘဲ ခလုတ်နှိပ်ရုံ သို့မဟုတ် ကတ်ပြလိုက်ရုံနဲ့ ကိုယ့်ကားကအောက်ကို အလိုအလျောက်ရောက်လာမှာ ဖြစ်ပါတယ်။ ဒီစနစ်ကတော့ အထပ် ၁၂ ထပ်အထိ တည်ဆောက်လို့ရတဲ့အတွက် ကားအမြောက်အမြားထားလို့ ရပါတယ်" ဟု ပြောကြားသည် ။

အဆိုပါစနစ်သည် အများပိုင်ကွန်ဒိုများ၊ ဆေးရုံများ၊ ဟိုတယ်များ၊ စူပါမားကက်များနှင့် မြို့တွင်းရှိ ကားပါကင်နေရာ အချိန်ပိုင်း ငှားရမ်းလုပ်ကိုင်သူများအတွက် သင့်တော်ကြောင်း သိရသည်။

အဆင့်မြင့်ကားပါကင်စနစ်တွင် Anti Falling Deviceများ၊ ISO လက်မှတ်နှင့် ဥရောပအသိအမှတ်ပြု CE အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားသည့်အတွက် ခိုင်ခံ့လုံခြုံသည်ဟု သိရသည်။

တည်ဆောက်မည့်နေရာသို့ တိုင်းတာပေးခြင်း အကြံပြုခြင်းများ ဆောင်ရွက်ပေးခြင်းကို ၎င်းတို့အနေဖြင့် ပြုလုပ်ပေးနေသည်ဟု ဦးမျိုးသီဟက ဆိုသည်။

"အဓိကကတော့ ရန်ကုန်နဲ့တခြားမြို့ကြီးတွေမှာရှိတဲ့ကားပါကင်အခက်အခဲကို ပြေလည်သွားစေချင်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါ နည်းပညာအခြေပြု အဆင့်မြင့်ကားပါကင်စနစ်ကို အမေရိကန်နိုင်ငံက စတင်အသုံးပြုခဲ့ပြီး ယခုအခါ ဂျပန်၊ ကိုရီးယားနှင့်တရုတ်နိုင်ငံတို့ရှိ မြို့ပြများ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်းသိရသည်။ **မြတ်စန္ဒီသင်းဇော်**



နိုင်ငံတကာတွင် ယာဉ်ကြောပိတ်ဆို့မှုများကို ဤသို့ အထပ်မြင့်ကားပါကင်များနှင့် ဖြေရှင်းလျက်ရှိသည်။

# လယ်ယာသီးနှံထွက်ကုန်ဈေးနှုန်းများ နေ့စဉ်ထည့်သွင်းဖော်ပြသွားမည်

**နေပြည်တော် ဇွန် ၁၉**

Internews အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းသတင်းအချက်အလက်အဖွဲ့ (AMIT)ကိုဖွဲ့စည်းကာ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ဝါးတန်းကုန်စည်ဒိုင်၊ သီရိမင်္ဂလာဈေးကုန်စည်ဒိုင်၊ မန္တလေးကုန်စည်ဒိုင်တို့မှ လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများကို ရယူပြီး မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုအစီစဉ်နှင့် သတင်းစာများမှ နေ့စဉ်ထုတ်လွှင့်/ဖော်ပြပေးသွားမည့်အပြင် Call Center 1883 သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

Internews အဖွဲ့သည် မြန်မာနိုင်ငံ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် တန်ဖိုးမြင့်ကွင်းဆက်များ ဖြစ်ပေါ်လာရေး Value Chain Rural Development (VCRD) နှင့် ပတ်သက်သည့်လုပ်ငန်းကို ဆောင်ရွက်နေသည့်အဖွဲ့ဖြစ်သည်။

သီးနှံထွက်ကုန်များ၏ နေ့စဉ်ပေါက်ဈေးများကို ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ကုန်စည်ဒိုင်များမှ သတင်းအချက်အလက်များ စုဆောင်းကာ ဖော်ပြခြင်းဖြစ်သည့်အတွက် လယ်ယာကဏ္ဍစိုက်ပျိုးရေးကို ဦးစားပေးဆောင်ရွက်နေသည့် တောင်သူလယ်သမားများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။ **(မြန်မာ့အလင်း)**

**၂၀၁၅ ခုနှစ်၊ ဇွန်လ(၁၉)ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့်သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၄၀၀၀၀ |
| ၉ | ဘိုကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | နှမ်းနက်စပုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၀၀၀၀ မှ ၁၉၀၀၀၀ |
| ၁၁ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၆၀၀၀ မှ ၈၈၀၀၀ |
| ၁၂ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ မှ ၁၀၅၀၀၀ |
| ၁၃ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပျော်ဘွယ်၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀ မှ ၆၂၅ |
| ၁၄ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၁၅၀ |
| ၁၅ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၁၆ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင် ကုန်စည်ဒိုင် | ၄၀၀ မှ ၈၁၀ |
| ၁၇ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀ မှ ၃၅၀ |
| ၁၈ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀ မှ ၁၂၀၀ |
| ၁၉ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀ မှ ၃၀၀၀ |
| ၂၀ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၄၀၀၀ |
| ၂၁ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၅၀၀၀ |
| ၂၂ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀၀ မှ ၁၃၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) က ပေးပို့သည်။**

# လူငယ်များအတွက်ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့်ပြပွဲ

**သတင်း-အာကာ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**



**ရန်ကုန် ဇွန် ၁၉**

လူငယ်များအတွက် ပညာရေးနှင့်ပတ်သက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကို လက်တွေ့ရယူနိုင်ရေးအထောက်အကူပြုနိုင်သည့် International Education & Career Fair 2015 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၉ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် DAGON Exhibitions Limited ဒါရိုက်တာ ဦးအောင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းရယူပေးနိုင်သည့် ယင်းပြပွဲတွင် ပြည်တွင်း ပြည်ပကုမ္ပဏီပေါင်း ၆၀ တို့မှ ပြခန်းပေါင်း ၉၀ ကျော်ခင်းကျင်းပြသထားသည့် ယခုပြပွဲကို DAGON Exhibitions Limited က တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ပညာရေးဆိုင်ရာအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အရေးများကိုရရှိကာ လူငယ်များဘဝတိုးတက်မြင့်မားစေရေး အထောက်အကူပြုနိုင်သဖြင့် ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြည်သူများ အခမဲ့ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

# သတင်းစာဖတ်ပရိသတ်များ သိသာနိုင်ပါရန်

မြန်မာ့အလင်းသတင်းစာအား တစ်စောင်လျှင် ငွေကျပ် ၅၀ ဖြင့် အမြို့မြို့အနယ်နယ်မှ ကိုယ်စားလှယ်ကြီးများထံသို့ နေ့စဉ်ဖြန့်ချိပေးလျက် ရှိပါသည်။ ကိုယ်စားလှယ်ကြီးများအနေဖြင့် သင့်တင့်သောဝန်ဆောင်ခရယူ၍ မိဘပြည်သူသတင်းစာဖတ်ပရိသတ်များထံသို့ ၎င်းတို့မြို့နယ် ဒေသအလိုက် နေ့စဉ်ဖြန့်ချိပေးလျက်ရှိရာ လက်ရှိလပေးရယူနေသော နှုန်းထားအတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ နေ့စဉ်ပေးပို့သွားမည်ဖြစ်ပါသည်။ အကယ်၍ မူလတောင်းခံနေသည့် ဈေးနှုန်းထက် ပိုမိုတောင်းခံခြင်းများရှိပါက မြန်မာ့အလင်းသတင်းစာတိုက် ဖုန်း-၀၁-၅၄၄၃၁၇ သို့ ဆက်သွယ် အသိပေးအကြောင်းကြားနိုင်ပါသည်။

**(မြန်မာ့အလင်းသတင်းစာတိုက်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် **အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်၊ (၃)လမ်း၊ အမှတ် (၃/၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **အာခါအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီက နိုင်ငံရေးပါတီ**များမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည် ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများ သိစေရန် ကြေညာအပ်ပါသည်။

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ**



**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟားခါးမြို့ လမ်းပေါ်သို့ တောင်စောင်းမှ မြေများလျှောကျ၊ ကယ်ဆယ်မှုများဆောင်ရွက်



**နေပြည်တော် ဇွန် ၁၉**

ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီက ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် အမှတ် (၂)လမ်းမပေါ်သို့ အမှတ်(၁/၂) လမ်းကြားရှိ တောင်စောင်းမှ အလျား ပေ ၁၀၀၊ အနံ သုံးပေ၊ အမြင့်တစ်ပေခန့်ရှိ မြေများလျှောကျခဲ့သည်။

အဆိုပါမြေများ လျှောကျမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အနီးဝန်းကျင်ရှိ အန္တရာယ်ဖြစ်နိုင်သော နေအိမ်ကိုးလုံး၊ အိမ်ထောင်စု ၁၈ စုမှ အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၈၄ ဦးနှင့် ၎င်းတို့ပိုင် အိမ်အသုံးအဆောင်ပစ္စည်းများအား နီးစပ်ရာ ဆွေမျိုးများ၏နေအိမ်သို့ ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# နေပြည်တော် မြို့မဈေးပွဲရုံတန်းတွင် မီးလောင်

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးပွဲရုံတန်း၌ ဇွန် ၁၉ ရက် မွန်းလွဲ ၁၂နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် မွန်းလွဲ ၁၂နာရီခွဲခန့်က မြို့မဈေးပွဲရုံတန်းရှိ ဆိုင်ခန်းအမှတ် (ပ/ ၁၆၇ )မိုးသီဟ လျှပ်စစ်နှင့် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင် ဆိုင်ရှင် ဦးသန့်ဇင်အောင်သည် ဆိုင်ခန်းပိတ်၍ မြို့မဈေးအတွင်းရှိ ၎င်း၏ဆိုင်တစ်ဆိုင်သို့ သွားနေစဉ် ဆိုင်ခန်းအောက်ထပ် မီးဖိုချောင်အတွင်းရှိ လျှပ်စစ်မီးဖိုမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ကျွမ်းခဲ့ရာ ၎င်းဆိုင်အပါအဝင် (ပ/ ၁၆၆) ဝေယံမိုး Chint အီလက်ထရွန်နစ် ကုမ္ပဏီဆိုင်ခန်း၏ မျက်နှာကြက် မီးလောင်၊ ( ပ/၁၆၈)ရွှေနဂါး ဆေးဆိုင်နှင့် (ပ/၁၆၉ )အမျိုးသား ကွန်ပျူတာဆိုင်ခန်း မီးလောင်၊ စုစုပေါင်း ဆိုင်ခန်းလေးခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်သည့်နေရာသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် ဦးမျိုးညွှန့်၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂၅ ဦး၊ မီးသတ်ယာဉ် အစီး ၃၀၊ အုပ်ချုပ်မှုယာဉ် သုံးစီးတို့ဖြင့် စုပေါင်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ အမှတ်(၅)ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းနိုင်(ဇမ္ဗူသီရိ)**
**ဓာတ်ပုံ-မင်းမင်းလတ်**
**(မန်းတက္ကသိုလ်)**

# တက္ကစီလေးစီး ဆင့်ကဲတိုက်

**ရန်ကုန် ဇွန် ၁၉**

ဇွန် ၁၉ ရက် နံနက် ၁၁ နာရီခွဲခန့်က ကြည့်မြင်တိုင်မြို့နယ် သာဓု အနောက်ရပ်ကွက် ကမ်းနားလမ်းနှင့် နိဗ္ဗာန်လမ်းထောင့်၌ အငှားတက္ကစီယာဉ်လေးစီးဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြည့်မြင်တိုင်နတ်စင်လမ်းဘက်မှ ကမ်းနားလမ်းအတိုင်း ယာဉ်မောင်း ဦးတင်မြင့်(၅၈ နှစ်) မောင်းနှင်လာသော 4F/---- တက္ကစီ (VITZ) သည် လမ်းလယ်မျဉ်းဖြူကိုကျော်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားခဲ့သဖြင့် ကြည့်မြင်တိုင်ဟံသာဝတီလမ်းဘက်မှ ဦးထိန်မြင့် မောင်းနှင်လာသည့် 6I/---- အငှားတက္ကစီ၏ ရှေ့ဘယ်ဘက်အခြမ်းကို တိုက်မိရာမှတစ်ဆင့် ၎င်းဘေးမှ မောင်းနှင်လာသော အငှားတက္ကစီ 9C/---- နှင့် အငှားတက္ကစီ 3G/----တို့အား ထပ်ဆင့်ကဲတိုက်မိခဲ့ခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် အငှားတက္ကစီ 4F/---- နှင့် 6I/---- တို့၏ ယာဉ်ရှေ့ပိုင်းများ ပျက်စီးသွားခဲ့ရပြီး အခြားအငှားတက္ကစီယာဉ်မောင်း နှစ်ဦးလည်း ထိခိုက်မှုရှိခဲ့သည်။

6I/---- အငှားတက္ကစီယာဉ်ပေါ်မှခရီးသည်အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည့် အတွက် ရန်ကုန်အနောက်ပိုင်းဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ကိုကြီးတင်**

# ယာဉ်နှစ်စီးတိုက်မိရာမှ အရှိန်မထိန်းနိုင်ဘဲ တစ်စီးတိမ်းမှောက်

**မလှိုင် ဇွန် ၁၉**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ဇွန် ၁၈ ရက်က မိတ္ထီလာ-မြင်းခြံ သွားကားလမ်း ရုံးပင်စောက်ကျေးရွာအုပ်စု လိပ်ခွဲကျေးရွာအနီး မိုင်တိုင်အမှတ်(၁၆/၇)အနီးတွင် ယာဉ်နှစ်စီး တိုက်မိရာမှ တစ်စီးမှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မိတ္ထီလာ-မလှိုင်သို့ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်နေ ဇော်ထက်(၂၁ နှစ်) မောင်းနှင်သည့် 98/------ FORD RANGER CUB လေးဘီးယာဉ်မှ သန်းနိုင်စိုး (၄၆ နှစ်) မောင်းနှင်လာသော ဆေးလိပ်စပ်ဆေးများ တင်ဆောင်လာသည့် ၃ဂ/------- NISSAN CONDOR ခြောက်ဘီးယာဉ်၏ ဘယ်ဘက်ခြမ်း နောက်ဘီးကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိပြီး NISSAN CONDOR ယာဉ်မှာ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကို မလှိုင်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



# ဖားကန့်ရှိ ထူးကျောက်မျက်ကုမ္ပဏီတွင် မီးလောင်မှုဖြစ်ပွား

**ဖားကန့် ဇွန် ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကောင်ဆန်ကျေးရွာ၏အရှေ့ဘက် ထူးကျောက်မျက်ကုမ္ပဏီတွင် ဇွန် ၁၈ ရက် ည ၈ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ဖားကန့်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်ဇော်ဦး ဦးစီးအဖွဲ့၊ ဆိပ်မူရဲကင်းမှူး ဒုရဲအုပ် အောင်ကျော်မြင့် ဦးစီးအဖွဲ့တို့က သွားရောက်ခဲ့ရာ ကောင်ဆန်ကျေးရွာ၏အရှေ့ဘက် ထူးကျောက်မျက်ကုမ္ပဏီဝင်း အနောက်ဘက်ရှိ တံခါးအနီးတွင် ရပ်ထားသော မြေသယ်ယာဉ် ခြောက်စီးမှာ မီးလောင်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ဝပ်ရှော့ဆောင်မှာလည်း မီးလောင်နေသဖြင့် ကုမ္ပဏီဝန်ထမ်း ငါးဦးခန့်က မီးငြိမ်းသတ်ရန်သွားစဉ် မီးလောင်နေသောနေရာအနီး လူ ၁၀ ဦးခန့်က ၎င်းတို့ဘက်တက်လာပြီး သေနတ်သံခြောက်ချက်ခန့် ကြားသဖြင့် ကုမ္ပဏီဝန်ထမ်းများက ရုံးဘက်သို့ ပြန်လာခဲ့ရာ ၎င်းလူ ၁၀ ခန့်မှာ စားဖိုဆောင်နှင့် ကျောက်ရှာသည့် ကျင်းသားများနေထိုင်သော အဆောင်နှစ်ခု (လူမနေ)အတွင်းသို့ ဝင်ရောက်၍ ဆိုင်ကယ်သုံးစီးကို ထပ်မံမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်သည့်နေရာသို့ ဆိပ်မူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတူးမိုင် ဦးစီး ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ ကြက်ခြေနီ ၂၀ တို့က မီးသတ်ကားတစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီတွင် မီးညွှန့်ကျိုးသွားခဲ့ပြီး ည ၁၀ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ထူးကုမ္ပဏီပိုင် မြေသယ်ယာဉ်ခြောက်စီး၊ Tiger 4 Wheel မော်တော်ယာဉ်တစ်စီး၊ ဆိုင်ကယ်သုံးစီး၊ မီးစက်တစ်လုံး၊ အဲယားကွန်ပရက်ဆာ တစ်လုံး၊ ကားဝပ်ရှော့တစ်ခုတို့ မီးလောင်ခဲ့ကြောင်း သိရသည်။

ထူးကျောက်မျက် ကုမ္ပဏီ လ/ထမန်နေဂျာ ဦးစိန်သောင်း (၅၉နှစ်) ကောင်ဆန်ကျေးရွာ ဖားကန့်မြို့နယ်နေသူက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဖားကန့်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဗင)**

# ပြည်နယ်ချင်းဆက်သွယ်သည့် ပေါက်တံတားမှဖြတ်သန်းသွားလာခွင့်ပြု၍ ပြည်သူများဝမ်းမြောက်

**ပေါက် ဇွန် ၁၉**

ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးကို ဆက်သွယ်သော ပြည်ထောင်စုကားလမ်းရှိ ပေါက်မြို့နယ် အမှတ်(၁)ပေါက်တံတား(အုန်းတော)ကို တိုးချဲ့တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားနှင့် ချဉ်းကပ်လမ်းများ တည်ဆောက်မှုအားလုံး ပြီးစီးပြီဖြစ်၍ ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့်ခရီးသည်များ၊ ကုန်တင်ယာဉ်များပါ ဖြတ်သန်းသွားလာခွင့်ပြုကြောင်း တာဝန်ယူတည်ဆောက်သော တံတားအထူးစီမံကိန်းကြီးအဖွဲ့(၃) အင်ဂျင်နီယာ ဦးစောဇာနည်လှက ပြောသည်။

အဆိုပါ တံတားသည် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ယာကြီးပြင်နှင့် အုန်းတောကျေးရွာကြား ယောချောင်းတွင် တည်ရှိသည်။ အဆိုပါ အုန်းတောတံတားသည် ၂၀၁၀ ပြည့်နှစ် ဂီရိနှင့် ၂၀၁၁ခုနှစ် အိုတူးဘီမုန်တိုင်းများတွင် ရေပြောတံတားနှင့်အတူ နှစ်ကြိမ်ဆက်တိုက် မျောပါခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ပြန်လည်တိုးချဲ့ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မူလနှင့်တိုးချဲ့တံတား စုစုပေါင်း အရှည်ပေ ၃၁၈၀ ရှိပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်နှင့်သံကူကွန်ကရစ် ရက်မနှင့်ကြမ်းခင်း၊ ရေလမ်းကင်းလွတ် အကျယ် ပေ ၈၀ နှင့်အမြင့် ၂ ပေ ၁၀ လက်မတို့ဖြင့် တည်ဆောက်ထားသည်။ တံတားခံနိုင်ဝန်သည် ကုန်နှင့်ယာဉ်အပါအဝင် ယာဉ်တစ်စီးချင်း ၃၆ တန်ရှိကြောင်း သိရသည်။



**အမှတ် (၁) ပေါက်တံတား (အုန်းတော)ကို တွေ့ရစဉ်။**

အဆိုပါတံတားကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်များမှ တံတားစီမံကိန်း တန်ဖိုးငွေကျပ် သန်းပေါင်း ၄၈၅၀ နှင့်ချဉ်းကပ်လမ်းအတွက် ငွေကျပ် သန်းပေါင်း ၅၀၀ စုစုပေါင်းငွေကျပ် သန်းပေါင်း ၅၃၅၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"ဒီအုန်းတောတံတားက အခုသွားခွင့်ရပြီ။ ရေပြောတံတားက မနှစ်ကတည်းက သွားရတာ။ တံတားနှစ်စင်းလုံးက ဖြတ်ရပြီဆိုတော့ မိုးရာသီမှာ ကျွန်တော်တို့ဒေသနဲ့ချင်းပြည်နယ်ကခရီးသွားတွေစိတ်ပူစရာမလိုဘဲ အလွယ်တကူသွားနိုင်ပြီ။ ဝမ်းသာစရာပါ" ဟု တံတားအနီးရှိအိုင့်ကိုင်းရွာမှ ဒေသခံတစ်ဦးကပြောသည်။

အဆိုပါ အုန်းတောနှင့်ရေပြောတံတားများသည် ၂၀၁၁ခုနှစ်အိုတူးဘီမုန်တိုင်း၌ မျောပါခဲ့၍ မိုးရာသီ၌ မော်တော်ယာဉ်များဖြတ်သန်းမှု မပြုနိုင်သကဲ့သို့ ဆိုင်ကယ်နှင့် ခရီးသည်များ အုန်းတော၊ ရေပြောကူးတို့ဆိပ်နှစ်ခုမှ အခကြေးငွေပေး၍ ခက်ခဲပင်ပန်းစွာ ဖြတ်ကူးခဲ့ရသည်။ ထိုခရီးလမ်းထက်ပိုမိုလွယ်ကူသော ပခုက္ကူ-ရေပြော-ကမ်းမဖြူ (ကျောချောင်း)-ပေါက်ကားလမ်းဟောင်းမှ သွားလာရသည်။ အဆိုပါ ကျောချောင်းလမ်းဟောင်းမှ သွားလာရလွယ်ကူသည်ဆိုသော်လည်း မှန်းဆမရသောအချိန်၊ တိုင်းထွာမရသော ငွေကြေးကုန်ကျစရိတ်များသာမက လှေဖြင့်ခရီးသွားဖြတ်ကူးစဉ် ရေမျောခြင်း၊ ပျောက်ဆုံးသေကျေခြင်းများဖြင့် ရင်ထိတ်ဖွယ်ကြုံတွေ့ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

မိုးကာလ ရေကြီးချိန်တွင် အဆိုပါ ကျောချောင်း၌ ခရီးသည်နှင့်ဆိုင်ကယ်သမားများသည် လှေတင်ခ၊ ဆိုင်ကယ်ထမ်းခပေး၍ သွားရသည်။ ယာဉ်မောင်းများလည်း လမ်းပြခ၊ လူဆွဲခ၊ စက်ကြီးနှင့်ကြိုးတပ်ဆွဲခ အခကြေးငွေ အမျိုးမျိုးပေး၍ နေ့ညစောင့်ဆိုင်း ဖြတ်သန်းခဲ့ရသည်။ မိုးအဆက်မပြတ် ရွာသွန်းခဲ့သော ၂၀၁၂ ခုနှစ် စက်တင်ဘာ ၄ ရက် နံနက် ၁၁ နာရီခန့်တွင် ဆိုင်ကယ်၊ ခရီးသည်နှင့်ကုန်စည်များတင်ဆောင်၍ ပခုက္ကူ(ကမ်းမဖြူ) ဘက်ကမ်းမှ ပေါက်ဘက်ကမ်းသို့ ဖြတ်ကူးသော ကြိုးတပ်လက်ဆွဲ လှေတစ်စင်း ကျောချောင်းရေ၌ မျောပါတိမ်းမှောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ အဆိုပါ လှေမှောက်ရာတွင် ချင်းအမျိုးသားနှစ်ဦး၊ ပညာရေးဌာနမှ ဆရာမသုံးဦး၊ ခရီးသည်နှင့်လှေသမားများအပါအဝင် လူ ၁၃ ဦး မျောပါသေဆုံးခဲ့ရသော ထိုအဖြစ်ဆိုးကြီးဘေးမှ ပေါက်-ပခုက္ကူ၊ ပေါက်-ဆိပ်ဖြူခရီးသွားများ ယနေ့ ကင်းဝေးခဲ့ပြီဖြစ်သည်။ မိမိလိုရာ ခရီးမနှေးမကြာအပြီး ရောက်ရှိနိုင်ပြီဖြစ်၍ ဒေသခံခရီးသွား ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ဖိုးသားလေး(ယောမြေ)**



# ကုန်တင်ယာဉ်လမ်းချော်ကာ ရေအိုင်ထဲထိုးကျ



**ရေတာရှည် ဇွန် ၁၉**

ဇွန် ၁၈ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တောင်ဘက်အထွက်တွင် မိုးရွာနေသည့်အချိန် မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီး လမ်းချော်ကာ ရေအိုင်ထဲထိုးကျသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကား လမ်းအတိုင်း မြောက်မှ တောင်သို့ မျိုးသက်နိုင်(၃၇နှစ်) မန္တလေးမြို့နေသူမောင်းနှင်ပြီး မျိုးလွင်(၃၂နှစ်) နွားထိုးကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူလိုက်ပါလာသော ၁၂ ဘီးကုန်တင်ယာဉ်သည် မိုးရွာသွန်းသည့်အရှိန်ကြောင့် ရေတာရှည်မြို့ တောင်ဘက်အထွက် လမ်းအနောက်ဘက်ခြမ်း ကိုက် ၅၀ ခန့်အကွာ စားသောက်ဆိုင်၏ ဆိုင်းဘုတ်ကို ဝင်တိုက်မိ၍ ယာဉ်ကိုကားလမ်းပေါ်သို့ဆွဲတင်ရာ အရှိန်များသဖြင့် လမ်းအရှေ့ဘက် ရေအိုင်အတွင်း ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမှုနှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရွာစဉ်စံပြကျေးရွာအုပ်စု၌ ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရန်မြေလှူဒါန်း

**ခင်ဦး ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွာစဉ်စံပြကျေးရွာအုပ်စု၌ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် 33/11KV(5)MVA လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရန်အတွက် မြေနေရာကို ရွာစဉ်စံပြကျေးရွာအုပ်စု လျှပ်စစ်ဓာတ်အားခွဲရုံဖြစ်မြောက်ရေးကော်မတီမှ ဇွန် ၁၇ ရက်က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ခင်ဦးမြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းအရှေ့ဘက်ခြမ်းရှိ ကျေးရွာများသည် လျှပ်စစ်မီးမရရှိသေးသဖြင့်လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ရန် မြေနေရာကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုး၊ မြို့နယ်အထောက်အကူပြုအဖွဲ့များက သွားရောက်ကြည့်ရှုပြီး အလျားပေ ၂၀၀၊ အနံ ပေ ၁၅၀ ရှိ မြေနေရာကို ကျေးရွာအုပ်စုလျှပ်စစ်ဓာတ်အားခွဲရုံဖြစ်မြောက်ရေးကော်မတီက ဝယ်ယူပြီး လှူဒါန်းရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုးက လက်ခံသည်။ အဆိုပါ လျှပ်စစ်ဓာတ်အားခွဲရုံပြီးစီးပါက ရွာစဉ်စံပြကျေးရွာနှင့် ၁၅ မိုင်အတွင်းရှိ ကျေးရွာ ၁၃ ရွာခန့် ၂၄ နာရီ လျှပ်စစ်မီးအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ခင်ဦး-စိုးဝေ**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L ၁၈-၆၁၊ မြေကွက်အမှတ် (၁၆၆၆+၁၆၆၇)၊ မြေဧရိယာ အလျားပေ ၈၀×အနံပေ ၆၀ (၀.၁၁၀ ဧက) အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၆၁)ရပ်ကွက်၊ အမှတ် (၁၆၆၆+၁၆၆၇)ဟုခေါ်တွင်သော မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးစိန်လှုံ ၆/မအရ(နိုင်)၀၃၁၃၄၁ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၉၆၂/၂၀၁၃)ရရှိထားကာ တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖြူဖြူဝင်းဆွေ ၆/မအရ(နိုင်)၀၀၀၂၁၅ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေက ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်လိုသူမည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံအထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းအောင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၂၀၁၈၅)**
**အမှတ် (၇၉)၊ ၁၀၁လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၅၇၄၉**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ အီး၊ မြေကွက်အမှတ် ၁၀၂/စီ၄၄၊ ဧရိယာ ၀ ဒသမ ၀၃၅၈ဧက မြေပိုင်မြေကွက်အနက်မှ မခွဲမစိတ်ရသေးသော အစိတ်အပိုင်းဧရိယာ ၀ ဒသမ၀၁၇ ဧကခန့် (၁၂½×၅၀) ပေခန့်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ် ၄၄၊ အောင်မင်းခေါင် ၁ လမ်း၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သော အကျိုးခံစားခွင့်များကို ဦးအောင်စိုး ၁၂/ကမရ(နိုင်)၀၀၆၉၃၀ နှင့် ဒေါ်ခင်စန်း ၁၂/ကမရ(နိုင်)၀၀၆၉၆၅ က အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးအောင်စိုးကွယ်လွန်သဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီး ဒေါ်ခင်စန်းထံမှ ဖော်ပြပါ အကျိုးခံစားခွင့်များကို ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများ ခုနစ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ(တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၀၃၇၄၊ ၀၁-၂၂၃၉၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ သမိုင်း၊ ကုန်းမြင့်ရိပ်သာ၊ မြေကွက် အမှတ် ၅၀/၄၊ ဧရိယာ ၀ဒသမ၀၅၀ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက် မှာ ဒေါက်တာခင်မိမိဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ် စာချုပ် (၃၆၂၂/၂၀၁၅) တင်ပြ၍ ဦးကျော်စိုး ၁၃/နခတ(နိုင်)၀၀၃၁၂၄အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြေတိုင်းဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ(၁၇)၊ မြေကွက်အမှတ် ၉၃၅/က၊ မြေကွက်တည်နေရာအမှတ် (၉၃၅/က)၊ ဗိုလ်တေဇလမ်း၊ ၂၀ ရပ်ကွက်၊ လှိုင်သာယာ ဦးမောင်မောင်သိန်း အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးမောင်မောင်သိန်းထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးမွန်ယုံ ၁၂/လမတ(နိုင်)၀၁၆၂၁၆ မှ ပါမစ်တွင် ဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်စာရွက်တို့ကိုတင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း စာရွက်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ် ၃၀၉၊ မြေကွက်တည်နေရာအမှတ် ၃၀၉၊ ရိုးမရိပ်သာလမ်း၊ ၁၀၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးလှယုံ ၁၂/သကတ(နိုင်)၁၀၀၇၀၀ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှယုံထံမှ GP ၂၁၇၁၉/၄-၁၁-၁၃ ရသူ ဦးခင်ရွှေ ၁၂/သဃက(နိုင်)၀၂၉၂၀၀ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များ တင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးအား အောင်မောင်ဦတောင်တော်ညွန့်သို့ ပင့်ဆောင်ခြင်းမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အောင်မောင်ဦ တောင်ညွန့်ထက်၌ တည်ထား ကိုးကွယ်မည့် မဟာသကျရုံသီရုပ်ရှင် တော်မြတ်ကြီးအား အောင်မောင်ဦ တောင်တော်ညွန့်သို့ ပင့်ဆောင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့် အညီ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇမဟာ ရဋ္ဌဂုရု ဈေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ဧည့်ပရိသတ် များက ကိုးပါးသီလခံယူ ဆောက်တည် ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဈေးကုန်းကျောင်း တိုက်ဆရာတော်ထံမှ အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချအမျှပေးဝေ ကြသည်။

ယင်းနောက် ရုပ်ရှင်တော်မြတ် ကြီးအား ယာယီသီတင်းသုံးနေသည့် အေစီအီး အလုပ်ရုံအတွင်းမှ ကိန်းဝပ် စံပယ်တော်မူမည့် အောင်မောင်ဦ တောင်သို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ပူဇော်ကြသည်။

ထိုသို့ ပင့်ဆောင်ပူဇော်စဉ် ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့ များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ် ပူဇော်ကြရာ လမ်းဘေးဝဲယာ၌ ဒေသခံပြည်သူများကလည်း လာ ရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ရုပ်ရှင်တော်မြတ်ကြီး အား ဆင်နှစ်ကောင်မိသားစုကုမ္ပဏီ ပိုင် အလျား ပေ ၉၀၊ ဘီးလုံး ၁၂၂ လုံးနှင့် အလိုက်သင့် ကွေ့နိုင်သော စတီယာရင် စနစ်ပါဝင်သည့် Heavy Modular Trailer ယာဉ်ကြီးဖြင့် သယ်ယူပင့်ဆောင်ခဲ့ရာ ယခုအခါ အောင်မောင်ဦတောင်ခြေသို့ ရောက်ရှိ ပြီဖြစ်သည်။

ရုပ်ရှင်တော်မြတ်ကြီးအား ကိန်း ဝပ်စံပယ်တော်မူမည့် တောင်တော် ညွန့်သို့ မင်္ဂလာကရိန်းယာဉ်များဖြင့် ဆက်လက်ပင့်ဆောင် ပူဇော်သွားမည် ဖြစ်ပြီး အနေကဇာတင်မင်္ဂလာ အခမ်းအနားနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို အဆိုပါ တောင်ညွန့် ထက်၌ ဆင်ယင်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။



**တင်ထွန်းအောင်**

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ထား

**နေပြည်တော် ဇွန် ၁၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိနိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ်မှ နိုင်ငံတော်က အရင်းအနှီးအားလုံး ပိုင်ဆိုင်ပြီး လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်နိုင်သော ကော်ပိုရေးရှင်းပုံစံဖြင့် ပြောင်းလဲဖွဲ့စည်းရန်လိုအပ်သော လုပ်ငန်းစဉ်များကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းအတွက် ကမ္ဘာ့ဘဏ်အကူအညီ အစီအစဉ်တွင်ပါဝင်သော လုပ်ငန်းစဉ်များအား လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ပြည်တွင်း၊ ပြည်ပမှ consultant ကုမ္ပဏီများသည်ဇူလိုင် ၂ ရက်နောက်ဆုံးထား၍ "ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးအမှတ်(၂)နေပြည်တော်"သို့ သတ်မှတ်ပုံစံအတိုင်းတင်ပြနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ Website ဖြစ်သော www.mcit.gov.mm တွင်လေ့လာကြည့်ရှုနိုင်ကြောင်းသိရှိရသည်။

**(သတင်းစဉ်)**

# ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများထုတ်ပြန်

**နေပြည်တော် ဇွန် ၁၉**

ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၁)ဖြင့် ပြဋ္ဌာန်းခဲ့သည်။

အဆိုပါဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာ နည်းဥပဒေများကို ၂၀၁၅ ခုနှစ် ဇွန် ၉ ရက်တွင်အမိန့်ကြော်ငြာစာအမှတ်(၂၁/၂၀၁၅)ဖြင့်ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများကို အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Website (www.mcit.gov.mm)တွင်လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန Website (http;// www.mcit.gov.mm/content/law-regulation. html ) တွင်လည်းကောင်း လွှင့်တင်ပေးထားမည် ဖြစ်ကြောင်းသိရှိရသည်။

**(သတင်းစဉ်)**

# ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက် ကူးတို့ဆိပ်အနီးတွင် ပင်လယ်ရေဝက်တစ်ကောင်တွေ့ရှိ

**ရွှေသောင်ယံ ဇွန် ၁၉**

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက် ကူးတို့ဆိပ်အနီး ချောင်းစပ်တွင် ပိဿာချိန် ၁၂၀ ခန့်ရှိသော ပင်လယ်ရေဝက်တစ်ကောင် ကပ်ပါလာကြောင်း သိရသည်။

အဆိုပါ ရေဝက်သည် ဇွန် ၁၈ ရက် နံနက် ၈ နာရီခန့်က ကူးတို့အနီးသို့မျောပါလာပြီး ၄င်းသည် အလျား ၁၀ပေ ငါးလက်မ၊ လုံးပတ်ခုနစ်ပေလေးလက်မ၊ ရေယက်တစ်ပေ နှစ်လက်မ၊ အမြီးအကျယ် သုံးပေ၊ အရှည် နှစ်ပေ တစ်လက်မရှိပြီး ရေဝက်အမဖြစ်ကြောင်း မြို့နယ်ရေလုပ်ငန်းဦးစီးဌာန က လာရောက်တိုင်းထွာစစ်ဆေးချက်အရ သိရသည်။

**ကိုကိုမောင် (iprd)**

**စာအုပ်စာပေ လှူမိတ်ဆွေ**


## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ်ဇ/၁၇/A၊ ဧရိယာ ပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းဝင်း HRGN -၀၃၄၁၇၅ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးသိန်းဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၀၃၇၄၊ ၀၁-၂၂၃၉၅၆**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့သစ်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၁၉၊ ဇရစ်စမ်းမြောက်ကွက်၊ ဦးပိုင်အမှတ် ၃၇၊ မြေကွက်အမှတ် (၄၈-က)၊ ဧရိယာ ၀ဒသမ၀၄၅ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၅)၊ မင်္ဂလာလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစောလှိုင် ၁၂/မဂတ (နိုင်)၀၇၁၅၉၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလိမ္မော် (LL.B) ဦးမျိုးသူအောင် (စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး (စဉ်-၄၂၂၂၇)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) အထက်တန်းရှေ့နေများ**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄၊ ၀၉-၂၆၁၂၀၂၆၁၁**

## CLAIMS DAY NOTICE
## M.V CITY MUMBAI VOY:NO(20)

Consignees of cargo carried by M.V CITY OF MUMBAI VOY: NO. (20) are here by notified that the vessel will arrive on about 22-6-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် စောအယ်ဒူးတော (CDC-74455) ၏ DSD-00222413 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၇၉၁၆၃၅၇၁၇**

## ဖခင်အမည်မှန်

နေပြည်တော်၊ ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ သရက်ပင်ရွာ၊ အထက(ခွဲ) ကျောင်းကုန်းအဋ္ဌမတန်းမှ မအေးငြိမ်းစံ၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင် ၉/တကန(နိုင်) ၁၀၇၉၀၄ဖြစ်ပါကြောင်း။ **ဦးကြည်လွင်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အထက တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားလျက်ရှိသော မအိအိငြိမ်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်အမှတ် ၇/ရတရ(နိုင်)၀၇၉၄၇၈အရ ဦးသိန်းဆွေဖြစ်ပါကြောင်း။ **ဦးသိန်းဆွေ**

ဝန်ထမ်းအလိုရှိသည်

မကြာခင်ဖွင့်လှစ်မည့်နိုင်ငံတကာ အဆင့်မီအားကစားခန်းမ (Gym)တွင်ခန့်ထားရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

| | | |
|---|---|---|
| (၁) Trainers (နည်းပြများ) | -ကျား | (၅)ဦး |
| | -မ | (၅)ဦး |
| (၂) Receptionist+Marketing | -မ | (၅)ဦး |
| (၃) House Keeping (သန့်ရှင်းရေး) | -ကျား | (၃)ဦး |
| | -မ | (၃)ဦး |

ဆက်သွယ်လျှောက်ထားရန်-U Kyu Family Co.,Ltd
အမှတ်(၁၇၊၁၉)လှည်းတန်းလမ်း၊လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ဖုန်းနံပါတ်-၀၁- ၂၃၀၀၇၂၃၊ ၂၃၀၀၇၁၄

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်စက်မှုဇုန်)၊ မြေကွက်အမှတ် ၄၄၊ ဧရိယာ ၂ ဒသမ ၀၁၂ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်နန်းစံဆိုင် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ် စာချုပ် (၆၂၅/၂၀၁၄)တင်ပြ၍ ဦးဇော်ဝင်း၊ ဦးထင်လင်း အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၊ FMI အိမ်ရာ)၊မြေကွက်အမှတ် ၃၄၉၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်မိုးသက်ခိုင်ဖြစ်ပါသည်။အဆိုပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၃၅၁၄/၂၀၁၅)တင်ပြ၍ ဦးထွန်းထွန်း ၁၂/မရက(ဧည့်)၀၀၀၁၆၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ကျန်းမာရေးအသိပညာမြှင့်တင်မှုများကို လက်ကိုင်ဖုန်းများမှတစ်ဆင့် ဆောင်ရွက်သွားမည်

**ရန်ကုန် ဇွန် ၁၉**

လက်ကိုင်ဖုန်းများမှတစ်ဆင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးအစီအစဉ်များကို လာမည့်အောက်တိုဘာလမှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ကျန်းမာရေးဆိုင်ရာ အသိပညာပေးစာတိုများကို မိုဘိုင်းဖုန်းများမှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပါအဝင် ပြည်ပအခြေစိုက်ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများဖြစ်ကြသည့် တယ်လီနောနှင့်အော်ရီဒူးတို့ကပါ အခမဲ့ကူညီမှုများပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းအောင်က ပြောကြားသည်။

“မိုဘိုင်းဖုန်းအသုံးပြုမှုက တစ်နိုင်ငံလုံး တောရောမြို့ပါမကျန် တစ်စတစ်စ ကျယ်ကျယ်ပြန့်ပြန့်နဲ့ သုံးစွဲလာနေကြတယ်။ ဒါ့ကြောင့် ကျန်းမာရေးနဲ့ပတ်သက်တဲ့ short message လေးတွေပေးပို့ရင် ပြည်သူတွေထဲမှာ ချက်ချင်းရောက်သွားရုံမက ကျန်းမာရေးဆိုင်ရာ အသိပညာ ပိုပြီးကျယ်ပြန့်လာမယ်လို့ ယူဆပါတယ်။ ဥပမာ - အိမ်သာကအဆင်း လက်ဆေးပြီးပြီလား၊ သင့်ကလေး ကာကွယ်ဆေးထိုးပြီးပြီလား၊ မနက်ဖြန် ကာကွယ်ဆေးထိုးမယ့်နေ့ဖြစ်လို့ ဆေးထိုးစုရပ်နေရာကို သင့်ကလေးအားပို့ပါ၊ နောက်ပြီးသွေးလွန်တုပ်ကွေးနဲ့ ပတ်သက်လာရင် သင့်ကလေး ဖျားနေပြီလား၊ အနီစက်ထွက်နေပြီလား၊ ဒါဆိုရင် ချက်ချင်းဆေးရုံဆေးခန်းသွားပြပါ။ ဒါဆိုလူထုက ချက်ချင်းသိနိုင်တယ်။ ဒ့ါအပြင် သားဖွားဆရာမဆိုရင်လည်း ဖုန်းနဲ့ group လုပ်ထားပြီး ဖိတ်စရာရှိရင်လည်း အိမ်ပေါက်စေ့သွားစရာမလိုဘဲ အဆင်ပြေတာပေါ့။ နက်ဖြန်ကာကွယ်ဆေးထိုးမည်၊ ဓမ္မာရုံ သို့မဟုတ် ကျေးလက်ဆေးပေးခန်းသို့ ကြွခဲ့ကြပါဆိုပြီး ရေးပို့လိုက်ရင်ပျံ့နှံ့သွားမှာပေါ့။ ဒါကထိရောက်မှုနည်းလမ်းပါ။ MPT အပြင် တယ်လီနောနဲ့ အော်ရီဒူးတို့က တာဝန်ရှိသူတွေက ဒီ SMS ပေးပို့ခြင်းကို အခမဲ့ကူညီပေးကြမယ်လို့ ပြောပါတယ်”ဟု ဒေါက်တာသန်းထွန်းအောင်က ပြောကြားသည်။

ထို့အပြင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ပါကလည်း မိမိတို့ဖွဲ့စည်းထားသည့် group များမှတစ်ဆင့် အကူအညီတောင်းပါက ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက အမြန်ဆုံး သွားရောက်အကူအညီပေးရန် စီစဉ်ထားမည်ဖြစ်ကြောင်းသိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုများကို အကူအညီတောင်းရာတွင် နောက်ပိုင်း၌ Hot line ဖုန်းနံပါတ်ထားရှိရန်ကိုပါစီစဉ်ထားကြောင်း သိရသည်။

“Hot line နံပါတ်ထားမှာဖြစ်ပြီး ဒီကိစ္စကိုတော့ တယ်လီဖုန်းကုမ္ပဏီတွေနဲ့ ညှိနှိုင်းနေပြီဖြစ်ပါတယ်။ အမြန်ဆုံးစပါမယ်။ ကျွန်တော်တို့အနေနဲ့ အောက်တိုဘာလကုန်မှာ အပြီးအစီးလုပ်ဖို့တော့ လျာထားပါတယ်။ အားလုံးပြည့်ပြည့်စုံစုံဖြစ်အောင် လေ့လာပြီးတော့လုပ်ပါမယ်။ ဒါဆိုရင် ကျေးလက်က ဆင်းရဲနွမ်းပါးပြီး အခက်အခဲရှိနေတဲ့ ရောဂါသည်တွေလည်း ထိထိရောက်ရောက် အကူအညီရနိုင်မယ်။ လွယ်လည်းလွယ်ကူတဲ့အပြင် ငွေကြေး အကုန်အကျလည်း နည်းပါးတဲ့အစီအစဉ်ဖြစ်တာကြောင့် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် အစိုးရအနေဖြင့် ကျန်းမာရေးအဆင့်မြှင့်တင်မှုများကို လက်စွဲစာအုပ်များဖြန့်ဝေခြင်း၊ ပိုစတာများစိုက်ထူခြင်း၊ ရုပ်မြင်သံကြားမှတစ်ဆင့် ပညာပေးအစီအစဉ်များ ထုတ်လွှင့်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမေရိကန်ဒေါ်လာငါးသန်းခန့် သုံးစွဲသွားမည်ဖြစ်ကြောင်းသိရသည်။

**မွန်းဦးနဒီ**

# လျှပ်စစ်ဓာတ်အားပြန်ထုတ်နိုင်မည့်အမှိုက်မီးရှို့စက် ရွှေပြည်သာ၌ တည်ဆောက်ရန်စီစဉ်နေ

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေ့စဉ်ထွက်ရှိနေသောအမှိုက်များမှ လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်ယူနိုင်ရေး ကြိုးပမ်းလျက်ရှိရာ ရွှေပြည်သာမြို့နယ်ရှိ အမှိုက်မီးရှို့စက်ကို သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ရွှေပြည်သာမြို့နယ်မှာ တစ်နာရီလျှပ်စစ်ဓာတ်အား ကီလိုဝပ် ၇၀၀ အထိ ထုတ်လုပ်နိုင်တဲ့ အမှိုက်မီးရှို့စက်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ စီမံကိန်းကာလသတ်မှတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအမှိုက်မီးရှို့စက်က တစ်နေ့ အမှိုက်တန်ချိန် ၆၀ ကျော် မီးရှို့ဖျက်ဆီးနိုင်မှာဖြစ်ပါတယ်” ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တစ်နေ့ အမှိုက်တန်ချိန် ၁၆၀၀ ထွက်ရှိလျက်ရှိရာ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ထားဝယ်ချောင်အမှိုက်ပုံများသို့ တစ်နေ့တန်ချိန် ၈၀၀ စီပေးပို့လျက်ရှိကြောင်း၊ ထိန်ပင်အမှိုက်ပုံမှ မီသိန်းဓာတ်ငွေ့များ နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိပြီး ထားဝယ်ချောင်အမှိုက်ပုံမှလည်း တစ်နာရီကီလိုဝပ် ၂၀ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနအနေဖြင့် လွန်ခဲ့သော နှစ်နှစ်ခန့်က အဆိုပါထိန်ပင်နှင့် ထားဝယ်ချောင်အမှိုက်ပုံတို့တွင် အမှိုက်ပုံများမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများအား တင်ဒါခေါ်ယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိန်ပင်အမှိုက်ပုံမှ မီသိန်းဓာတ်ငွေ့မှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြစ်ပြီး ထားဝယ်ချောင်အမှိုက်ပုံမှ အမှိုက် မီးရှို့စက်အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းဖြစ်ရာ ယခုရွှေပြည်သာအမှိုက်ပုံမှလည်း မီးရှို့စက်အသုံးပြု၍ ဓာတ်အားထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့တော်တွင် လူဦးရေထူထပ်များပြားလာခြင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများတွင် ထုပ်ပိုးမှုနည်းပညာတိုးတက်လာခြင်းတို့ကြောင့် နေ့စဉ် အမှိုက်ထွက်ရှိမှု များပြားလာလျက်ရှိရာ ယခုကဲ့သို့ အမှိုက်မီးရှို့စက်များ အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်ခြင်းဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပိုမိုကောင်းမွန်လာအောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဆက်မပြတ်ကြိုးစားလျက်ရှိကြောင်း သိရသည်။

**သတင်း-ကြဲတိုင်းအောင်၊ ဓာတ်ပုံ-သဏ္ဍ**


## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဒေါက်တာဦးဖေညဏ် ၁၂/ဒဂတ(နိုင်)၀၁၇၉၅၆ သည် မိမိနှင့်သက်ဆိုင်သော မြေယာကိစ္စများနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမှ အထူးကိုယ်စားလှယ်လွှဲအပ်ထားခြင်းသော်လည်းကောင်း၊ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခြင်းသော်လည်းကောင်း မရှိပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမှလည်း မြေယာကိစ္စထုခွဲရောင်းချရန် စေခိုင်းခြင်းမျိုးလည်း မရှိပါကြောင်း အများသိစေရန် မြွက်ဟကြေညာအပ်ပါသည်။

ဒေါက်တာဦးဖေညဏ်
၁၂/ဒဂတ(နိုင်)၀၁၇၉၅၆
စန္ဒကူးမြိုင်ရိပ်သာ

## ဂရန်မူရင်းစာအုပ်အား ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ကံဘဲ့၊ မြေကွက်အမှတ်၁/င၊ မြေကွက်တည်နေရာအမှတ် ၂၁၊ ပြည်သာယာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးလွင်မြင့်(ခ) ဦးကျော်ဟိန်း+၅ အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ၁။ ဦးလွင်မြင့်(ခ) ဦးကျော်ဟိန်း ၁၂/ဗဟန(နိုင်)၀၆၄၂၂၉၊ ၂။ ဒေါ်ခင်အေးဝေ ၁၂/ရကန(နိုင်)၀၅၅၅၅၅၊ ၃။ ဒေါ်ခင်အေးကြူ ၁၂/ရကန(နိုင်)၀၅၆၁၂၂၊ ၄။ ဒေါ်ဆွေဆွေဝင်း ၁၂/ရကန(နိုင်)၀၃၈၈၂၆၊ ၅။ ဦးခင်ဇော် ၁၂/ပဇတ(နိုင်)၀၁၃၆၉၅၊ ၆။ ဒေါ်ခင်ထွေးရီ ၁၂/ရကန(နိုင်)၀၅၅၁၄၇တို့မှ ဂရန်ပျောက်ဆုံး တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးလွင်မြင့်(ခ) ဦးကျော်ဟိန်း+၅ အမည်ပေါက် မြေငှားစာချုပ်အမှတ် ရက တိုး-၃၀/၉၇ (၆-၁၁-၂၀၀၀)ပါ ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မီးသတ်ပြု

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ပြည်နယ်/ ပြည်နယ်ရုံးခွဲ/ ခရိုင်ရုံး ၁၁ ရုံးတည်ဆောက်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ် သော သတ်မှတ်စံချိန်စံညွှန်းပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၅ ရက် (စနေနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၆-၇-၂၀၁၅ ရက် (တနင်္လာနေ့)
(ဂ) **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်** - ၇-၇-၂၀၁၅ ရက် (အင်္ဂါနေ့)

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၄၂၅၀၊၀၈၁-၂၁၂၄၄၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ဝန်ထမ်းအလိုရှိသည်

၁။ စာရင်းကိုင် Excel ကျွမ်းကျင် ကျား/မ (၁)ဦး
၂။ Marketing ကျွမ်းကျင် မ (၄) ဦး

အမှတ်စဉ်(၁)အတွက်
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်။
လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

အမှတ် (၇၉၇)၊ အခန်း (၁၀၄)ဘီ ပထမထပ်၊
မြန်မာ့အလှတာဝါ (၂)၊
ဗိုလ်ချုပ်လမ်းနှင့်ပါးစမ်းလမ်းထောင့်၊
လမ်းမတော်မြို့နယ်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၂၄၇၀ Lifan 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းနိုင် ၉/ခမစ(နိုင်)၀၂၈၆၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8k/7289 Chin Dwin Star Truck Light Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေဖြိုး ၉/မရတ(နိုင်)၁၂၈၃၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဓ/၇၀၅၄ HNIN KYAR PHYU L/T(HKP) P/U(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီဌေး ၉/မနတ(နိုင်)၀၁၇၉၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ကျောက်နံရံ ဗုဒ္ဓရုပ်ပွားတော်များ ချမ်းမြေ့စွာဖူးမြော်နိုင်ရန် ဥဿာဝတီရေယာဉ်လိုင်းသစ် ဖွဲ့စည်းပြေးဆွဲ



အကောက်တောင် ရေယာဉ်ဆိပ်ကို တွေ့ရစဉ်။

**ပုသိမ် ဇွန် ၁၉**

ဧရာဝတီတိုင်း ဒေသကြီး ကြံခင်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် နယ်နိမိတ်ဆုံစည်းရာ ဧရာဝတီမြစ်ကမ်းဘေး၌ အကောက်တောင် ကျောက်နံရံကပ် ဗုဒ္ဓရုပ်ပွားတော်များကြည်ညိုဖွယ်ရာ တည်ရှိသည်။ ဘုရားဖူးခရီးသည် အများစုမှာ ဧရာဝတီမြစ်အတွင်းမှ စက်တပ်ရေယာဉ်ကြီး၊ ငယ်များနှင့် သွားလာမှုကို အများဆုံးနှစ်သက်ကြသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် ထုံးဘို- အကောက်တောင် ဆိပ်ကမ်းသို့ အရောက် ကနဦးပြေးဆွဲလျက်ရှိသော ရေယာဉ်ရှစ်စင်းအပြင် ခွင့်ပြုချက်တောင်းခံလျက်ရှိသော ရေယာဉ် ၁၇ စင်းနှင့် စုစုပေါင်း ၂၅ စင်း ပြေးဆွဲရန်စီစဉ်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီကလည်း ကြံခင်းမြို့နယ် အခြေပြု အကောက်တောင်-ထုံးဘိုခရီးစဉ်ကို ရေယာဉ် ၁၇ စင်းဖြင့် ပေါင်းစပ်၍ ပြေးဆွဲနိုင်ခွင့်ကို ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသို့ ခွင့်ပြုချက်လျှောက်ထားခဲ့သည်။

> **ထုံးဘို- အကောက်တောင် ဆိပ်ကမ်းသို့အရောက် ကနဦးပြေးဆွဲလျက်ရှိသော ရေယာဉ်ရှစ်စင်းအပြင် ခွင့်ပြုချက်တောင်းခံလျက်ရှိသော ရေယာဉ် ၁၇ စင်းနှင့် စုစုပေါင်း ၂၅ စင်း ပြေးဆွဲရန်စီစဉ်**

ဘုရားဖူးဧည့်သည်များစိတ်ချမ်းမြေ့သာယာစွာဖြင့် ဧရာဝတီမြစ်အတွင်းမှ ဘုရားဖူးသွားရောက်နိုင်ကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများသည် ဇွန် ၁၃ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ထုံးဘို-အကောက်တောင်အခြေပြု ဧရာနဒီရေယာဉ်လိုင်းနှင့် ကြံခင်း- အကောက်တောင်အခြေပြု ဧရာဝတီရေယာဉ်လိုင်း နှစ်ခုပူးပေါင်း၍ ရေယာဉ်ပိုင်ရှင်များ သဘောတူဆန္ဒဖြင့် ဥဿာဝတီရေယာဉ်လိုင်းသစ် ပဏာမဖွဲ့စည်းပေးခဲ့သည်။

ထို့အပြင် မိုးရာသီကာလတွင် ဘုရားဖူးများ ဧရာဝတီမြစ်ကြောင်းအတွင်းမှ အံ့ဖွယ်အကောက်တောင် ကျောက်နံရံဗုဒ္ဓ ရုပ်ပွားတော်များ စံပယ်နေပုံ၊ ရှုခင်းရှုကွက်များဖြင့် ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ရေကြောင်းအန္တရာယ် ကင်းရှင်းရေးအတွက် ရေယာဉ်ကိုယ် ထည်ကြံ့ခိုင်မှု၊ အသက်ကယ်ဝတ်စုံ ထားရှိမှုများအပြင် ရေယာဉ်ပိုင်ရှင်များ ရေယာဉ်မောင်းလုပ်သားများအား ရေကြောင်းအသိပညာပေး (အချိန်ပိုင်း) ပို့ချပေးခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ကိုယ်ဝန်ဆောင်များနှင့် မွေးဖွားပြီးမိခင်များအား အာဟာရဖြည့်စွက်အစာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် မေတ္တာစမ်းရေဆေးခန်း၌ လာရောက်ပြသသည့် ကိုယ်ဝန်ဆောင်များနှင့် မွေးဖွားပြီးမိခင်များကို ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ တာဝန်ရှိသူများက အာဟာရပြည့် ဖြည့်စွက်စာများ ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံရှိ ကိုယ်ဝန်ဆောင်များတွင် အာဟာရချို့တဲ့မှု များစွာဖြစ်ပေါ်လျက်ရှိကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်ဆောင် သွေးအားနည်းသည့်ရောဂါ ဖြစ်ပွားမှု ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုပေးနိုင်အောင် ဆောင်ရွက်နေသော်လည်း ကိုယ်ဝန်ဆောင်များ အနေဖြင့် စောင့်ရှောက်မှုခံယူရန် လာရောက်မှုအပိုင်းတွင် အားနည်းမှုများရှိနေသေးကြောင်း၊ ကိုယ်ဝန်ရှိပါက ဦးစွာတစ်ကြိမ် လာပြရမည်ဖြစ်ကြောင်းနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို အနည်းဆုံး လေးကြိမ် ခံယူရမည်ဖြစ်ပြီး တတ်ကျွမ်းသော ဆရာများနှင့် မွေးဖွားသင့်ကြောင်း မေတ္တာစမ်းရေဆေးခန်း တာဝန်ခံ ဒေါက်တာစမ်းစမ်းလှိုင်က ပြောသည်။

မေတ္တာစမ်းရေဆေးခန်းသို့ လာရောက်ပြသသည့် ကိုယ်ဝန်ဆောင်များအား အဓိက စားသုံးသင့်သည့် အစားအစာများအကြောင်း ပညာပေးခြင်းနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အခမဲ့ ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ဒီဆေးခန်းမှာလာပြတဲ့ ကိုယ်ဝန်ဆောင်တွေမှာ သွေးအားနည်းရောဂါ ဖြစ်တဲ့ ကိုယ်ဝန်ဆောင် ၅၄ ရာခိုင်နှုန်းကျော် ရှိပါတယ်။ အဲဒါကြောင့် ကိုယ်ဝန်စောင့်ရှောက်မှုခံယူဖို့လာရင် သွေးဥတွေကို စစ်ဆေးပါတယ်။ တစ်လတစ်ခါ အာဟာရယူနစ်တွေပေးတဲ့အပြင် ကျန်တဲ့ စစ်ဆေးမှုတွေလည်း လုပ်ပါတယ်။ ဒီအာဟာရယူနစ် ငါးကြိမ်စားပြီး ပြန်စစ်ဆေးလိုက်တဲ့အခါ သွေးအားနည်းရောဂါဖြစ်တဲ့ ကိုယ်ဝန်ဆောင် ၅၄ ရာခိုင်နှုန်းကနေ ၂၄ ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားတာ တွေ့ရပါတယ်" ဟု ဒေါက်တာဝင်းလှိုင်က ပြောသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလမှစတင်ပြီး မေတ္တာစမ်းရေဆေးခန်း၌ လာရောက်ပြသသည့် ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင်လေးလမှစတင်ပြီး မွေးဖွားပြီးအချိန်အထိ အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ဝန်ကြီးဌာနများမှ အလှည့်ကျ လာရောက်လှူဒါန်းပေးလျက်ရှိကာ ကိုယ်ဝန်ဆောင်စောင့်ရှောက်သည့် ဝန်ဆောင်မှု အခမဲ့ပေးထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ဇလောင်းကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ၂၀၁၅-၂၀၁၆ မိုးစပါးလျာထားချက် ပြည့်မီစိုက်ပျိုးရေးနှင့် ပုလဲသွယ်စပ်မျိုးစပါး အရှိန်အဟုန် မြှင့်တင်စိုက်ပျိုးထုတ်လုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၇ ရက်က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲ၌ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်၊ ကွင်းဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး ခရိုင်ဦးစီးမှူးက ခေတ်မီသိပ္ပံနည်းကျ စနစ်တကျ စိုက်ပျိုးနိုင်ရေး နည်းစနစ်များ ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက တောင်သူများအား စပ်မျိုးစပါးစိုက်ပျိုးပုံ နည်းစနစ်များ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု တောင်သူပညာပေးစခန်း (KC)တွင် မောင်းရမ်းအုပ်စုရှိ တောင်သူများကို ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ အထွက်နှုန်းကောင်းသော စပ်မျိုးစပါးစိုက်ပျိုးနည်းစနစ်များနှင့် ပြုစုပျိုးထောင်နည်းစနစ်များအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

# ပျိုးပင်များ ဖြန့်ဝေ

**ကြာအင်းဆိပ်ကြီး ဇွန် ၁၉**

ကြာအင်းဆိပ်ကြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းကျော်နှင့် ဝန်ထမ်းများက ကြာအင်းဆိပ်ကြီး မြို့ပေါ် (၆) ရပ်ကွက်အတွင်း စိုက်ပျိုးနိုင်ရန်အတွက် ဇွန် ၁၇ ရက် နံနက် ၇ နာရီက ကျွန်းပျိုးပင်များနှင့် မဟော်ဂနီပျိုးပင်များကို ရပ်ကွက်များအတွင်း လှည့်လည်ဖြန့်ဝေပေးခဲ့သည်။

ရပ်ကွက်အတွင်း နေထိုင်သူများက မိမိတို့နေထိုင်သည့် အိမ်ခြံဝင်းများ၊ ခြံစည်းရိုးများတစ်လျှောက်၌ စိုက်ပျိုးနိုင်ရန်အတွက် မြို့ပေါ် (၆) ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုပေါင်း ၉၀၀ကျော်အတွက် ကျွန်းပျိုးပင် ၂၇၀၀ နှင့် မဟော်ဂနီပျိုးပင် ၄၅၀၀ စုစုပေါင်း ပျိုးပင် ၇၂၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(iprd)**



ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးနိုင်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က ကြည့်မြင်တိုင် အထက(၁) မြဝတ်ရည်ခန်းမ၌ ကျင်းပရာ စမ်းချောင်းမြို့နယ် မီးသတ်ဗန်နယ်မြေမှူး ဦးကျော်လွင်ဦးက သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများ ဟောပြောစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**

# သမဝါယမချေးငွေ ထုတ်ချေး

**ဂန့်ဂေါ ဇွန် ၁၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းပေါင်း ၃၇၀၀ ကျော်တို့ မှ အသင်းသားပေါင်း ၂၀၀၀၀၀ ကျော်တို့အတွက် သမဝါယမချေးငွေကျပ်သန်း ၃၀၀၀၀ ကျော်ကို ဇွန် ၁၇ ရက်က ကျင်းပသော တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနား၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေက သမဝါယမလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံရန် ချေးငွေများကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်အောင်ကလည်းကောင်း၊ စက်ကိရိယာ ဝယ်ယူရေးချေးငွေများကို တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးဘိုအောင်ကလည်းကောင်း သမဝါယမအသင်းအသီးသီးသို့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ဗန်းမောက်မြို့နယ်၌ ချောင်းကြီးချောင်းကိုဖြတ် ကြိုးတံတားတည်ဆောက်ရန် ဒေသခံများ လိုလား

**ဗန်းမောက် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု သရက်ကုန်းရွာအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့ကိုဆက်သွယ် ဆောက်လုပ်ထားသော တံတားသည်သေးငယ်ပြီး မိုးတွင်းကာလတွင် ဖြတ်သန်းသွားလာရန်ခက်ခဲသဖြင့် ရာသီမရွေးသွားလာနိုင်သော ကြိုးတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ချောင်းကြီးချောင်းမှာ မိုးတွင်းကာလတွင် ချောင်းအသီးသီးမှစီးဝင်ကြသောရေ စီးဝင်မှုကြောင့် ရေစီးနှင့်အတူ တံတားမှာ နှစ်စဉ်မျောပါ လျက်ရှိသည်။ ထို့ကြောင့် မိုးရာသီတွင် ဒေသခံများ သွားလာရေးအဆင်ပြေစေရန် အလျားပေ ၂၄၀၊ အကျယ် ၁၂ ပေခန့်ရှိသော ကြိုးတံတားတစ်စင်းကို တည်ဆောက်နိုင်မှသာလျှင် ဖြတ်သန်းသွားလာမှု အဆင်ပြေလွယ်ကူနိုင်မည် ဖြစ်ကြောင်း သိရသည်။

ချောင်းကြီးချောင်းကြိုးတံတား တည်ဆောက်ရန်အတွက် မံအင်မင်းကုန်းကျေးရွာအုပ်စု အရှေ့ကုန်းရွာနှင့် ပုရင်းတောင်အနောက်ကုန်းရွာများမှ ကြိုးတံတားဖြစ်မြောက်ရေး နာယကများ၊ တံတားတည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီဝင်များကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း ပုရင်းတောင်အနောက်ကုန်းရွာ ရာအိမ်စုမှူး ဦးဝင်းဗိုလ်က ပြောသည်။



"အခု တည်ဆောက်မယ့် ကြိုးတံတားဟာ ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စုနဲ့မံလောင်ပေပင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားတဲ့ ချောင်းကြီးချောင်းပေါ်မှာ တည်ရှိပါတယ်။ ဒီတံတားကို နေ့စဉ်ဖြတ်သန်းသွားလာနေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ကျောင်းသူ ကျောင်းသားတွေ၊ တစ်နိုင်တစ်ပိုင်ရွှေလုပ်ကိုင်ကြသူတွေ၊ ဒေသခံတွေအတွက် အမှန်တကယ်လိုအပ်နေပါတယ်။ ချောင်းရေပြင်ကလည်းကျယ်လွန်းတော့ အခိုင်အမာဘေလီတံတားတည်ဆောက်နိုင်ဖို့ မလွယ်ပါဘူး။ ဒီလိုအခက်အခဲကို ဒေသခံတွေ နှစ်စဉ်ကြုံတွေ့နေရတာပါ။ ဒါကြောင့်ဆက်သွယ်သွားလာရေး အဆင်ပြေအောင် ချောင်းကြီးချောင်း ကြိုးတံတားကို တည်ဆောက်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု အရှေ့ကုန်းရွာ ရာအိမ်စုမှူး ဦးထွန်းအောင်က ပြောသည်။

အဆိုပါကြိုးတံတား ဆောက်လုပ်ပြီးစီးပါက ဗန်းမောက်မြို့နယ်၊ ပင်လယ်ဘူး မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များသို့ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်၍ ပညာရေး၊ လူမှုရေးနှင့်စီးပွားရေးလုပ်ငန်းများ အထောက်အကူပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(၁၄၉)**

# မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသ

**မင်းဘူး ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ ပံ့ပိုးကူညီမှုများဖြင့် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင်များကို မင်းဘူးမြို့ မျက်စိအထူးကုဆေးရုံကြီး၌ ဇွန် ၁၇ ရက်က အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။



အဆိုပါ အခမဲ့ခွဲစိတ်ကုသမှုခံယူနေသော မျက်စိဝေဒနာရှင်များကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်နှင့် အဖွဲ့ဝင်များ၊ မင်းဘူးခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး နေကာမျက်မှန်များ တပ်ဆင်ပေးကာ အာဟာရမုန့်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါ အခမဲ့မျက်စိ ခွဲစိတ်ကုသမှုတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင် ၂၅ ဦးကို မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဦးက ဦးဆောင်၍ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မြန်မာယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အတွေ့အကြုံ ရှင်းလင်း

**သီပေါ ဇွန် ၁၉**

နယူးဇီလန်နိုင်ငံ၌ ကျင်းပသော (ဖီဖာ) မြန်မာယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင်ပါဝင်သော သီပေါမြို့ဇာတိသား ကျောနံပါတ်(၁၀) ရှေ့တန်းတိုက်စစ်မှူး သန်းပိုင်၏ကမ္ဘာ့ဖလား ဘောလုံးအတွေ့အကြုံ ရှင်းလင်းပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀နာရီက သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ဂုဏ်ပြုစကားပြောကြားပြီး အားကစားသမားသန်းပိုင်က မြန်မာယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများက ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ကစားသမား သန်းပိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အားကစားသမားကြီး အသက် (၇၇နှစ်)ရှိ ဦးအောင်ခင်က မိမိတို့ငယ်စဉ်ဘဝ အားကစားလှုပ်ရှားမှုအခြေအနေနှင့် ယခုအခြေအနေများကို နှိုင်းယှဉ်ပြကာ အားကစားသမား မောင်သန်းပိုင်ကို အားကျအတုယူပြီး ထူးချွန်အောင် ကျင့်ကြံဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပြီး သန်းပိုင်ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(အောက်ပုံ)** **စိုင်း(သီပေါ)**



# သစ်တောထွက်ပစ္စည်း ဈေးကွက်ခိုင်မာမှုရှိလာလျှင် သစ်တောသစ်ပင် ချစ်ခင်တန်ဖိုးထားသူပိုများလာနိုင်

**မကွေး ဇွန် ၁၉**

မြန်မာလူမျိုးများအတွက် နှစ်ပေါင်းများစွာ ဈေးကွက်မဝင် တန်ဖိုးမရှိဖြစ်ခဲ့ရသော သစ်ပင်အချို့၏ အစေ့၊ အပွင့်၊ အသီး၊ အမြစ်နှင့်ဉများမှာ နှစ်အနည်းငယ်အတွင်း ဈေးကွက်ဝင်ပစ္စည်းများဖြစ်လာသည်နှင့်အမျှ ဒေသခံအများစု၏ စိတ်ဝင်စားမှုပိုမိုရရှိလာပြီး လုပ်ငန်းဈေးကွက်ခိုင်မာမှုရှိလာလျှင် သစ်တောသစ်ပင်ချစ်ခင်တန်ဖိုးထားသူပိုများလာနိုင်ကြောင်း မကွေးဒေသခံစိုက်ပျိုးရေးကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

သစ်တောဥပဒေအရ တားမြစ်ကုန်သတ်မှတ်ထားသော သစ်တောထွက်ပစ္စည်းများရှိသော်လည်း မကွေးဒေသတွင်း အရောင်းအဝယ်ကောင်းမွန်နေသော ဂျပ်စေ့၊ ဒန့်သလွန်စေ့၊ တရုတ်စကားပွင့်၊ ကြိမ်သီး၊ ပေသီး၊ ထန်းမြစ်၊ လိပ်ပြာဥ၊ တစ်လုံးဥ၊ ပိုးစာဥ စသည်တို့မှာ အလေ့ကျပေါက်သောအပင်များမှရရှိသော ပစ္စည်းများဖြစ်ပြီး အချို့မှာ ရင့်၍ကြွေချခြင်းတို့ကြောင့် ရရှိသော သစ်တောထွက်ပစ္စည်းများဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

"ဂျပ်စေ့ကတော့ နှစ်တိုင်းဈေးကွက်မာတယ်။ တစ်ပိဿာငွေကျပ် ၁၃၀၀၊ ၁၄၀၀ ဝန်းကျင်ဈေးကွက်ပေါက်ဈေးရှိပါတယ်။ ဒန့်သလွန်စေ့အရင့်ခြောက်က တစ်ပိဿာ ငွေကျပ် ၇၀၀၀ နဲ့ဈေးစပွင့်တယ်။ တရုတ်စကားပွင့်ခြောက်က မနှစ်ကငွေကျပ် ၂၇၀၀၀ ဒီနှစ်ငွေကျပ် ၄၀၀၀ ဈေးထိထိုးကျသွားတယ်။ ကြိမ်သီးကတော့ တစ်တင်းကို အစေ့ချွတ်ရင်ခြောက်ပိဿာရပြီး တစ်ပိဿာ ငွေကျပ် ၇၅၀၀ နဲ့ ပြန်ရောင်းရပါတယ်။ မနှစ်က ပေသီးအခွံ ချွတ်တစ်တင်းငွေကျပ် ၂၆၀၀၀၊ ဒီနှစ်မှာ ငွေကျပ် ၃၂၀၀၀၀ ထိ ဈေးတက်သွားတယ်။ တစ်ပင်ကို ပေသီး ၂၅ တင်းမှ တင်း ၄၀ ကျော်ထိ ထွက်ကြတာကြောင့် ရွာတွေမှာ ပေပင်ကို တန်ဖိုးကြီး သစ်ပင်တစ်ပင်လို့သဘောထားနေကြပြီ။ ဒီနှစ်ထန်းမြစ်က ငွေကျပ် ၁၂၀၀၀၊ လိပ်ပြာဥက ငွေကျပ် ၁၀၀၀၀ ကျော်၊ ရထားတွဲလို့ခေါ်တဲ့တစ်လုံးဥ ကငွေကျပ် ၈၀၀၀ ထိဈေးတက်လာတယ်။ ပိုးစာဥကလည်း ဒီနှစ်ငွေကျပ် ၆၀၀၀ ထိ ဈေးရလာပါတယ်" ဟု ဈေးကွက်ပေါက်ဈေးများအခြေအနေကို အဝယ်ဒိုင်လုပ်ငန်းသမားတစ်ဦးက ရှင်းပြသည်။

အဆိုပါ သစ်တောထွက်ပစ္စည်းများမှာ ဈေးကွက်တစ်ခုဖြစ်ပေါ်လာသည့်အတွက် မြို့နယ်နှင့် ကျေးရွာများရှိ ဒေသခံပြည်သူများအဖို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာသော်လည်း မန္တလေး၊ မူဆယ်အဝယ်ဒိုင်ကြီးများအပေါ်တွင်လည်းကောင်း၊ ပင်မအရင်းအမြစ်တရုတ်ဝယ်လက်အပေါ်တွင်လည်းကောင်း အမိကမှီခိုနေရကြောင်း၊ ခိုင်မာသောဈေးကွက်တစ်ခုဖြစ်ထွန်းလာစေရန် ဈေးပြိုင်ဝယ်လက်များပေါ်ထွန်းလာပြီး ဒေသတွင်းထုတ်ကုန်သစ်များအတွက် အသုံးတည့်မှုများရှိရန်လိုအပ်နေသေးကြောင်း ဈေးကွက်အရောင်းအဝယ်သမားများ အသိုင်းအဝိုင်းမှ သိရသည်။

**ဇေယျာတု(မကွေး)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၆)တွင် ပါရှိသော တရားလွှတ်တော်တရားသူကြီးချုပ် ပုသိမ်အကျဉ်းထောင်ကြည့်ရှုစစ်ဆေးသတင်း၌ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အစား တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

**မောင်စော(iprd)**

# ကျောင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရဲတပ်ဖွဲ့က ပူးပေါင်းဆောင်ရွက်လျက်ရှိ



**ထန်တလန် ဇွန် ၁၉**

ထန်တလန်မြို့ အခြေခံပညာအထက်တန်း၌ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်များတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ထန်တလန် မြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

“ထန်တလန်မြို့မှာ မော်တော်ဆိုင်ကယ် မတော်တဆအဖြစ်များတဲ့ နေရာက အထက(၁) ကျောင်းရှေ့နေရာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့က အခုလိုဆောင်ရွက်ပေးတာကြောင့် ကျွန်မတို့လို ကလေးတွေကို ကြိုပို့မလုပ်ပေးနိုင်တဲ့ မိဘတွေအတွက် စိတ်ချမ်းသာရပါတယ်”ဟု ဒေသခံကျောင်းသားမိဘတစ်ဦးက ပြောသည်။

အထက(၁) ထန်တလန်ကျောင်းသည် မြို့၏တစ်ခုတည်းသော ပင်မလမ်းဖြစ်သည့် ဗိုလ်ချုပ်လမ်းနှင့် လုံလဲရှလမ်းဆုံတွင်တည်ရှိကာ မြို့ခံများအပြင် ကျေးလက်ဒေသမှလာသော မော်တော်ဆိုင်ကယ်များ အမြဲမပြတ်သွားလာနေသောလမ်းဖြစ်သည်။ ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်များတွင် ယာဉ်ကြောပို၍ရှုပ်ထွေးသဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ရန် လိုအပ်နေသောနေရာဖြစ်ကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**ချောင်းဦး ဇွန် ၁၉**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၇ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ချောင်းဦးမြို့နယ် ဥပဒေအရာရှိ ဒေါ်စုလှဲ့အောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုဝင်းကစာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာပြီး မူးယစ်ဆေးဝါး အန္တရာယ်ကို တားဆီးကာကွယ်နိုင်ရန်ကိုလည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးညွန့်သန်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးနှင့်အန္တရာယ်ဖြစ်စေနိုင်ပုံများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### မိုးစပါးစိုက်ပျိုးမှုတိုးတက်ရေး ပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

ယခုနှစ် မိုးစပါးစိုက်ရာသီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်၌ မိုးစပါးစိုက်ပျိုးမှု လျာထားချက်ပြည့်မီရေးအတွက် တောင်သူပညာပေး ဆွေးနွေးပွဲကို ညောင်ပင်ကြီးစုကျေးရွာ၌ ဇွန် ၁၇ ရက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဖိုးတိုးတို့က ယခုနှစ်မိုးစပါးစိုက်ရာသီတွင် ပုဗ္ဗသီရိမြို့နယ်အတွင်းမှ တောင်သူများ၏ စပါးစိုက်ပျိုးမှု အောင်မြင်တိုးတက်ရေးအတွက် ပုလဲသွယ် စပ်မျိုးစပါး မျိုးကောင်းမျိုးသန့်များကို ဖြန့်ချိပေးထားပြီးဖြစ်ကြောင်းနှင့် စိုက်နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးစသည့် သွင်းအားစုများကို စနစ်တကျအသုံးချရေးတို့ကို ရှင်းလင်းဟောပြောခဲ့သည်။

ဆွေးနွေးပွဲသို့ ညောင်ပင်ကြီးကျေးရွာအုပ်စုနှင့် အောင်သုခကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ကိုပေါက်(ဥတ္တရမြေ)**

# နတ်တလင်းမြို့နယ် အနောက်ဘက်တွင် မိုးမရွာသဖြင့်လွန်ဆွဲပွဲကျင်းပ



**နတ်တလင်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ဘက် တာပွန်ကျေးရွာ၌ ဇွန်လအလယ်အထိ မိုးမရွာသေးသဖြင့် လွန်ဆွဲပွဲများကို ဇွန် ၁၆ ရက်မှစ၍ ညနေပိုင်းအချိန်များတွင် လူငယ်များကဦးဆောင်ပြီး အပိုင်းလိုက် ကျင်းပနေကြကြောင်း သိရသည်။

တာပွန်တောင်ပိုင်းရပ်နေ လယ်သမားတစ်ဦးက “ကျွန်တော်တို့ဒေသမှာ မိုးခေါင်နေတယ်။ စပါးစိုက်ပျိုးရေးအတွက် ပျိုးခင်းတောင်မရသေးဘူး။ ဒါကြောင့် မိုးတစ်ဖက်လေတစ်ဖက်ဆိုပြီး မြန်မာတို့အစဉ်အလာအရ လွန်ဆွဲပွဲ ပြုလုပ်ကြတာပါ။ မနေ့တုန်းကတော့ လွန်ဆွဲပွဲပြီးတာနဲ့ မိုးကြီးကြီးမားမားရွာချတယ်။ မိုးဦးကျတဲ့အချိန်ကစပြီး အခုရွာတဲ့မိုးက အကြီးဆုံးရွာတဲ့မိုးပါ”ဟု ပြောသည်။ လွန်ဆွဲပွဲကို သုံးရက်ဆက်တိုက် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် လွန်ဆွဲပွဲသို့လာ၍ လွန်ဆွဲကြသူများနှင့် လာရောက်အားပေးကြသူများကို ရပ်ကွက်နေအလှူရှင်များက အကျွေးအမွေးအစီအစဉ်များ ဒါနပြုဧည့်ခံလျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# တောင်ကြီးတက္ကသိုလ်၌ မူးယစ်ဆေးဝါး၏အန္တရာယ်များအကြောင်း ဟောပြော

**တောင်ကြီး ဇွန် ၁၉**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လူထုအသိပညာပေး အကြိုဟောပြောပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ဇွန် ၁၇ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲ(၂)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြည်နယ်ဥပဒေရုံးမှ လက်ထောက်ပြည်နယ်ဥပဒေအရာရှိ ဒေါ်မိုးမြတ်မြတ်ခိုင်က လူငယ်များမူးယစ်ဆေးဝါး သုံးစွဲခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ တောင်ကြီးတက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာစိုးစိုးနွယ်က လူငယ်များမူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ကြုံတွေ့နိုင်သည့် ဆိုးကျိုးများကို လည်းကောင်း၊ တောင်ကြီးမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)မြို့မရဲစခန်းမှူး ဒုတိယရဲမှူးထိန်လင်းက တောင်ကြီးမြို့ပေါ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ရောင်းဝယ်သူများကို ဖမ်းဆီးအရေးယူနိုင်မှုများနှင့် မူးယစ်ဆေးဝါး ဖျက်ဆီးနိုင်မှုများကို လည်းကောင်း၊ ခရိုင်ကျန်းမာရေးရုံးမှ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က လူငယ်များဆေးစွဲနေမှုနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်အေးကြည်စိန်က လူငယ်ပတ်ဝန်းကျင်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းများကို လည်းကောင်း အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးတွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သည့်ယင်းမာစီမံချက်အရ ဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဟောပြောပွဲသို့ တောင်ကြီးတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# လမ်းတိုးချဲ့ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**တောင်သာ ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်နှင့် ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အကြားရှိ ရန်ကုန်-ပြည်-မန္တလေးကားလမ်းပိုင်း မိုင်တိုင်အမှတ်(၄၃၆/၄)မှ(၄၃၉/၄)အထိ လမ်းပခုံးသားတိုးချဲ့ ဆောင်ရွက်နေမှုများကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ဇွန် ၁၃ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်လမ်းဦးစီးဌာနမှူး ဦးခင်မောင်ထွေး၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်နှင့် တောင်သာမြို့နယ် လမ်းဦးစီးဌာနမှူးတို့က ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့သည်။ အဆိုပါလမ်းပိုင်းသည် ယခင်က ၁၂ ပေအကျယ်သာရှိပြီး ယခုအခါ တစ်ဖက်လျှင် သုံးပေစီတိုးချဲ့၍ ၁၈ ပေအကျယ်လမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# သဘင်ပညာရှင်များ ငွေစုငွေချေးသမဝါယမဖွဲ့စည်းရန် ဆွေးနွေး

**ကျောက်ပန်းတောင်း ဇွန် ၁၉**

သဘင်အနုပညာရှင်များ ငွေစုငွေချေးသမဝါယမ ဖွဲ့စည်းနိုင်ရေးအပါအဝင် ဇာတ်သဘင်လောက တိုးတက်ရေးအတွက် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)နှင့် မြို့နယ်သဘင်ပညာရှင် အလုပ်အမှုဆောင်များ၊ အစည်းအရုံးဝင်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မြို့နယ်သဘင်အစည်းအရုံးအဆောက်အအုံ၌ ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌဦးမြကြည်က မြို့နယ်များရှိ သဘင်ပညာရှင်များအချင်းချင်း စည်းလုံးညီညွတ်မှုဖြင့် ကူညီဖေးမကာ အစည်းအရုံးကြီးခိုင်မာအောင် ဆောင်ရွက်ကြရေးနှင့် သဘင်အနုပညာရှင်များ၏ လူနေမှုဘဝမြှင့်တင်နိုင်ရေးအတွက် မြို့နယ်အစည်းအရုံးများအနေဖြင့် သဘင်အနုပညာရှင်များ ငွေစုငွေချေးသမဝါယမ ဖွဲ့စည်းနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု သဘင်အနုပညာလုပ်ငန်းများကိုလည်း ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ကွယ်ရလေအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသဘင်အနုပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ မြေလတ်ဦးစောလှိုင်၊ ပြန်ကြားရေးမှူးဦးဝင်းကြိုင်၊ မကွေးတိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်ငွေးဝင်း၊ အတွင်းရေးမှူး ဦးမင်းခန့်ကိုနှင့် မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး၊ ပခုက္ကူ၊ ချောက်မြို့နယ်များမှ သဘင်အစည်းအရုံး အလုပ်အမှုဆောင်များ၊ ကျောက်ပန်းတောင်းမြို့နယ် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးမိုးကျော်နှင့် အလုပ်အမှုဆောင်များ၊ အစည်းအရုံးဝင် သဘင်အနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။ **နေအောင်(iprd)**



# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**မအူပင် ဇွန် ၁၉**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ စီစဉ်ညွှန်ကြားမှုဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းကို မအူပင်ခရိုင် ရွေးကောက်ပွဲကော်မတီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မအူပင်ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် မြို့နယ်နှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ သိရှိထားရမည့် ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကော်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ မအူပင်ခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်နှင့် ဓနုဖြူမြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မအူပင်ခရိုင်အတွင်းရှိ နိုင်ငံရေးပါတီခြောက်ခုမှ ပါတီကိုယ်စားလှယ်များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

သင်တန်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ကြီးကြပ်၍ ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ၊ အထွေထွေဗဟုသုတများကို ဆွေးနွေးပို့ချမည်ဖြစ်သည့်အပြင် မဲရုံတွင် ဆန္ဒမဲပေးခြင်း လက်တွေ့သရုပ်ပြပွဲကိုလည်း ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်စာရင်းကို ဇွန် ၂၂ ရက်တွင် စတင်ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ရပ်ကွက်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ စာရင်းများကို ကပ်ထားပေးမည်ဖြစ်ကြောင်း သိရသည်။ **(ဝဇီရ)**

# မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလုပ်ငန်းများဆောင်ရွက်သည့် ရွေ့လျားစာကြည့်တိုက်ယာဉ် ပေါင်မြို့သို့ရောက်ရှိ

**ပေါင် ဇွန် ၁၉**

မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေးအတွက် ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရွေ့လျားစာကြည့်တိုက် ယာဉ်ဖြင့် မြို့နယ်များသို့လှည့်လည်၍ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သထုံခရိုင် ပေါင်မြို့နယ်သို့ ဇွန် ၁၇ ရက်တွင် ရောက်ရှိကြောင်း သိရသည်။



မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ သထုံခရိုင်ရဲအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်အောင်ခင်ညွန့်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု(၃၈)မှ ရဲအရာခံအေးကျော်နှင့် ပေါင်မြို့နယ်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးတို့က မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)နှင့် လူမှုအဖွဲ့စည်းများနှင့် ပူးပေါင်း၍ ပေါင်မြို့နယ်အတွင်းရှိ အထက(မုတ္တမ)၊ အထက(ပေါင်)၊အထက(ဇင်းကျိုက်)၊အထက(ရင်းငြိမ်)ကျောင်းများ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ရွေ့လျားစာကြည့်တိုက် ယာဉ်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးအစီအစဉ်များကို လှည့်လည်ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများ လာရောက်ကြည့်ရှုခဲ့သည်။ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် ဆက်)**



# ကျောင်းဖွင့်ချိန်ဖြစ်၍ စက်ဘီးများ အရောင်းသွက်နေ

**ရေတာရှည် ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စာသင်ကျောင်းများ စတင်ဖွင့်လှစ်ချိန်မှစ၍ စက်ဘီးအရောင်းဆိုင်များတွင် စက်ဘီးများ အရောင်းသွက်လျက်ရှိနေကြောင်း စျေးကွက်သတင်းများအရ သိရသည်။

အလယ်တန်းနှင့်အထက်တန်းပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများက ကျောင်းတက်ရန် စက်ဘီးများကို အဓိကဝယ်ယူအသုံးပြုသည့်အတွက် ကျပ်ခြောက်သောင်းနှင့်အထက်စျေးနှုန်းရှိသော စက်ဘီးများ အရောင်းသွက်နေကြောင်း အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

"ငါးသောင်းခွဲနဲ့ ရှစ်သောင်းကြားတန် စက်ဘီးတွေအရောင်းသွက်ပါတယ်။ အချို့ကလည်း ပစ္စည်းအပေါ်မူတည်ပြီး တစ်သိန်းကျော်အထိ ဝယ်ကြတာလည်းရှိတယ်။ ဂီယာပါတဲ့ဘီးတွေက ပိုရောင်းရတယ်။ အချို့ကလည်း အပေါင်ဆုံးတွေကို ရှာဝယ်တာလည်းရှိတယ်။ အဲဒီပစ္စည်းတွေက ငွေပေါ်ရောင်းတော့ စျေးသက်သက်သာသာနဲ့ရတာပေါ့"ဟု အထက်ပါဆိုင်ရှင်ကပင်ပြောပြသည်။ စက်ဘီးစျေးကွက်တွင် တရုတ်၊ ထိုင်းနှင့် ဂျပန်စက်ဘီးများက အရောင်းအဝယ်သွက်နေကြောင်းနှင့် ကျေးလက်ဒေသများမှ မြို့ကျောင်းတက်ရန်လိုအပ်သည့် ကျောင်းသားကျောင်းသူများအနေဖြင့် ကားစီးရန်အခက်အခဲကြောင့် စက်ဘီးကို အဓိကဝယ်ယူကြခြင်းဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ကလေးများအား ကျန်းမာရေးစစ်ဆေး ကုသမှုဆောင်ရွက်ပေး

**ရေဦး ဇွန် ၁၉**

ကျောင်းနေအရွယ်ကလေးများ ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေးရည်ရွယ်၍ ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်းကို ရေဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်လေးဆောင်၌ ဇွန် ၁၇ရက်တွင် ပြုလုပ်ခဲ့သည်။

ကျန်းမာရေးစစ်ဆေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာမင်းမင်းချို၊ သွားဆရာဝန် ဒေါက်တာမွန်ရည်ဦး၊ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်သောင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အရံသားဖွားဆရာမများက သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ၄၉၆ ဦးတို့အား ကိုယ်အလေးချိန်စစ်ဆေးခြင်း၊ သွားနှင့်ခံတွင်း စမ်းသပ်စစ်ဆေးပေးခြင်း၊ သံချဆေးတိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး သွားမကောင်းသည့် ကလေး ၂၆ ဦးအား သွားနှုတ်ပေးခြင်းနှင့် သွားထပ်သွားပိုးစားကလေး ၁၈ ဦးအား ဆေးရုံသို့ခေါ်ကာ စနစ်တကျ သွားနှုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ကျောင်းတွင်းရေလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**



# ဂျာမနီကို အခက်တွေ့စေမယ့် ချက်လူငယ်အသင်း

ယူအီးအက်ဖ်အေ ယူ-၂၁အုပ်စု ပွဲစဉ်တွေကို ဇွန် ၂၃ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အုပ်စု (A) မှာ ချက်နဲ့ ဂျာမနီ၊ ဒိန်းမတ်နဲ့ ဆာဘီးယားတို့ ကစားကြမှာဖြစ်ပြီး အုပ်စု (B)မှာ အင်္ဂလန်နဲ့ အီတလီ၊ ပေါ်တူဂီနဲ့ ဆွီဒင်တို့ ဆင်နွှဲကြမှာဖြစ်ပါတယ်။ အုပ်စုမှနောက်တစ်ဆင့်တက်ရေး အရေးကြီးတဲ့ပွဲစဉ်တွေမို့ ရေကုန်ရေခမ်းကစားကြမယ့် ပွဲစဉ်တွေအဖြစ် အားပေးရဦးမှာဖြစ် ပါတယ်။



### ချက်နှင့် ဂျာမနီ

ဒီနှစ်သင်းဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က ချစ်ကြည်ရေးခြေစမ်းပွဲကစားခဲ့ရာမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပါတယ်။ ချက်အသင်းဟာ ဒိန်းမတ်နဲ့ကစားခဲ့တဲ့ပွဲမှာလည်း နှစ်ဂိုးစီ သရေဖြစ်ခဲ့တာမို့ အခုပွဲမှာ ဂျာမနီအသင်းကို ဘယ်လိုတုန့်ပြန်နိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။ ချက်နဲ့ ဂျာမနီတို့ စုစုပေါင်း ခုနစ်ကြိမ်တွေ့ဆုံခဲ့ရာမှာ ချက်က တစ်ပွဲနိုင်ပြီး ဂျာမနီက သုံးပွဲနိုင်ကာ သရေသုံးပွဲ ဖြစ်ထားပါတယ်။ အဲဒီခုနစ်ပွဲမှာ ဂျာမနီက ရှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ချက်အသင်းက ငါးဂိုးသွင်းယူနိုင်ခဲ့တာမို့ အခုပွဲမှာလည်း အပြန်အလှန်ဂိုးတွေ သွင်းယူကြဦးမှာဖြစ်ပါတယ်။ ချက်အသင်းဟာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တွေရရှိထားပြီး ဂျာမနီတို့က နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကို ရယူထားနိုင်ပါတယ်။ ချက်အသင်းမှာ ကာမင်နစ်က ဂိုးသွင်းစွမ်းရည်ထက်မြက်သလို ဂျာမနီအသင်းမှာလည်း ဖီလစ်ဟိုဖ်မင်းက ဂိုးတွေဦးဆောင်သွင်းနိုင်သူ ဖြစ်ပါတယ်။ ဒါပေမယ့် အသင်းလိုက်စွမ်းဆောင်မှုမှာ ဂျာမနီတို့က ပိုပြီး အားသာချက်ရှိတာမို့ ဂျာမနီတို့ ဒီပွဲမှာ အောင်ပွဲခံနိုင်မှာဖြစ်ပါတယ်။

### ဒိန်းမတ်နှင့်ဆာဘီးယား

အုပ်စု (A) က ဒိန်းမတ်နဲ့ဆာဘီးယားတို့ စုစုပေါင်း ခြောက်ကြိမ်တွေ့ဆုံခဲ့ရာမှာ နှစ်ပွဲစီနိုင်ပြီး နှစ်ပွဲသရေနဲ့ တစ်ပွဲစီရှုံးပွဲကြုံတွေ့ထားပါတယ်။ ဒိန်းမတ်အသင်းဟာ ၁၉၉၂ ခုနှစ်က အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းရှိထားပါတယ်။ ဆာဘီးယားအသင်းကတော့ ၂၀၀၆ ခုနှစ်မှာ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းရှိပေမယ့် ၂၀၀၉ ခုနှစ်မှာတော့ အုပ်စုအဆင့်ထိပဲ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒိန်းမတ်နည်းပြ ဂျက်သိုရက်ဟာ ဒိန်းမတ်ရဲ့ တစ်နှစ်တာအကောင်းဆုံး နည်းပြဆု ရရှိထားခဲ့ဖူးသူဖြစ်ပြီး ကစားသမားတွေကို စနစ်တကျ နေရာချထားတတ်သူ ဖြစ်ပါတယ်။ ဆာဘီးယားနည်းပြ ဒိုဒစ်ကတော့ ပြီးခဲ့တဲ့ ဒီဇင်ဘာလကစပြီး ဆာဘီးယား ယူ-၂၁အသင်းကို ကိုင်တွယ်ခဲ့တာမို့ ကစားသမားတစ်ဦးချင်းရဲ့စွမ်းရည်တွေကို သိရှိကာ ပြိုင်ဘက်အသင်းရဲ့ နည်းဗျူဟာကို အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ စနစ်တကျပြင်ဆင်တတ်သူဖြစ်ပါတယ်။ ဒါကြောင့် ဒိန်းမတ်ရဲ့ ဂိုးသွင်းထက်မြက်တဲ့ ခရစ္စတင်းဆင်နဲ့ ဆာဘီးယားရဲ့တိုက်စစ်မှူး မီဒရိုဗစ်တို့ရဲ့ အားပြိုင်မှုကို တွေ့မြင်ရမှာဖြစ်ပြီး ဒိန်းမတ်က အသာစီး ရယူသွားနိုင်မယ်လို့ ယူဆပါတယ်။

### အင်္ဂလန်နှင့်အီတလီ

အသက် ငယ် ငယ် ရွယ် ရွယ် နဲ့ အင်္ဂလန် ယူ-၂၁ကို နည်းပြတာဝန်ယူထားတဲ့ ဆောက်ဂိတ်ဟာ အင်္ဂလန်လူငယ်ကစားသမားတွေကို စိတ်တိုင်းကျ ရွေးချယ်ဖွဲ့စည်းထားပါတယ်။ ၁၉၈၂ နဲ့ ၁၉၈၄ ခုနှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ အင်္ဂလန်အသင်းဟာ ဒီနှစ်မှာလည်း ရည်မှန်းချက်မြင့်မြင့်ထားပြီး ဖလားရယူရေးကြိုးစားနေပါတယ်။ အင်္ဂလန်တို့က တိုက်စစ်အားကောင်းသလို ကွင်းလယ်နဲ့နောက်တန်းခံစစ်မှူးတွေလည်း အင်အားအပြည့်အဝရှိနေပါတယ်။ အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် လေးပွဲနိုင်ပြီး တစ်ပွဲရှုံးထားသလို အီတလီတို့ကလည်း နောက်ဆုံးငါးပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တွေရရှိထားတာမို့ အင်္ဂလန်တို့ ခြေစွမ်းက ပုံမှန်ဖြစ်နေပါတယ်။ အီတလီရဲ့ လက်ရှိကစားအားနဲ့ အင်္ဂလန်ကို ကျော်ဖြတ်ဖို့ဆိုတာ မလွယ်ပါဘူး။

### ပေါ်တူဂီနှင့်ဆွီဒင်

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၂၀၀၄ ခုနှစ်မှာ ဆွီဒင်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ပေါ်တူဂီအသင်းဟာ ၁၉၉၄ ခုနှစ်ဟာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ တတိယဆုရရှိခဲ့တဲ့ အစဉ်အလာတော့ ရှိပါတယ်။ ဆွီဒင်တို့ကတော့ ၁၉၉၂ ခုနှစ်မှာ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ဒုတိယနဲ့ကျေနပ်ခဲ့ရပါတယ်။ ၁၉၉၀၊ ၂၀၀၄ နဲ့ ၂၀၀၉ ခုနှစ်တွေမှာ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး ၂၀၁၁ နဲ့ ၂၀၁၃ ခုနှစ်တွေမှာတော့ ခြေစစ်ပွဲမအောင်ခဲ့ပါဘူး။ ဒီလိုအစဉ်အလာရှိနေတဲ့ နှစ်သင်းတွေ့ဆုံမှုမှာ ပေါ်တူဂီနည်းပြ ဂွိုင်ဂျော့အနေနဲ့ ဆွီဒင်ကိုအနိုင်ယူဖို့ ပြင်ဆင်ပါလိမ့်မယ်။ ဆွီဒင်နည်းပြ အီရစ်ဆင်ကလည်း ပြိုင်ဘက်အသင်းရဲ့အားနည်းချက်ကို ရှာဖွေတတ်သူမို့ နည်းပြနှစ်ဦးရဲ့ စွမ်းရည်ပြသမယ့်ပွဲလည်းဖြစ်နေပါတယ်။ လက်ရှိခြေစွမ်းအရ အောင်မြင်မှုအတွက် ခြေကုန်ထုတ်မယ့် ဂွန်ကာလို၊ ကာလိုစ်မိန်းနဲ့ ဟော်တာတို့ရဲ့ပေါ်တူဂီတို့ပွဲ အခြေအနေကောင်း သွားပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

---

## ပွဲသိမ်းခရာမှုတ်ပြီးမှ အနီကတ်အပြခံရတဲ့ နေမာ

ဘရာဇီးတိုက်စစ်မှူးနေမာဟာ ချီလီနိုင်ငံမှာ ကျင်းပနေတဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲအဖြစ် ကိုလံဘီယာအသင်းနဲ့ ကစားစဉ် ပွဲပြီးခရာမှုတ်ပြီးမှ အနီကတ်ပြခံလိုက်ရပါတယ်။ ဒီပွဲမှာ ကိုလံဘီယာအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်တာပါ။ ကိုလံဘီယာက ဘရာဇီးကို ၁၉၉၁ ခုနှစ် နောက်ပိုင်း ပထမဆုံးအနိုင်ရတဲ့ပွဲလို့ ဆိုပါတယ်။ ဘာစီလိုနာတိုက်စစ်မှူး နေမာဟာ ပွဲသိမ်းခရာမှုတ်ပြီးမှ ကိုလံဘီယာနောက်တန်းကစားသမား ဂျက်ဆင်မူရီလိုထံ ဘောလုံးကိုကန်ထည့်လိုက်တဲ့အတွက် ကစားသမားတစ်ဦးကို အကြောင်းမဲ့နာကျင်စေခဲ့ခြင်းကြောင့် ကွင်းလယ်ဒိုင်လူကြီးက နေမာကို အနီကတ်ပြလိုက်ပါတယ်။ နောက်တန်းကစားသမားမူရီလိုဟာ ကိုလံဘီယာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ မူရီလိုဟာ ပွဲစပြီး ၃၆ မိနစ်မှာ ကိုလံဘီယာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့တာပါ။ နေမာဟာ မနာလိုစိတ်ဖြင့် မူရီလိုကို ပွဲအပြီးခရာမှုတ်ချိန်မှာ ဘောလုံးကန်ထိမှန်စေပြီး နာကျင်မှုဖြစ်အောင် လုပ်ခဲ့တယ်လို့ ဆိုပါတယ်။






## ပရီမီယာလိဂ်ထိပ်သီးတွေ ရာသီအစတာထွက်ကောင်းနိုင်

လာမယ့် ပရီမီယာလိဂ်ပြိုင်ပွဲအတွက် ပွဲစဉ်တွေကတော့ ထွက်ပေါ်လာပါပြီ။ ၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ဘောလုံးရာသီကို လာမယ့် ဩဂုတ် ၈ရက်နဲ့ ၉ ရက်တွေမှာ စတင်ကစားမှာဖြစ်ပါတယ်။ ထိပ်သီးအသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်စီးတီးနဲ့ အာဆင်နယ်တို့ကတော့ တာထွက်ကောင်းမယ့်အနေအထားရှိနေပါတယ်။ လက်ရှိ ချန်ပီယံ ချယ်လ်ဆီးက ဆွမ်ဆီးအသင်းနဲ့ အိမ်ကွင်းကစားရမှာဖြစ်ပါတယ်။ မန်စီးတီးကတော့ ဝက်စ်ဘရွန်းကွင်းမှာ သွားရောက်ကစားမှာဖြစ်ပါတယ်။ ဒီအတောအတွင်း မန်ယူကတော့ အိုးထရက်ဖို့ဒ်မှာ စပါးနဲ့တွေ့မှာဖြစ်ပါတယ်။ ဖလားရဖို့ မျှော်လင့်ထားတဲ့ အာဆင်နယ်ကတော့ ဝက်စ်ဟမ်းကို လက်ခံကစားမှာဖြစ်ပါတယ်။ လီဗာပူးကလည်း စတုတ်အိမ်ကွင်းမှာ ကစားရမှာဖြစ်ပါတယ်။ နယူးကာဆယ်က ဆောက်သမ်တန်နဲ့တွေ့ပြီး လီဆက်စတာက ဆန်းဒါးလန်းနဲ့ကစားရမှာဖြစ်ပါတယ်။ တန်းတက်ဘုန်းမောက်၊ ဝက်ဖို့ဒ်နဲ့ နော့ဝှစ်တို့ကတော့ အက်စ်တွန်ဗီလာ၊ အဲဗာတန်၊ ခရစ္စတယ်ပဲလေ့စ်အသင်းတွေနဲ့ အသီးသီးကစားကြမှာဖြစ်ပါတယ်။ ဒီ့အတွက် ထိပ်သီးအသင်းတွေအနေနဲ့ ရာသီအစအဖွင့်ပွဲမှာ တာထွက်ကောင်းနိုင်ပါတယ်။

**ကောင်းမြတ်သူ စုစည်းသည်**

## ဆွမ်ဆီးတိုက်စစ်အတွက်ရောက်လာမယ့် ဂါနာတိုက်စစ်မှူး



ဂါနာတိုက်စစ်မှူး အန်ဒရီအာယောကို စာချုပ်နိုင်ခဲ့ခြင်းကို ဆွမ်ဆီးအသင်းခေါင်းဆောင် အက်ရှ်လေဝီလျံက ကြိုဆိုလိုက်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး အာယောဟာ ၂၀၁၁ ခုနှစ်အတွင်း အာဖရိကအကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့တဲ့သူဖြစ်ပါတယ်။ သူဟာ မာဆေးနဲ့စာချုပ်သက်တမ်းကုန်ဆုံးပြီး လေးနှစ်စာချုပ်နဲ့ ဆွမ်ဆီးသို့ ရောက်ရှိလာခြင်းဖြစ်ပါတယ်။ အာယောဟာ မာဆေးနဲ့ ဂါနာအသင်းရဲ့ ဂန္ထဝင်ဘောလုံးကစားသမားကြီး အဘီဒီပီလီရဲ့သားဖြစ်ပါတယ်။ သူဟာ ဒီတစ်ပတ်ထဲမှာပဲ ဆွမ်ဆီးနဲ့ ဆေးစစ်မှုခံယူဖို့ ရောက်ရှိလာမယ်လို့ဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အာယောကို ခေါ်ယူနိုင်ခဲ့တဲ့အတွက် လာမယ့်ရာသီမှာ အကောင်းဆုံးသော ရလဒ်တွေကို ပိုင်ဆိုင်နိုင်ပါလိမ့်မယ်လို့ အသင်းခေါင်းဆောင် အက်ရှ်လေဝီလျံက ဆိုပါတယ်။ လာမယ့်ရာသီမှာ အာယောအနေနဲ့ ဂိုမစ်နဲ့အတူ အတွဲညီတိုက်စစ်မှူးအဖြစ်ကစားရဖွယ်ရှိနေပါတယ်။

# တောင်သူလက်တွင် ပစ္စည်းနည်းချိန် ကြက်သွန်နီဈေးအနည်းငယ်တက်



**ရေစကြို ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ဇွန် ၁၇ ရက်က ကြက်သွန်နီပွဲရုံဝယ်ဈေးမှာ ငွေကျပ် ၄၅၀၊ ၄၇၅ ထိ ဈေးပွင့်လာကြောင်း သိရသည်။

"ဒီနှစ်ကြက်သွန်နီဈေးကတော့ စိုက်ပျိုးရေး တောင်သူတွေလည်း တွက်ခြေမကိုက်သလို ကျွန်တော်တို့ပွဲရုံပွဲစားတွေလည်း အတူတူပဲ။ နှစ်စဉ်လုပ်နေကြမို့သာ လုပ်နေရတာ၊ အလုပ်သမားစရိတ်၊ တန်ဆာခစရိတ်နုတ်လိုက်ရင် အမြတ်အစွန်းဘာမှမကျန်တော့ဘူး။ ဟိုတုန်းကတော့ ဈေးလည်းငြိမ်တယ်၊ တောင်သူတွေလည်း အမြတ်ရတယ်၊ ကျွန်တော်တို့ ပွဲရုံတွေလည်း အဆင်ပြေတယ်။ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးထုတ်လုပ်တဲ့ ကြက်သွန်တွေက တခြားနိုင်ငံက ကြက်သွန်နဲ့ယှဉ်ရင် အရွယ်ကသေးပြီး ရောင်းပန်းမလှဘူးဖြစ်နေတယ်။ မျိုးကွာတာလား၊ စိုက်ပျိုးတဲ့နည်းပညာ ကွာတာလားဆိုတာတော့မသိဘူး။ ကျွန်တော်တို့နိုင်ငံမှာ ကြက်သွန်စိုက်မြေတွေ အများကြီးရှိတယ်။ နိုင်ငံခြားဈေးကွက်ဝင်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မယ်ဆိုရင် တောင်သူတွေလည်း အဆင်ပြေ၊ နိုင်ငံအတွက်လည်း အကျိုးရှိလာနိုင်တာပေါ့" ဟု ပွဲစားတစ်ဦးက သူ့အမြင်ကို ပြောပြသည်။

"အခုရက် ကြက်သွန်ဈေးက မဆိုးဘူး။ ကျွန်တော်တို့ လက်ထဲမှာပစ္စည်းက နည်းနည်းပဲရှိတော့တယ်။ မိုးကြက်သွန်ပေါ်ကာစက တစ်ပိဿာ ငွေကျပ် ၂၀၀၊ ၂၅၀ ပဲရတယ်။ ဆောင်းကြက်သွန်ပေါ်ပြန်တော့ ငွေကျပ် ၂၅၀၊ ၃၀၀ ဈေးစဖွင့်တယ်။ လက်ထဲမှာ လှောင်မထားနိုင်တော့ ရာသီပေါက်ဈေးနဲ့ ရောင်းရတဲ့အတွက် အရှုံးရှိပါတယ်။

အခုဈေးနဲ့သာ လက်ထဲမှာ ပစ္စည်းများများရှိရင် မမြတ်တောင် မရှုံးပါဘူး။ အခုတော့တောင်သူကြီးရော တောင်သူငယ်ရော ပစ္စည်းလက်ကျန်နည်းသွားမှ ဈေးကတက်လာတယ်။ ကျွန်တော်တို့ တောင်သူတွေဘဝက အဲဒီလိုပဲဆရာရေ။ ရာသီဥတုမကောင်းလို့ အထွက်နည်းတဲ့နှစ်ဆိုရင် ဈေးတွေက ကောင်းပေါ့။ ရာသီဥတုကောင်းလို့ အထွက်ကောင်းပြန်တော့ ဈေးနှုန်းတွေကကျနဲ့ လုံးလည်လိုက်နေတာပါပဲဗျာ" ဟု ကြက်သွန်နီလာရောင်းသူ တောင်သူတစ်ဦးက ပြောသည်။

ဆက်လက်၍ ကြက်သွန်ပွဲစားတစ်ဦးက စိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေ အကျိုးခံစားခွင့် ပြည့်ပြည့်ဝဝရရှိအောင် စိုက်ပျိုးမှုနည်းပညာနဲ့ မျိုးကောင်းမျိုးသန့် ရရှိအောင်ပံ့ပိုးပေးပြီး ဈေးကွက်ဖန်တီးပေးနိုင်မယ်ဆိုရင် ကျေးလက်ဒေသနေတောင်သူတွေဘဝ မြင့်မားလာနိုင်ကြောင်း ပြောကြားသည်မှာလည်း မှတ်သားစရာဖြစ်သည်။

**ဖေထွေးဇော်(ရေစကြို)**

# လယ်ယာသုံးပစ္စည်းများ အရောင်းအဝယ်ကောင်း

**ပေါင်းတည် ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် မိုးရွာသွန်းမှုရက်အနည်းငယ် စိတ်လာသည့်အတွက် လယ်ယာခွင်သို့ဝင်ရန် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်သည့် နွားပွဲဈေးတွင် တောင်သူများက လယ်ယာခွင်တွင် လိုအပ်မည့် ခိုင်းနွားများဝယ်ယူခြင်း၊ မွေးမြူရန် နွားလေးများ ဝယ်ယူခြင်းနှင့် ထွန်တုံး၊ ထယ်တုံး၊ စက်တုံး၊ ခါးသွား၊ ထယ်သွား၊ တံပိုးကြေး၊ ပေါက်ပြား၊ တူရွင်းပြား၊ တံစဉ်၊ ကိုင်းခုတ်ခါးရှည်၊ ကြိမ်လုံး၊ မြက်ထမ်းခြင်း၊ နွားချေးခြင်း၊ နွားအသုံးအဆောင်ပစ္စည်းများ၊ ကြိုး၊ ကြိမ်ပစ္စည်းများ လာရောက် ဝယ်ယူသည့်အတွက် အရောင်းအဝယ် ကောင်းကြောင်း သိရသည်။ မြက်ထမ်းခြင်းများ ကိုယ်တိုင်ရက်လုပ်ရောင်းချသူ အုန်းသုံးပင်ရွာမှ ကိုမြင့်ဦးက ယခင်နှစ်က မြက်ထမ်းခြင်းတစ်စုံကို ငွေကျပ် ၃၈၀၀သာရောင်းချခဲ့ပြီး ယခုနှစ် ဝါးဈေးကြီးသည့်အတွက် မြက်ထမ်းခြင်းတစ်စုံကို ငွေကျပ် ၄၀၀၀ကျပ်မှ ၄၅၀၀ထိ ရောင်းချရကြောင်း ပြောကြားသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**



# စိုက်ပျိုးရေးမြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာ ရှင်းလင်း

**မော်လမြိုင်ကျွန်း ဇွန် ၁၉**

စိုက်ပျိုးရေးဦးစီးဌာန၏ မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေနှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာ အချက်အလက်များ ရှင်းလင်းပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဧရာခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးကျော်ဌေးတို့က ရှင်းလင်းပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တာဝန်ရှိသူများက မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေနှင့် ပိုးသတ်ဆေးဥပဒေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ တက်ရောက်ကြသူများက မရှင်းလင်းသောအချက်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။ **မော်ကျွန်း(မြင့်အောင်)**

# ခရိုင်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကျင်းပ

**သံတွဲ ဇွန် ၁၉**

သံတွဲခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် သံတွဲခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက်(၂၅)နှစ်နှင့်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက ဒွါရာဝတီမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အမှာစကားပြောကြားပြီး အားကစားကွင်းကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲသို့ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ခြောက်သင်းပါဝင် ယှဉ်ပြိုင်ကြပြီး ပထမ အမျိုးသမီးပွဲစဉ်အဖြစ် တောင်ကုတ်မြို့နယ် အမျိုးသမီးအသင်းနှင့် ဂွမြို့နယ် အမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကြရာ ဂွမြို့နယ်အသင်းက တောင်ကုတ်မြို့နယ်အမျိုးသမီးအသင်းကို ပွဲငယ် ၃-၀ ဖြင့် အနိုင်ရရှိပြီး အမျိုးသားပွဲစဉ်အဖြစ် သံတွဲမြို့နယ်အသင်းနှင့် ဂွမြို့နယ် အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သံတွဲမြို့နယ်အသင်းက ဂွမြို့နယ်အသင်းကို ပွဲငယ် ၃-၁ ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **သန့်ဇင်(iprd)**



## သတင်းတိုများ

### စာစီစာကုံးပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၇ ရက်က ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၂၄ ဦး၊ အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၄၃ ဦး စုစုပေါင်း ၆၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇူလိုင် ၃ ရက်နေ့ မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မူးယစ်ဆေးအန္တရာယ်အသိပညာပေး

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူများအသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် မူးယစ်အန္တရာယ်နှင့်ပတ်သက်၍ သိကောင်းစရာများ၊ အသိပညာပေး ဆောင်ရွက်ခြင်းအဖြစ် ဇွန် ၁၁ ရက်မှစတင်၍ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ လူစည်ကားရာ အများနှင့်သက်ဆိုင်သည့်နေရာများနှင့် အခြေခံပညာကျောင်းများတွင် နံရံကပ်ဗီနိုင်းပိုစတာများ စိုက်ထူခြင်းလုပ်ငန်းများကို မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၁၈)တို့ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **သန်းဇော်မင်း(iprd)**

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နံရံကပ်စာစောင်ပြသ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် အထက-ရွာငံ ပြဒါးလင်းခန်းမ၌ ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

တက်ရောက်လာသူများက မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ သုတရသစာအုပ်များပြသထားမှုကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

### တင်းနစ်လူရွေးပွဲကျင်းပ

စင်ကာပူနိုင်ငံတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁ ရက် အထိကျင်းပမည့် Southeast Asian(S.E.A) Junior Tennis Tournament 2015 သို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် လူရွေးပွဲကို ဇွန် ၂၇ ရက် နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

လူရွေးချယ်ပွဲတွင်အသက် ၁၂ နှစ်အောက် ပြိုင်ပွဲအတွက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ အသက် ၁၄ နှစ်အောက် ပြိုင်ပွဲအတွက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ အသက် ၁၆နှစ်အောက် ပြိုင်ပွဲများအတွက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ရွေးချယ်သွားမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်အပြည့်အစုံ (ဓာတ်ပုံနှင့်အတူ) ဖြည့်စွက်ပြီး ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ ဇွန် ၂၆ ရက် ညနေ ၅ နာရီ နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### ဒလမဲဆန္ဒရှင်စာရင်း ဇွန် ၂၂ ရက်ကပ်မည်

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်ကြေညာရန် CSO အဖွဲ့နှင့် တွေ့ဆုံပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ တာဝန်ခံဦးစောနိုင်က တောင်ပိုင်းခရိုင် အနောက်ခြမ်းတွင်ရှိသည့် ဒလ၊ တွံတေး၊ ကော့မှူးတို့တွင် အခြေခံမဲဆန္ဒရှင်စာရင်းကို ဇွန် ၂၂ ရက်တွင် စတင်ကပ်ထားမည်ဖြစ်ကြောင်း ပြောကြားသည်။ **အောင်မင်း(ဒလ)**

# မြန်မာ့စီးပွားရေးဘဏ်ပြောင်းရွှေ့ပေးရန် မသန်စွမ်းအငြိမ်းစားများ လိုလား

**နမ့်စန် ဇွန် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ မြန်မာ့စီးပွားရေး ဘဏ်အား မူလတရားရုံးအနီး ဘဏ်ဟောင်းမှ နမ့်စန်-မိုးနဲ ကားလမ်းနံဘေးရှိ (ပြန်/ဆက်ရုံးအပေါ်ထပ်) ယာယီဘဏ်သစ်သို့ ပြောင်းရွှေ့ကာ ဇွန် ၁ ရက်နေ့မှစ၍ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အောက်ထပ်တွင် မဟုတ်ဘဲ အပေါ်ထပ်တွင် ဘဏ်ပြုလုပ်ထားသောကြောင့် တပ်မတော်အငြိမ်းစားများ၊ ချိုင်းထောက်အသုံးပြုရသော ခြေနှစ်ဖက်ပြတ် အငြိမ်းစားများနှင့် သံဃာတော်များ၊ သီလရှင်များ၊ တပ်မတော်သားများ အောက်ထပ်တွင် ဖိနပ်ချွတ်၍အပေါ်ထပ်သို့ တက်ရသောကြောင့် မြန်မာ့စီးပွားရေးဘဏ်သို့ လာရောက်ရာ၌ အခက်အခဲတွေ့ကြုံနေရကြောင်း သိရသည်။

"အပေါ်ထပ်တက်ရမယ်လို့ ထင်မထားဘူး။ အရင်ဘဏ်ဟောင်းအတိုင်းပဲထင်ထားတာ။ ယာယီဖွင့်တာအောက်ထပ်မှာဖွင့်ရင်အဆင်ပြေနိုင်တာပဲ။ လုံခြုံရေးလည်း ဒီလောက် မလိုပါဘူး။ ယာယီဖွင့်တာပဲ။ ကျွန်တော်တို့ ဖိနပ်လည်းရှည်ချွတ်ရတာထက်စာရင်ပေါင်ရင်းက ပြတ်တဲ့ အငြိမ်းစားစစ်သည်တွေအတွက်အခက်အခဲပိုကြုံရနိုင်တယ်။ သူတို့ခြေတုက ဒူးဆစ်ကပြတ်တဲ့ ခြေတုမဟုတ်တဲ့အတွက် အခက်အခဲရှိနိုင်တယ်"ဟု ဘဏ်သို့ငွေလာထုတ်သော ထောက်ပို့တပ်မှတပ်ကြပ်ကြီးစာရေးတစ်ဦးက ပြောသည်။

ဘဏ်အပေါ်ထပ်သို့ အတက်တွင် "ဖိနပ်ချွတ်ပါ" ဆိုင်းဘုတ်ချိတ်ဆွဲထားသောကြောင့် ရဟန်း/သံဃာတော် အငြိမ်းစားများကအစ ဖိနပ်ချွတ်၍ ပင်စင်ထုတ်ယူလျက်ရှိရာ၊ နံနက်ပိုင်းတွင်ပင်စင်လာထုတ်သောသီလရှင်တစ်ဦးကလည်း "ပုဂ္ဂလိကဘဏ်တွေ ဖိနပ်ချွတ်ပြီးဝင်စရာမလိုဘူး။ မြန်မာ့စီးပွားရေးဘဏ်ကိုလာမှပဲ ဖိနပ်ချွတ်ရတော့တယ်။ အသက်ကြီးလာတော့ လမ်းသွားတာတောင်မောနေတာ။ တော်သေးတယ် တစ်ထပ်ပဲတက်ရလို့။ အောက်ထပ်ဆိုရင်သက်ကြီးရွယ်အိုတွေအတွက် အဆင်ပြေတာပေါ့ကွယ်" ဟု ပင်စင်ထုတ်၍ အောက်ထပ်တွင် ခေတ္တအမောဖြေရင်းပြောသည်။

ယခင်ဘဏ် ဟောင်းကဲ့သို့မြေညီထပ်တွင်ဖွင့်လှစ်ပါက သက်ကြီးရွယ်အိုပင်စင်စားများနှင့်ခြေတု တပ်ဆင်ထားသော၊ ချိုင်းထောက်ဖြင့်သွားလာရသော ပင်စင်စားများအတွက် အဆင်ပြေမည် ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေး ဘဏ်သစ်တည်ဆောက်မှု မပြီးစီးမီကာလအတွင်း ယာယီဖွင့်လှစ်ထားသော ပြန်ဆက်ရုံးအပေါ်ထပ်မှ အောက်ထပ်သို့ ပြောင်းရွှေ့မှသာ လစဉ်ပင်စင် ထုတ်ယူလျက်ရှိသော မသန်စွမ်း အငြိမ်းစားများနှင့် သက်ကြီးရွယ်အိုပင်စင်စားများ နည်းတူ ဖိနပ်ချွတ်၍ တက်ရသော ဝန်ထမ်းများလည်း အဆင်ပြေမည်ဖြစ်ကြောင်း ပင်စင်စားတစ်ဦးက သုံးသပ်ပြောကြားသည်။ **သန်းထိုက်(လှိုင်သာယာ)**

# ရှာင်ပြည်သူ့ဆေးရုံတွင် စေတနာရှင်လုပ်အားဒါနလှူဒါန်း

**ရှာင် ဇွန် ၁၉**

(၁၇) ကြိမ်မြောက်စေတနာရှင်လုပ်အားဒါနကုသိုလ်ဖြစ်အလှူကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဇွန် ၁၈ ရက် နံနက်ပိုင်းက လုပ်အားဒါန ကျင်းပခဲ့သည်။

စေတနာရှင် လုပ်အားဒါနအဖွဲ့သည်ရှာင်ပြည်သူ့ဆေးရုံဝင်းအတွင်း အပြင်ရှိ ခြင်များ ခိုအောင်းနိုင်သည့် ရေမြောင်းများ၊ ပေါင်းနွယ်ချုံပင်များ၊ အုတ်ကျိုး၊ သစ်တို၊သစ်စများနှင့်လိုအပ်သောနေရာများတွင်သန့်ရှင်းရေးများဆောင်ရွက်ခဲ့သည်။

**ထွန်းထွန်းဝင်း(ရှာင်)**



ဇွန် ၁၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် သိမ်ဖြူလမ်းရှိ အထက (၁)၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲတွင် ခင်းကျင်းပြသထားမှုများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ကျော်စိုးမိုး

# ဘိန်းစာပင်များ စုပေါင်းအဖွဲ့ဖြင့် ခုတ်ထွင် မီးရှို့ဖျက်ဆီး

**တနင်္သာရီ ဇွန် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရဲမှူးကြီးကြည်လင်းဦးဆောင်၍ မြိတ်ခရိုင် တနင်္သာရီမြို့နယ် သကျက်ကျေးရွာအုပ်စု ကျွဲထိန်းကုန်းကျေးရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ ဘိန်းစာပင်များ ပေါက်ရောက်နေကြောင်း သတင်းအရ အဆိုပါ ဘိန်းစာပင်များအား ခုတ်ထွင်ရှင်းလင်း မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ဇွန် ၁၄ ရက်က ၄င်းဘိန်းစာပင်များ ပေါက်ရောက်ရာနေရာတွင် ခရိုင်/ မြို့နယ်များမှ အဖွဲ့အစည်းများက ပူးပေါင်း၍ အမြစ်ပါမကျန်ခုတ်ထွင်၍ မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

ပူးပေါင်းအဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ဘိန်းစာပင်ပေါင်း (၁၆၄၄)ပင်ဖြစ်ပြီး ဘိန်းစာရွက်များအားလုံး၏ အလေးချိန်မှာ(၁၀၄၅. ၇၉)ကီလိုဂရမ်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(iprd)**






# မိုဘိုင်းအင်တာနက်အခြေခံ ဆက်သွယ်ရေးအပလီကေးရှင်းများ

**မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်အသုံးပြုမှုများလာသည်နှင့်အမျှ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ရာတွင် မိုဘိုင်းဖုန်းများဖြင့် ဖုန်းပြောရုံသာမက အင်တာနက်အခြေခံ ဆက်သွယ်ရေးအပလီကေးရှင်း (Messenger) များကိုလည်း အသုံးပြု၍ ဆက်သွယ်လာကြသည်။ Messenger များသည် အင်တာနက်အခြေခံ၍ အလုပ်လုပ်ခြင်းဖြစ်သဖြင့် စာလုံးများသာ ပေးပို့နိုင်သည့် ပုံမှန်မက်ဆေ့စနစ်ထက် ပို၍သာလွန်ကောင်းမွန်သည်။ ဓာတ်ပုံများ၊ စတစ်ကာများ၊ အသံဖိုင်နှင့် သီချင်းများ၊ ဗီဒီယိုဖိုင်များကိုပါ ပေးပို့နိုင်သည့်အပြင် အသံပြောဆိုခြင်း၊ မက်ဆေ့များပေးပို့ခြင်းတို့တွင် ပုံမှန်ဖုန်းခေါ်ဆိုခနှင့် မက်ဆေ့ပို့ခများထက်လည်း ပို၍သက်သာသည်။**

ပုံမှန်ဖုန်းလိုင်းအခြေခံဆက်သွယ်ခြင်းထက် ဈေးနှုန်းသက်သာခြင်းကြောင့် Messenger များကို နိုင်ငံတကာတွင်လည်း အသုံးပြုနေကြပြီး နိုင်ငံအလိုက် သုံးသည့် Messenger များလည်း အမျိုးမျိုးရှိသည်။ Messenger များကို ထုတ်လုပ်သူများအနေဖြင့် အခြေခံအားဖြင့် အခမဲ့ပေးထားကြရာ နိုင်ငံတကာဈေးကွက်မှ Messenger များကို Android Application များ အခမဲ့တင်ပေးထားသည့် 1mobile.com တွင် ရယူနိုင်ပြီး စမ်းသပ်အသုံးပြုနိုင်သည်။ Messenger အချင်းချင်းဆက်သွယ်သည်ထက်ပိုကာ မိုဘိုင်းဖုန်းနှင့် ကြိုးဖုန်းများကို တိုက်ရိုက်ဖုန်းပြောနိုင်သည့် ဝန်ဆောင်မှုများကိုမူ အခကြေးငွေဖြင့် ရောင်းချကြသည်။

မြန်မာနိုင်ငံတွင်မူ ဆင်းကတ်များ ဈေးနှုန်းလျော့ကျလာကာ မိုဘိုင်းဖုန်းများကို အသုံးများလာသည့် ၂၀၁၃ ခုနှစ်အတွင်းမှစ၍ စတင်အသုံးပြုခဲ့ကြပြီး ယခုအချိန်အထိလည်း အများဆုံး အသုံးပြုနေကြသည့် ဆက်သွယ်ရေး အပလီကေးရှင်းမှာ ဗိုက်ဘာ (Viber) ဖြစ်သည်။ ဖုန်းသုံးသူအများစုအနေဖြင့် ဗိုက်ဘာကိုသာ သုံးနေကြဆဲဖြစ်သော်လည်း နိုင်ငံတကာမှ Messenger ထုတ်လုပ်သူများက မြန်မာနိုင်ငံဈေးကွက်သို့ လာရောက်မိတ်ဆက်နေပြီဖြစ်ရာ အခြား Messenger သစ်များကိုလည်း အသုံးပြုနိုင်ပြီဖြစ်သလို စမ်းသပ်သုံးနေကြသူများလည်း ရှိနေပြီ ဖြစ်သည်။ ပြည်တွင်းဈေးကွက်သို့ လာရောက်မိတ်ဆက်ထားသည့် Messenger များအပါအဝင် နိုင်ငံတကာတွင် ထိပ်တန်းအဆင့်ရောက်နေပြီး အခမဲ့လည်းသုံးနိုင်သည့် Messenger အချို့ကို ဖော်ပြလိုက်ပါသည်။

## Viber

မြန်မာနိုင်ငံတွင် အသုံးအများဆုံးဖြစ်နေသော ဗိုက်ဘာသည် အင်တာနက်လိုင်းအမျိုးမျိုးဖြင့် သုံးနိုင်သည့် Messenger ဖြစ်ကာ အခမဲ့ ရယူနိုင်သည်။ ဖုန်းနံပါတ်ဖြင့်သာ ဗိုက်ဘာအကောင့်ကို ဖွင့်ရသဖြင့် User Name နှင့် Password များ သီးခြားမလိုအပ်သလို ဖုန်းတစ်လုံးလျှင် ဗိုက်ဘာအကောင့်တစ်ခုသာ သုံးနိုင်သည်။ ဗိုက်ဘာထည့်ထားသည့် ဖုန်းအချင်းချင်းစာပို့ခြင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုများပို့ခြင်း၊ အသံမက်ဆေ့ပြောခြင်းတို့ကို အခမဲ့သုံးနိုင်ပြီး ဗိုက်ဘာမထည့်ထားသည့်ဖုန်းများသို့ တိုက်ရိုက်ဖုန်းခေါ်နိုင်သည့် ဝန်ဆောင်မှုကိုမူ အခကြေးငွေထပ်ပေး၍ ဝယ်ယူနိုင်သည်။ ပြည်ပဖုန်းများသို့ ဆက်သွယ်ရသူများအနေဖြင့် ပုံမှန်ဖုန်းလိုင်းမှ ပြောချင်းထက် ဗိုက်ဘာ၏ တိုက်ရိုက်ဖုန်းခေါ်ဆိုဝန်ဆောင်မှု Viber Out ကို ဝယ်ယူထားခြင်းက ကုန်ကျစရိတ်သက်သာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဗိုက်ဘာသည် မြန်မာနိုင်ငံဈေးကွက်သို့လည်း ဝင်ရောက်လာနေပြီဖြစ်ရာ မြန်မာစတစ်ကာများကို စတင်ထုတ်လုပ်ပေးထားပြီဖြစ်သလို ဂိမ်းအချို့လည်း ကစားနိုင်ပြီဖြစ်သည်။ ဗိုက်ဘာ၏ အခမဲ့သုံးနိုင်သည့် ဝန်ဆောင်မှုများကို 2G မှ 4G အထိ အင်တာနက်လိုင်းအမျိုးမျိုးတွင် သုံးနိုင်အောင်လုပ်ပေးထားသဖြင့် အသံပိုင်းတွင် အရည်အသွေးအနည်းငယ်နိမ့်ကျသော်လည်း မြန်မာနိုင်ငံကဲ့သို့ အင်တာနက်လိုင်းနှေးသေးသည့် နိုင်ငံအတွက်မူ နေရာတိုင်းတွင် သုံးနိုင်သည့် အသင့်လျော်ဆုံး Messenger တစ်ခုဖြစ်သည်။

## Whats App

Whats App သည်လည်း 2G မှ 4G အထိ နက်ဝပ်အမျိုးမျိုးနှင့် ဝိုင်ဖိုင်နက်ဝပ်များ အပါအဝင် မည်သည့်အင်တာနက်လိုင်းဖြင့်မဆို သုံးနိုင်သည့် Messenger တစ်မျိုးဖြစ်သည်။ Whats App ကို ထည့်သွင်းထားသည့် ဖုန်းအချင်းချင်း စာပို့ခြင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုများပို့ခြင်း၊ အသံမက်ဆေ့ပြောခြင်းတို့ကို အခမဲ့သုံးနိုင်သည်။ Whats App ကို ဖုန်းအမျိုးမျိုးပေါ်တွင် လျှင်မြန်စွာသုံးနိုင်သလို အင်တာနက်ချိတ်ဆက်ရာတွင်လည်း မြန်ဆန်သဖြင့် စတင်ထုတ်လုပ်သည့် ၂၀၁၃ခုနှစ်မှ ယခုအချိန်အထိ အချိန်တိုအတွင်း ကမ္ဘာအနှံ့တွင် လူသုံးများလာသည့် Messenger ဖြစ်လာသော်လည်း မြန်မာနိုင်ငံတွင်မူ အသုံးနည်းသေးသဖြင့် ဗိုက်ဘာကဲ့သို့ မြန်မာလူမျိုးအချင်းချင်း (Chat) စာပို့စကားပြောရန် အဆင်မပြေသေးသည်ကို တွေ့ရသည်။

## WeChat

WeChat သည်လည်း နိုင်ငံတကာတွင် လူသုံးများပြီးဖြစ်သည့် Messenger တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံသို့လည်း စတင်ဝင်ရောက်လာပြီ ဖြစ်သည်။ WeChat Application ကို ထည့်သွင်းထားသူချင်း အင်တာနက်မှတစ်ဆင့် တစ်ဦးချင်းနှင့် အဖွဲ့လိုက် မက်ဆေ့ပို့ခြင်း၊ တစ်ဦးချင်း ဖုန်းခေါ်ဆိုခြင်း၊ အဖွဲ့လိုက်ဖုန်းခေါ်ဆိုခြင်း၊ ရုပ်သံ(Video Call) ခေါ်ဆိုခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဓာတ်ပုံနှင့် ဗီဒီယိုများကို အပြန်အလှန်ပေးပို့ရာတွင် လျှင်မြန်စွာဆောင်ရွက်နိုင်ရန် လုပ်ဆောင်ချက်အသစ်များကိုလည်း ထည့်သွင်းထားကြောင်း၊ အင်တာနက်မှ သူငယ်ချင်းများသာမက မိမိဖုန်းတည်ရှိရာ အနီးဝန်းကျင်မှ WeChat အသုံးပြုနေသူများကိုပါရှာဖွေ၍ စကားပြောဆိုနိုင်မည့် GPS အခြေခံ Friend Radar နှင့် Nearby စသည့် လုပ်ဆောင်ချက် အသစ်များလည်း ပါဝင်ကြောင်း WeChat မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ မြန်မာဘာသာဖြင့် ရေးသားထားသည့် မြန်မာစတစ်ကာအသစ် ၄၅ မျိုးကိုလည်း အခမဲ့ဒေါင်းလုပ်ပြုလုပ်အသုံးပြုနိုင်သည်။ ဂိမ်းအချို့ကိုလည်း WeChat သုံးသူအချင်းချင်း ယှဉ်ပြိုင်ကစားနိုင်သည်။

## Line

Line သည် တစ်ကမ္ဘာလုံးတွင် အသုံးပြုနေသူ သန်း ၆၀၀ ခန့်ရှိနေပြီး အကောင်းဆုံး Messenger များတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အင်တာနက်လိုင်း မကောင်းချိန်တွင်ပင် လျှင်မြန်စွာသုံးနိုင်သည့် Line Application ကို ယခုအချိန်တွင် မြန်မာနိုင်ငံတွင်လည်း စတင်အသုံးပြုလာကြသည်ကို တွေ့ရသည်။ တစ်ဦးချင်းနှင့် အဖွဲ့လိုက် စာပို့စကားပြောခြင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုများ ပေးပို့ခြင်းတို့ကို အခမဲ့ပြုလုပ်နိုင်သည်။ Line သည် မူလက ဆက်သွယ်ရေးအပလီကေးရှင်းတစ်ခုအဖြစ်မှ နောက်ပိုင်းတွင် ဆိုရှယ်နက်ဝပ်တစ်ခုအသွင်ဖြစ်လာပြီး Post များရေးသားခြင်းနှင့် အခြားသူများရေးသည့် ပို့စ်များတွင် Comment များရေးသားခြင်း တို့ကိုပါ ပြုလုပ်နိုင်လာသည်။

## Skype

SKype သည် ယခင်က ကွန်ပျူတာများတွင် နာမည်ကြီးခဲ့ပြီးဖြစ်သည့် မက်ဆင်ဂျာဖြစ်ကာ မိုဘိုင်းအင်တာနက် အသုံးများလာချိန်တွင် မိုဘိုင်းဗားရှင်းများကို ထုတ်လုပ်လာခြင်းဖြစ်သည်။ Skype ကို ထည့်သွင်းထားသည့် ဖုန်းအချင်းချင်း စာပို့ခြင်း၊ ဗီဒီယိုများပို့ခြင်း၊ အသံပြောခြင်းနှင့် ဗီဒီယိုချက်ပြောချင်းများကို အခမဲ့လုပ်နိုင်သလို Skype အကောင့်များကို ဝယ်ယူ၍ ကမ္ဘာအနှံ့မှ ဖုန်းများသို့ ဈေးနှုန်းချိုသာစွာဆက်သွယ်နိုင်သည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်ကအထိ မြန်မာနိုင်ငံမှ အင်တာနက်ဆိုင်များတွင် နိုင်ငံတကာသို့ ဖုန်းခေါ်ပေးသည့် ဝန်ဆောင်မှုကို Skype ကိုအသုံးပြု၍ လုပ်ခဲ့ကြသောကြောင့် Skype ၏ ဈေးနှုန်းချိုသာခြင်းနှင့် အရည်အသွေးကောင်းခြင်းတို့ကို မြန်မာလူမျိုးများ သိထားပြီးဖြစ်သလို နိုင်ငံတကာသို့ ဖုန်းခေါ်ဆိုမှုများ လုပ်နေရသူများအနေဖြင့်လည်း Skype ကို အသုံးပြုနေကြဆဲဖြစ်သည်။ **သူရဖြိုး**

## ကုန်ပစ္စည်းအမျိုးမျိုးကို အွန်လိုင်းတွင် အခမဲ့ကြော်ငြာရောင်းချနိုင်

**ရန်ကုန် ဇွန် ၁၉**

အခမဲ့ ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Ads.com.mm တွင် မိမိတို့ရောင်းချလိုသည့် ပစ္စည်းများကို အခမဲ့ဝင်ရောက်၍ ကြော်ငြာရောင်းချနိုင်သည့် ဝန်ဆောင်မှုကို တိုးမြှင့်ပေးထားကြောင်း သိရသည်။

Ads.com.mm ဝက်ဘ်ဆိုက်ကို အသုံးပြုရလွယ်ကူပြီး အခမဲ့ကြော်ငြာရောင်းချနိုင်မည့် ဈေးကွက်နေရာတစ်ခုဖြစ်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိရာ အသုံးပြုသူများအနေဖြင့် ကား၊ အိမ်ခြံမြေ၊ လျှပ်စစ်ပစ္စည်းများနှင့် အခြားပစ္စည်းအမျိုးမျိုးစသည်ဖြင့် ကဏ္ဍစုံလင်စွာဖြင့် မိမိတို့စိတ်ကြိုက် ကြော်ငြာတင်ရောင်းချနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ကုန်ပစ္စည်းများ ကြော်ငြာရောင်းချရာတွင် ဈေးကွက်နေရာအဖြစ် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ မြို့များအလိုက် ခွဲခြားထားသည့်အတွက် ဝယ်ယူလိုသူများအနေဖြင့် နီးစပ်ရာနေရာဒေသများအလိုက် ကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်ရာ ရောင်းချလိုသူများအတွက် ပို၍ထိရောက်စွာ ကြော်ငြာနိုင်မည်ဖြစ်ကြောင်း၊ ဝက်ဘ်ဆိုက်ကို အင်္ဂလိပ်ဘာသာဖြင့်အသုံးပြုနိုင်ရာမှ ယခုအခါ မြန်မာဘာသာဖြင့်ပါ အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်ထားပြီး အခြားဝန်ဆောင်မှုများလည်း တိုးမြှင့်ထားကြောင်း သိရသည်။

**သူရဖြိုး**


### အမည်မှန်

ပြင်ဦးလွင်မြို့၊ ဆင်လမ်းကျေးရွာနေ ဦးဝေါ်ဆာ ၉/မမန(နိုင်)၀၀၁၇၂၈ ၏သား အမည်မှန်မှာ မောင်မာတင် ဖြစ်ပါသည်။

**မောင်မာတင်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(င)မှ မအိမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝေဖြစ်ပါသည်။

**ဦးမြင့်ဝေ**
**၇/ပခန(နိုင်)၁၇၃၀၉၁**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ လူနေရပ်ကွက်အမှတ် ၄၉၊ စောခွန်ရစ်လမ်း၊ မြေကွက်အမှတ် ၉၈၈၊ အလျား ၄၄ပေ၊ အနံပေ၆၀၊ စတုရန်းပေ ၂၆၄၀ ရှိ ဦးမြရှိန် အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် တွယ်ကပ်တင်ဆင်ထားသည့် ပစ္စည်းများနှင့်ငမိုးရိပ်သောက် ရေပိုက်လိုင်း၊ အိမ်သုံးလျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်အစပ်စာချုပ်များဖြင့် ဦးမြင့်သောင်း(ဘ)ဦးမြမောင် ၅/ဖပန(နိုင်)၀၄၇၂၅၆ မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမိုး(ဘ)ဦးအောင်ရွှေ ၁၂/လမန(နိုင်)၀၀၃၀၈၈ ကအပြီးအပိုင်ဝယ်ယူ လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမိုးမှ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချမည်ဖြစ်ပါသောကြောင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသိမ်း B.A,(Law) ,LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၄)**
**အမှတ် ၄၅၂၊ ဗိုလ်မင်းရောင်လမ်း၊ ၄၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၈၆၉၅၇**

### သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီး၀ ရပ်ကွက်၊ သီတာလမ်း၊ အိမ်အမှတ်(၂၀)နေ ဦးသိန်းထွန်း ၁၂/မဂဒ(နိုင်)၀၃၂၆၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ် ၃၇/ခ²/က၊ မြေကွက်အမှတ် ၎/၂၅၉၊ လေးထောင့်ကန်လမ်း၊ ဇ/မြောက်-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ အိမ်အပါအဝင် ခြံမြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသိန်းထွန်းမှ မိထွေးတော်စပ်သူ ဒေါ်သီတာ ၁၂/သကတ(နိုင်)၁၅၄၂၄၈ အား ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒု-ခရိုင်တရားသူကြီး (၆)ရုံးတော်၌ တရားမကြီးအမှုအမှတ် (၃၁၆/၂၀၁၃)ဖြင့် **အမွေပုံပစ္စည်းစီမံခန့်ခွဲစာရင်းရှင်းပေးစေလိုမှုဖြင့်** တရားစွဲဆိုလျက်ရှိပါသည်။

ထိုသို့ အမှုဖွင့်တရားစွဲဆိုထားစဉ်အတွင်း ဒေါ်သီတာမှ တရားစွဲဆိုထားသည့် အထက်လိပ်စာပါနေအိမ်အား ၎င်းတစ်ဦးတည်း၏သဘောဆန္ဒဖြင့် ရောင်းချရန် ကြိုးစားနေသောကြောင့် တရားလိုမှ တရားမကျင့်ထုံးဥပဒေ အမိန့်-၃၉၊ နည်းဥပဒေ-၁အရ ယာရီတားဝရမ်းထုတ်ဆင့်ပေးပါရန် လျှောက်ထားခဲ့ရာ ရုံးတော်မှ ၂၀၁၅ ခုနှစ် မေ (၅)ရက်နေ့ ရက်စွဲဖြင့် အထက်ရည်ညွှန်းလိပ်စာပါ နေအိမ်မြေကွက်အား ယာရီတားဝရမ်း အမိန့်ထုတ်ဆင့်ချမှတ်ခဲ့ပါသည်။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက် အမှတ် ၃၇/ခ²/က၊ မြေကွက်အမှတ် ၎/၂၅၉၊ လေးထောင့်ကန်လမ်း၊ ဇ/မြောက်-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ အိမ်အပါအဝင်ခြံမြေကွက်အား အမှုဆုံးခန်းမတိုင်မီ မည်သူမှ ပြင်ဆင်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ဝယ်ယူရောင်းချခြင်း အခြားတစ်နည်းနည်းဖြင့် ပစ္စည်းအား လွှဲပြောင်းခြင်းမပြုလုပ်ရန် သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှမြင့်(ခ)ဦးလှိုင်ဘွား** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၇၆)**
**ဦးအောင်မြင့်အေး B.A (Philo); H.G.P** — **အထက်တန်းရှေ့နေ (စဉ်-၁၀၉၅၄)** **ဖုန်း-၀၉-၅၀၂၉၉၇၈**
**ဦးဝင်းကျော်ဟိန်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၈၉၁၂)**
**မင်္ဂလာဒုံမြို့နယ် တရားရုံးဝင်း၊ ရှေ့နေများ နားနေခန်း။**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းထောင့်၊ အမှတ် ၁၂၈၊ ငါးလွှာ(ဝဲ)ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းတွင် ဆက်စပ်တည်ရှိသော ပစ္စည်းအရပ်ရပ်၏ အကျိုးခံစားခွင့်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးဇော်နိုင် S/OKA-၁၃၃၀၉၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးမျိုးမောင်မောင်စိုး** | **ဦးစိုးသိန်း** | **ဦးညီညီစိုး** |
|---|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အဓိပတိ Laws Firm**
**အမှတ် ၅၅၊ အခန်း ၄၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၆၁၃၁၈၊ ၀၉-၇၃၀၂၁၆၈၄၊ ၀၉-၇၃၁၇၃၉၆၃**

### သတိပေးကြေညာချက်

သန်လျင်မြို့၊ အောင်ချမ်းသာ(၁)၊ ဆရာစံလမ်း၊ အမှတ် ၅၀၀ နေ ဒေါ်ပိုင်ဇာသင်း ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားသည့် သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာ၊ သဒ္ဒါလမ်း၊ အမှတ် ၆၆၄ အိမ်နှင့်မြေကို လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အခြားနည်းပြောင်းလဲခြင်း ကျူးကျော်ဝင်ရောက်၊ အကျိုးဖျက်ဆီးခြင်းမပြုလုပ်ရန် တားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **ဒေါ်ပိုင်ဇာသင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောဝင်း LL.B**
**စဉ်-၄၉၆၁/၈၉**
**တရားလွှတ်တော်ရှေ့နေကြီးနှင့်ဥပဒေဆိုင်ရာအကြံပြုပုဂ္ဂိုလ်**
**အမှတ်(၄)၊ ဦးထွန်းစိန်လမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့၊**
**ရုံးခန်းတည်နေရာ - ရန်ကုန်တောင်ပိုင်းခရိုင်၊ တရားရုံးရှေ့၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၂၅၄၁၄၃၃၇၁**


BRAND'S®
180 YEARS
အောင်မြင်မှုတွေရရှိဖို့
ဘရင်းက ကျွန်တော့်ကိုအမြဲကူညီပေးပါတယ်။
ဖန်တီးမှုအသစ်တွေနဲ့ တက်ကြွတဲ့ ပျော်ရွှင်မှုတွေအတွက်
ကျွန်တော်
ဘရင်းကို နေ့စဉ်သောက်ပါတယ်။
Sai Sai Kham Leng
BRAND'S
Essence of Chicken
Net Content 70 ml.
ဘရင်းကြက်ပေါင်းရည်ဟာ မှတ်ဉာဏ်စွမ်းရည်ပိုမိုကောင်းမွန်စေပြီးကျန်းမာစေရန် အားဖြည့်ပေးကြောင်း
သိပ္ပံနည်းကျအတည်ပြုချက်များ ရရှိထားသော တစ်ခုတည်းသောကြက်ပေါင်းရည်ဖြစ်ပါတယ်။
ဘရင်း ကြက်ပေါင်းရည်...ကျန်းမာသွက်လက်...ဉာဏ်ထက်မြက်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်၊ ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)နှင့် နယ်သုတေသနခြံများအတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းများဝယ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တည်ဆောက်ရေးလုပ်ငန်းများ

၁။ ရှင်းလင်းဆောင် ၃ လုံး
၂။ စိုက်ကွင်းရုံး ၇ လုံး
၃။ Breeding House ၂ လုံး
၄။ မျိုးစေ့သန့်စင်စက် အဆောက်အအုံ ၁၂ လုံး
၅။ အအေးခန်းသိုလှောင်ရုံ ၇ လုံး
၆။ မျိုးစေ့ဓာတ်ခွဲခန်းအသစ် ၅ လုံး
၇။ မျိုးစေ့ဓာတ်ခွဲခန်း အဟောင်းမွမ်းမံ ၇ လုံး
၈။ Open shed ၂ လုံး
၉။ ဧည့်ရိပ်သာ ၁ လုံး
၁၀။ အုတ်ရေလောင်းအိမ်သာ ၇ လုံး
၁၁။ အစည်းအဝေးခန်းမကြမ်းခင်းကြွေပြားကပ်ခြင်း
၁၂။ မျိုးစေ့လှမ်းတလင်းအသစ် ၂ ခုပြုလုပ်ခြင်း
၁၃။ မျိုးစေ့လှမ်းတလင်းအဟောင်း ၈ ခုမွမ်းမံခြင်း
၁၄။ ရေရရှိရေးလုပ်ငန်း ၇ မျိုး
၁၅။ လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်း၊ Transformer တည်ဆောက်ခြင်းနှင့် ဓာတ်အိုးတိုင်လဲခြင်း

(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ ၁၀၉ မျိုး
(ဂ) လယ်ယာသုံးစက်ကိရိယာ ၂၀ မျိုး
(ဃ) လျှပ်စစ်မော်တာပန့်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၆-၂၀၁၅ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၃-၇-၂၀၁၅ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၆၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| စဉ် | တည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးလက်ကျန်းမာရေးဌာနခွဲ | အဆောက်အအုံဆောက်လုပ်ခြင်း |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ဘလွေကျေးလက်ကျန်းမာရေးဌာနခွဲ | အဆောက်အအုံဆောက်လုပ်ခြင်း |
| ၃။ | ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ဝိုင်းကျေးလက်ကျန်းမာရေးဌာန | ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၄။ | ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အင်ကြင်းကုန်းကျေးလက်ကျန်းမာရေးဌာန | ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၅။ | မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးလက်ကျန်းမာရေးဌာန | ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၆။ | မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုပ္ပကျေးလက်ကျန်းမာရေးဌာန | ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံများ၏ ဆောင်ရွက်မည့် အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များ၊ မှိုင်မြမ်းပြုပုံစံများနှင့်ပတ်သက်၍ သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲ (နေပြည်တော်) ဖုန်း-၀၆၇-၄၃၁၁၄၃၊ ၀၆၇-၄၃၁၃၆၂ တို့သို့လည်းကောင်း၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ (နေပြည်တော်) ဖုန်း-၀၆၇-၄၃၁၀၇၇ သို့လည်းကောင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်-** ၁၇-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)မှ ၂၄-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထိ

**အိတ်ဖွင့်တင်ဒါလက်ခံမည့်ရက်** - ၂၂-၆-၂၀၁၅ ရက် (တနင်္လာနေ့)မှ ၂၆-၆-၂၀၁၅ ရက် (သောကြာနေ့)ထိ ရုံးချိန်အတွင်း နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ

**တင်ဒါပုံစံတန်ဖိုး** - တင်ဒါပုံစံဈေးနှုန်းများသည် လုပ်ငန်းတန်ဖိုးအလိုက် သတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်။

**အိတ်ဖွင့်တင်ဒါလက်ခံမည့်နေရာ** - အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**
**နေပြည်တော်**

## သိပ္ပံနှင့်ပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
## သင်/ထောက်ကူစက်ပစ္စည်း၊ ရုံးသုံးစက်ကိရိယာ
## Technical Books နှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရန်အတွက်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်အတွက် သင်/ထောက်ကူစက်ပစ္စည်း(၁၆၉)မျိုး၊ ရုံးသုံးစက်ကိရိယာ(၂၆)မျိုး၊ Technical Books နှင့် ရုံးသုံးပရိဘောဂ ၂၂ မျိုး ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၉-၆-၂၀၁၅ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ အသေးစိတ်အချက်အလက်များကို ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) ဖုန်း-၆၄၂၅၅၉ နှင့် ၆၅၁၇၂၁ တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မှ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ (ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အရောင်းဆိုင်)များမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူမည့်ပစ္စည်းအမျိုးအစား**

၁။ ရုံးသုံးစက်ပစ္စည်းများ
၂။ လျှပ်စစ်သုံးစက်ပစ္စည်းများ
၃။ ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ
၄။ အရပ်ရပ်သုံးပစ္စည်းများ
၅။ Language Lab
၆။ ဓာတ်ဆေးပစ္စည်းများနှင့်ဆေးစာအုပ်များ
၇။ Phone Exchange 1000 main cable,Extension Cord Single Phone (25 Lines) & Phone Installation.

၁။ **တင်ဒါရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ ရက် (တနင်္လာနေ့)
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၇-၂၀၁၅ ရက်၊ (တနင်္လာနေ့) ၁၆း၀၀ နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖုန်း-၆၄၅၇၄၂၊ ၆၄၅၇၅၃၊ ၆၄၅၇၄၄၊၆၄၅၇၄၅**

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၌ အောက်ပါလုပ်ငန်းများအားဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကျိုက်လတ်မြို့နယ်ဆေးရုံတွင် ဆေးဂိုဒေါင်ဆောက်လုပ်ခြင်းလုပ်ငန်း (၅၆၀၀ စ/ပေ) အမြင့်(၁၄ပေ)သံကူကွန်ကရစ်
(ခ) ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် (၉)ထပ်တိုးချဲ့လူနာဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း
(ဂ) ဖျာပုံမြို့ပြည်သူ့ဆေးရုံ CT Scan ထားရှိရန် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း (ပေ၅၀×၃၃ပေ)အတွင်း/အပြင် လျှပ်စစ်မီးလုပ်ငန်း၊ ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်းများ
(ဃ) လပွတ္တာမြို့နယ်ဆေးရုံ ဆေးဂိုဒေါင်ဆောက်လုပ်ခြင်းလုပ်ငန်း(ကြမ်းခင်းဧရိယာ ၁၈၀၀ စ/ပေ)
(င) လပွတ္တာမြို့ ပြည်သူ့ဆေးရုံ CT Scan ထားရှိရန် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း(ပေ၅၀×၃၃ပေ)အတွင်း/အပြင် လျှပ်စစ်မီးလုပ်ငန်း ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်းများ
(စ) ဟင်္သာတမြို့ ပြည်သူ့ဆေးရုံ CT Scan ထားရှိရန် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း (ပေ၅၀×၃၃ပေ)အတွင်း/အပြင် လျှပ်စစ်မီးလုပ်ငန်း၊ ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်းများ

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၂-၆-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၇-၇-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထားတင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း ၀၄၂-၂၁၀၁၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

# တိုက်ခန်းမြေညီ(တိုက်သစ်)အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ အာရုတော်ဝင်ဆေးခန်းအနီး ပေ(၂၅×၅၀) မြေညီ၊ RC ခင်း၊ မီးဖိုချောင် (ရေချိုးခန်း၊ အိမ်သာ၊ ကြွေပြားခင်း) ပြင်ဆင်ပြီး ပြတင်းပေါက် သံပန်းတံခါး တပ်ပြီး။

**ရောင်း (ကျပ်သိန်း- ၂၁၀၀) ညှိနှိုင်းဈေး**
**ဖုန်း-၀၉-၄၉၅၈၃၅၄၅၊ ၀၉-၇၃၀၂၄၅၃၄**

# ကန့်ကွက်ရန်ရှိ/မရှိအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ မာလာမြိုင် ၄ လမ်း၊ အမှတ် ၁၀၆၊ B5 တွင် ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်အဆောက်အအုံ၏ (ပဥ္စမထပ်/ဘီ) တိုက်ခန်းရှိ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်များဖြစ်သော ဦးနေလင်းအောင် ၁၂/လမန(နိုင်)၁၂၄၆၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိမျိုး**
**အထက်တန်းရှေ့နေ LL.B**
**စဉ်-၄၀၄၆၂**
**အောင်သမာဓိအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ၊ ဖုန်း-၀၉-၄၂၃၆၉၀၈၉၂**

# Project Engineer (၂)ဦး အလိုရှိသည်

(၁) ဆေးဝါးထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရာတွင်ကြီးကြပ်ရန်အတွက် Project Engineer ရာထူး ကျား/မ (၂)ဦး အလိုရှိသည်။
(၂) BE သို့မဟုတ် AGTI ဘွဲ့ရပြီးသူ ဖြစ်ရမည်။
(၃) ဆေးဝါးထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးပရောဂျက် အတွေ့အကြုံ (၅)နှစ် အနည်းဆုံးရှိသူ ဦးစားပေးမည်။

စိတ်ဝင်စား၍ လျှောက်ထားလိုပါက CV Form များကို ယခုကြော်ငြာသည့်ရက်မှစ၍ တစ်ပတ်အတွင်း Zifam Pyrex Myanmar Co.,Ltd.(၀၁၀၃၊ ပထမထပ်၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်)ရုံးခန်းသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၅၄၄၄၆၇၊ ၅၄၄၄၈၃၊ ၅၅၈၂၄၈**

# အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၁

ဒေါ်ဇေရယ်မြင့်ဝေ **နှင့်** ဦးနေလင်းအောင်
**လျှောက်သူ** **အလျှောက်ခံရသူ**

အမှတ် ၃၁၊ (ငါးလွှာ၊ ညာ)၊ ဦးရွှေဝွန်းလမ်းတို၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဦးနေလင်းအောင်မှတစ်ဆင့် ဒေါ်အေးအေးမေ (ယခုလိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ဇေရယ်မြင့်ဝေက ဤရုံးသို့ အရွယ်မရောက်သေးသူ မအိုင်းမေချြူအား အုပ်ထိန်းသူအဖြစ်ခွင့်ပြုပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် ဇူလိုင် ၆ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မန်ဟောက်ချန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
## ၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၂၇၁

ဒေါ်ဇေရယ်မြင့်ဝေ **နှင့်** ဦးနေလင်းအောင်
**တရားလို** **တရားပြိုင်**

အမှတ် ၃၁၊ (ငါးလွှာ၊ ညာ) ဦးရွှေဝွန်းလမ်းတိုး၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးနေလင်းအောင်မှတစ်ဆင့်-ဒေါ်အေးအေးမေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၆ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မန်ဟောက်ချန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကုတ်မြို့နယ်တရားရုံးတော်
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်ပုတင် **နှင့်** ဦးကျော်ထင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးကားဂိတ်ဝင်း၊ ထွန်းတောက်အောင်ကားဂိတ်နေ ဦးကျော်ထင် သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဒီဇယ်ဆီဝယ်ယူရာတွင် ကျန်ရှိသည့်ငွေ(၆၅၄၃၀၀၀ိ/-) (ခြောက်ဆယ့်ငါးသိန်းလေးသောင်းသုံးထောင်ကျပ်)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၆ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းသိန်းဌေး)**
**မြို့နယ်တရားသူကြီး**
**တောင်ကုတ်မြို့နယ်တရားရုံး**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ၂၀၁၅-၂၀၁၆ ပြည်နယ်ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တင်ဒါတင်သွင်းနိုင်ပါသည်။

(က) အဆောက်အအုံအသစ်(၆)လုံး ဆောက်လုပ်ခြင်း
(ခ) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၅)ခု
(ဂ) စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကျောင်းသုံးပရိဘောဂများဝယ်ယူခြင်း

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆:၃၀နာရီ

အသေးစိတ်အချက်အလက်များ သိရှိလိုပါကအောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန**
**ဖုန်း-၀၄၃-၂၂၉၀၂၊ ၀၄၃-၂၂၁၉၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်နယ်အစိုးရအဖွဲ့
## မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန
## သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ ရန်ကုန်-မြိတ်အဝေးပြေးကားလမ်းမကြီးဘေးတွင် တည်ရှိသော သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်(၄ဒသမ၁၆)ဧကရှိ အဝေးပြေးကားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ဆိုက်ရောက်/ထွက်ခွာကားဂိတ်(၂၀)ဂိတ်၊ ဂိတ် (၁)ဂိတ်လျှင် အတိုင်းအတာ (၂၄'-၀"×၅၀'-၀")အမိုးခုံးပုံသဏ္ဍာန်ပါကင် အဆောက်အအုံ တစ်လုံးနှင့် ဆိုင်ခန်း(၅၇)ခန်းပါဝင်သည့် နှစ်ထပ်အဆောက်အအုံ သုံးလုံး၊ ဆိုင်ခန်းတစ်ခန်းလျှင် အတိုင်းအတာ(၁၅'-၀"×၂၅'-၀")အား (Steel Structure) ဖြင့် တည်ဆောက်သွားမည်ဖြစ်၍ တည်ဆောက်လိုသည့် ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) အဝေးပြေးကားကွင်းအား မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရွေးချယ်သည့်ပုံစံ၊ သတ်မှတ်ထားသည့်ပစ္စည်းများဖြင့် တည်ဆောက်ရမည်ဖြစ်ပါသည်။
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းသည့်ကုမ္ပဏီသည် အဆိုပြုတန်ဖိုး၏ (၅၀ရာခိုင်နှုန်း) နှင့်ညီမျှသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အာမခံအဖြစ်ထားရှိပါမည်။
(ဂ) တင်ဒါတင်သွင်းမည့်ကုမ္ပဏီအနေဖြင့် ကုမ္ပဏီ၏ Profile ဖြင့် တင်ပြရန်။
(ဃ) အဝေးပြေးကားကွင်းတည်ဆောက်မှုတန်ဖိုးအား တည်ဆောက်မှုလုပ်ငန်း (၃၀ရာခိုင်နှုန်း) ပြီးစီးချိန်တိုင်းတွင် ကျသင့်သည့်တန်ဖိုးကို ပေးချေ၍ လုပ်ငန်းအားလုံး ပြီးစီးချိန်တွင်ကျန် (၁၀ရာခိုင်နှုန်း)ကိုပေးချေမည်ဖြစ်ပါသည်။
(င) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တစ်စောင်နှင့် အသေးစိတ်စည်းကမ်းချက်များကို ငွေကျပ်နှစ်သောင်းနှုန်းဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးတွင်ဝယ်ယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရန်-

(၁) **အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်ရက်** - ၁၈-၆-၂၀၁၅ရက်မှ ၁-၇-၂၀၁၅ရက်အထိ
(၂) **အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်အချိန်** - နံနက် ၀၉:၃၀နာရီမှ ညနေ၀၄:၃၀နာရီအထိ (ရုံးချိန်အတွင်း)
(၃) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၂-၇-၂၀၁၅ရက်မှ ၈-၇-၂၀၁၅ရက်အထိ
(၄) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်** - နံနက် ၀၉:၃၀နာရီမှ ညနေ ၀၄:၃၀နာရီအထိ (ရုံးချိန်အတွင်း)
(၅) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးခန်း (မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း) သံဖြူဇရပ်မြို့

(စ) သတ်မှတ်ရက်အချိန်ထက်ကျော်လွန်နောက်ကျ တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၂။ သံဖြူဇရပ်မြို့၊ အဝေးပြေးကားကွင်း တည်ဆောက်မည့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မေးမြန်းလိုပါက မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးခန်းတွင် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ သံဖြူဇရပ်မြို့**

## ကန်ထရိုက်တာ ဦးတင်လင်းမောင် ၁၂/ဗဟန(နိုင်)၀၉၁၃၇၁နှင့် မြေရှင် ဒေါ်ချို ၁၂/သဃက(နိုင်)၁၀၉၇၈၄ အပါအဝင်
# အများသိရှိစေရန် ကြေညာချက်

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့သစ်၊ (၂၃)ရပ်ကွက်၊ ယင်းမာမြိုင်လမ်း၊ အမှတ်(၉၀/ခ)နေ ဦးကံညွန့် ၁၂/ဗဟန(နိုင်)၀၇၀၅၃၆ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်ပါသည်။

ဦးကံညွန့်နှင့် ကန်ထရိုက်တာ ဦးတင်လင်းမောင်တို့သည် ၂၄-၇-၂၀၁၄ ရက်တွင် မြေရှင် ဒေါ်ချို၏သဘောတူညီချက်ဖြင့် ၁၅-၂-၂၀၁၄ ရက်စွဲပါ ၃½ထပ်၊ RC အဆောက်အအုံ သစ်ဆောက်လုပ်ရန် မြေရှင်၊ အိမ်ရှင်နှင့်ကန်ထရိုက်တာတို့နှစ်ဦး သဘောတူကတိစာချုပ်အရ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဂမုန်းလမ်း၊ အမှတ် (၆၉/ခ)၊ (၇၁)၊ (၈၃) ဟုခေါ်တွင်သော မြေကွက်များအပေါ်တွင် ဆောက်လုပ်မည့် အဆောက်အအုံမှ ရောင်းချသူကန်ထရိုက်တာ ခံစားရရှိမည့်အခန်း (၇) ခန်းအနက် မြေညီထပ်နှင့် ပထမအခန်း (၂) ခန်းအားငွေကျပ် ၄၁၀၀၀၀၀၀/- (ကျပ်သိန်းလေးရာ့တစ်ဆယ်တိတိ)ဖြင့် ရောင်းချလိုကြောင်း ကမ်းလှမ်းသည်ကို ဝယ်ယူသူက ကျေနပ်သဘောတူညီပြီး နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆိုပြီး စရန်ငွေအဖြစ် ငွေကျပ် ၃၀၀၀၀၀၀၀/- (ကျပ်သိန်းသုံးရာတိတိ)ကိုပေးချေဝယ်ယူခဲ့ပါသည်။

ယခုအခါ ကန်ထရိုက်တာမှ သတ်မှတ်သည့်ကာလအတွင်းပြီးစီးအောင် ဆောက်လုပ်ခြင်းမပြုဘဲ ရပ်ဆိုင်းထားသည့်အတွက် ဦးကံညွန့်နှင့် ကန်ထရိုက်တာ ဦးတင်လင်းမောင်တို့အကြား အဆိုပါဝယ်ယူသည့် တိုက်ခန်းများနှင့်ပတ်သက်၍ ညှိနှိုင်းပြေလည်မှုမရရှိသေးမီအတွင်း အဆိုပါ အခန်းများအား ထပ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ အခြားကန်ထရိုက်တာအဖြစ်ပြောင်းလဲဆောက်လုပ်ခြင်းများမပြုလုပ်ကြရန် အသိပေးတားမြစ်ကြေညာလိုက်ပါသည်။ယင်းသို့ပြုလုပ်ခဲ့ပါလျှင် တည်ဆဲတရားဥပဒေအရ အရေးယူရလိမ့်မည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးမင်းဆွေ B.A, R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၁/၈၁)**
**အမှတ် (၈၃)၊ (၁၄/အေ)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၇၅၁၉၆၃၇၈၊ ၀၉-၅၁၉၆၃၇၈**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်မိုးမိုး(၁၂/ခရန(နိုင်)၀၀၀၅၂၄၁) ပိုင်ဆိုင်သော ကား၏ ပါမစ်အမှတ် ISP IDV8 14_15 65376 24/12/14၊ ID No. 848102၊ Custom Statement၊ စာရွက်စာတမ်းများနှင့် ယာဉ်ခါတ်ပုံမှုရင်းများ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၂၄၂၂၇၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်စိုး(ခ)တန်ရှိတီ ၁၂/လမတ(နိုင်)၀၃၁၁၆၃ ပိုင်ဆိုင်သော ကား၏ ပါမစ်အမှတ် ISP 3 13-14 4352 14/06/13 ID No.730255 Custom Statement စာရွက်စာတမ်းများနှင့် ယာဉ်ဓာတ်ပုံမှုရင်းများ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၂၄၂၂၇၇**

## ၁၃-၆-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော ဒေါ်စန်းစန်းမြင့် ၁၂/တမန(နိုင်)၀၄၅၁၃၈ပါ ညီအစ်မငါးဦးတို့၏ ဆရာခိုအနာလိမ်းဆေး ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်းအား ဦးအောင်လင်း ၁၂/တမန(နိုင်)၀၄၅၀၅၂က
# ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်လင်း ၁၂/တမန(နိုင်)၀၄၅၀၅၂ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိင်္ဂီလမ်း၊ ခြံအမှတ် ၅၁၀/၅၁၁နေ ဆရာခိုဓာခံဓတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ဦးအောင်လင်းသည် ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသည့် ဦးဟံမောင်(ဆရာခို)- ဒေါ်သန်းညွှန့်တို့၏ တစ်ဦးတည်းသောသားကြီးသြရသဖြစ်ပြီး မိဘများသက်ရှိထင်ရှားရှိစဉ်ကပင် မိဘများ၏ ပဒုမ္မာရွှေကြာဆေးတိုက်၊ ဆရာခိုအနာလိမ်းဆေးလုပ်ငန်းတွင် ၁၉၇၇ မှ ၂၀၀၄ အထိ နှစ်ပေါင်း ၃၀ ကျော် မိဘများနှင့်အတူနေကာ ဆရာခိုမိသားစုအား ဖခင်ကြီးနှင့်အတူတွဲကာ လုပ်ကိုင်ကျွေးမွေးလာခဲ့သူတစ်ဦး ဖြစ်ပါသည်။

၂။ မိဘများအသက်အရွယ်ကြီးလာသည်နှင့်အမျှ သားကြီးဖြစ်သူ ဦးအောင်လင်း၏မိသားစု လုပ်ငန်းတာဝန်မှာလည်း ပို၍ တာဝန်ကြီးလာခဲ့ပါသည်။ ၂၄-၉-၂၀၀၄ရက်တွင် မိဘနှစ်ဦးမှ သဘောတူကျေနပ်စွာဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ဥပဒေနှင့်အညီ ၄င်းတို့၏ မူပိုင်ခွင့် ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းလုပ်ပိုင်ခွင့်အားလုံးကို တရားဝင်လွှဲပြောင်းပေးခြင်းရှိခဲ့ ပါသည်။

၃။ ဦးအောင်လင်းသည် မိဘများလုပ်ငန်းလွှဲပြောင်းပေးခဲ့သည့် ၂၀၀၄ ခုနှစ်မှာပင် မိဘလက်ထက်က ဆောင်ရွက်လုပ်ကိုင်ခဲ့သော တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလိုင်စင်၊ စည်ပင်လုပ်ငန်းလိုင်စင် နှင့် နိုင်ငံတော်သို့ နှစ်စဉ်ပုံမှန်ပေးဆောင်ခဲ့သော တာမွေမြို့နယ်အမြတ်ခွန်နှင့် ကုန်သွယ်ခွန်ပြေစာများတွင် ဦးဟံမောင်(ဆက်ခံသူ) သား ဦးအောင်လင်းအမည်ဖြင့် နှစ်စဉ်လိုင်စင်များ သက်တမ်း တိုးခြင်း၊ အခွန်ဆောင်ခြင်းများဖြင့် မိဘများ၏ ဆရာခို အနာလိမ်းဆေးလုပ်ငန်းကို လုပ်ငန်းရှင် ဦးအောင်လင်းအမည်ဖြင့် ၂၀၀၉ ခုနှစ်အထိ ဆက်လက်လုပ်ကိုင်ခဲ့ပါသည်။

၄။ ဦးအောင်လင်းသည် မိဘများကွယ်လွန်ပြီးနောက် ၂၀၁၀ ပြည့်နှစ်မှစ၍ ယနေ့တိုင်အောင် ပဒုမ္မာရွှေကြာဆေးတိုက်၊ ဆရာခိုဓာခံဓ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအမည်ဖြင့် တိုင်းရင်းဆေးဝါးအမျိုးမျိုးကို ထုတ်လုပ်နေသူတစ်ဦးဖြစ်ပြီး ၂၀၀၄ မှ ၂၀၁၅ ခုနှစ်အတွင်း ကုန်အမှတ်တံဆိပ်အမျိုးမျိုးကို မှတ်ပုံတင်ကာ ဆရာခိုဖခင်ကြီးအမည်ဖြင့် ဆရာခိုအနာလိမ်းဆေး အပါအဝင် တိုင်းရင်းဆေးဝါးအမျိုးမျိုးကို သက်ဆိုင်ရာစိစစ်ခွင့်ပြုချက်များနှင့်အညီ မိဘများလက်ထက်က ကုန်အမှတ်တံဆိပ်များကို အခြေခံကာ၊ သူ၏ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် တီထွင် ကြံဆခဲ့သော ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်သွင်းပြီးမှ ထုတ်လုပ်ခဲ့သူတစ်ဦးဖြစ်ပါသည်။

၅။ ထို့ပြင် ဦးအောင်လင်းနှင့် ဒေါ်စန်းစန်းမြင့်ပါ ညီအစ်မငါးဦးသည် ဦးဟံမောင်(ဆရာခို)- ဒေါ်သန်းညွှန့်တို့၏ သားသမီးများဖြစ်ကြ၍ မောင်နှမအရင်းအချာများဖြစ်ကြသဖြင့် မိဘများကွယ်လွန်ပြီးနောက် အမွေအဖြစ်ကျန်ရစ်သည့် ဆရာခိုအနာလိမ်းဆေးလုပ်ငန်း၊ ကုန်အမှတ် တံဆိပ်နှင့် ပစ္စည်းများမှာ ယနေ့တိုင် အမွေမှုတရားမမှုဖြစ်နေဆဲ၊ အမှုမပြီးသေးပါ။ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ သားကြီး သြရသမှ လေးပုံတစ်ပုံ၊ ကျန်သမီးများမှ လေးပုံသုံးပုံ ခံစားခွင့် ရရှိကြမည်သာဖြစ်ပါသည်။ ဆန္ဒစော၍ အမှုမပြီးသေးမီ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အငြင်းပွားစရာမလိုပါဘဲလျက် ဒေါ်စန်းစန်းမြင့်ပါ ညီအစ်မငါးဦးတို့က သတင်းစာတွင် ထည့်သွင်းကြေညာခြင်းသည် တရားရုံးတော်၏ စစ်ဆေးနေဆဲအမှုကို မျက်ကွယ်ပြုရာ ရောက်သောကြောင့် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါ။

၆။ ဒေါ်စန်းစန်းမြင့်ပါ ညီအစ်မငါးဦးတို့သည် အမွေဆိုင်များအချင်းချင်း မြန်မာ့ဓလေ့ထုံး တမ်းဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိနေကြောင်း သိပါလျက်နှင့် ဆရာခိုအမည်နှင့် ကုန်အမှတ် တံဆိပ်အား အခြားသူစိမ်းတစ်ဦးတစ်ယောက်က တုပထုတ်လုပ်လာလျှင် တားမြစ်ရမည်သာ ဖြစ်ပြီး ယခုမူ သားကြီးသြရသက ဖခင်အမည်(ဆရာခို)ကို ကျေးဇူးဆပ်ဂုဏ်တင်ပြီး ပဒုမ္မာကြာပန်းအလယ်မှာ ထည့်သွင်းပူဇော်ကာ ဆရာခိုဂုဏ်သတင်းကျော်ကြားစေလိုသည့် ဆန္ဒမွန်ဖြင့် မှတ်ပုံတင်ကာ ဆေးဘူးတွင် တံဆိပ်ခတ်နှိပ်ပြီး ဖခင်ကြီး၏ ဆရာခိုဆေးကျော်ကြားအောင် လက်ဆင့်ကမ်းသည့်လုပ်ရပ်မှာ ဦးအောင်လင်း၏ အခွင့်အရေးသာဖြစ်ပြီး ဒေါ်စန်းစန်းမြင့်ပါ ညီအစ်မ ငါးဦးတို့က သတင်းစာတွင် ယခုကဲ့သို့ ကြေညာခြင်းမှာ ဥပဒေနှင့်မညီ မှားယွင်းနေပါသည်။

၇။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်လင်းသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များအား ထပ်မံ၍ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ အောက်ပါကုန်အမှတ်တံဆိပ်အမှတ်အသားကို စာချုပ်အမှတ် ၄/၁၀၀၀၅ (၂၀၁၂)ဖြင့် မူပိုင် အဖြစ်သုံးစွဲရန် မှတ်ပုံတင်အသစ်တင်သွင်းပြီး ဈေးကွက်အတွင်း၌ ဦးအောင်လင်း၊ ဒေါ်ခင်သန်းနွဲ့၏ ဆရာခိုဓာခံဓ တိုင်းရင်းဆေးဝါးအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလာခဲ့သည်မှာ သုံးနှစ်သက်တမ်းပင် ပြည့်တော့မည်ဖြစ်သည်။




သို့ပါ၍ ဒေါ်စန်းစန်းမြင့်ပါ ညီအစ်မငါးဦးတို့အနေဖြင့် ယခုကဲ့သို့ သတင်းစာတွင် ကြေညာခြင်းမှာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်လင်း၏ ဂုဏ်သရေကို ထိခိုက်စေသည့်အပြင် အကျိုးပျက်စီးကြောင်းနှင့် အမွေဆိုင်သြရသ၏ အခွင့်အရေးများကို ပိတ်ပင်ထိခိုက်နစ်နာမှုများ ဖြစ်နိုင်ပါသဖြင့် ယခုပြန်လည်ရှင်းလင်းကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်သစ်** | **ဦးစိန်ဝင်း(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၈၄/၈၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၆၃)** |
| **အမှတ် ၇၇၊ ၃၈လမ်း၊ ကျောက်တံတား** | **အမှတ်၅၇၄/ခ၊ ကောလင်း ၄လမ်း၊** |
| **မြို့နယ်။** | **(၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။** |

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်တင်ထွတ်(ငြိမ်း) (သရက်)

ကြည်း-၇၁၇၃

ကကလျှပ်/ကကထုတ် ညွှန်ကြားရေးမှူး(ငြိမ်း)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့နေ ဒေါ်နီနီ၏ခင်ပွန်း ဗိုလ်မှူးချုပ်တင်ထွတ်(ငြိမ်း) အသက် (၈၄)နှစ်သည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ချစ်သောတပည့်များမှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှတပည့်မိသားစုများ**
**ဒုတိယဗိုလ်မှူးကြီးရင်မောင်ညွှန့်(ငြိမ်း)နှင့်ဇနီး**
**ဒုတိယဗိုလ်မှူးကြီးထွန်းအောင်ကျော်(ငြိမ်း)နှင့်ဇနီး**
**ဗိုလ်မှူးဆန်းထွန်း(ငြိမ်း)နှင့်ဇနီး**
**ဒုတိယဗိုလ်မှူးကြီးမိုးဝင်း(ငြိမ်း)နှင့်ဇနီး**
**ဗိုလ်မှူးတင်မောင်လွင်(ငြိမ်း)နှင့်ဇနီး**
**ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး(ငြိမ်း)နှင့်ဇနီး**
**ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦး(ငြိမ်း)နှင့်ဇနီး**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်တင်ထွတ် (ငြိမ်း)

**အသက်(၈၄)နှစ်**

ဒေါ်နီနီ၏ခင်ပွန်း ဗိုလ်မှူးချုပ်တင်ထွတ်(ငြိမ်း)သည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်ဖွဲ့**
**ညွှန်ကြားရေးမှူးနှင့်အရာရှိ/စစ်သည်များ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြင်မြိုင်(မြန်အောင်မြို့) အသက်(၇၅)နှစ်

သူငယ်ချင်း မဝေဝေမြင့်(ခေတ္တ-ဖလောရီဒါ)၏မိခင် ဒေါ်ကြင်မြိုင်သည် ၁၂-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၆-ခုနှစ်(ရန်ကုန်)၊ ဘူမိဗေဒဘွဲ့ရ သူငယ်ချင်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ငြိမ်းလွင်(မခင်နှင်းဆီ)

(သီပေါ)

**အသက်(၆၄)နှစ်**

သီပေါမြို့နေ [ဗိုလ်သာလှိုင်-ဒေါ်အေးတင်(ဆင်ပိုင်)]တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသိုလ်လမ်း၊ အမှတ် ၅၀၆/၅၀၇နေ ဦးစိုးရှိန်၏ဇနီး ဒေါ်ခင်ငြိမ်းလွင်သည် ၁၅-၆-၂၀၁၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သီပေါအသင်း(ရန်ကုန်)**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယရဲမှူးကြီးတင် (ငြိမ်း)

ဒုရဲအုပ်လောင်း(အထူး)၊ (၂/၈၇)

**အသက်(၆၃)နှစ်**

ဒေါ်အေးအေးမြိုင်၏ခင်ပွန်း၊ ဒုတိယရဲမှူးကြီးတင်(ငြိမ်း)သည် ၁၆-၆-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ်လောင်း(အထူး) (၂/၈၇) သင်တန်းဆင်းအရာရှိများ**

---

## ဒေါ်ခင်မာလေး(ခ)မာလာ အသက်(၄၆)နှစ်

(လက်ထောက်ကထိက)၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း

လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ မြနန္ဒာအိမ်ရာ၊ တိုက် ၃၊ အခန်း ၅၀၅နေ (ဦးတင်အေး)-ဒေါ်ခင်ရှိန်တို့၏ချစ်လှစွာသောသမီး၊ ဒေါက်တာဇော်မင်း-ဒေါ်ဝင်းမြင့်၊ ဦးဇော်ဝင်း-ဒေါ်ဝင်းဝင်းကြူ (ငါးလုပ်ငန်းဦးစီးဌာန၊ ငြိမ်း)၊ ဦးမောင်မောင်ဝင်း-ဒေါ်ခင်မာအေး၊ ဦးဇော်လင်း၊ ဒေါ်တင်မာထွေး (လယ်/ပြ၊ အလက-၆၊လှိုင်)တို့၏ညီမ၊မောင်ဇော်မျိုးထက်(ခေတ္တ-ကိုရီးယား)၊ မောင်ဝေယံထက်(Huawei Company Ltd.)တို့၏အဒေါ်သည် ၁၉-၆-၂၀၁၅ ရက် နံနက် ၈း၄၅နာရီတွင် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဆောင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၅ရက် နံနက် ၈နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

---

## ဒေါ်သန်းခင်

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် (၂၁၇/က)နေ (ဦးထွန်းဖေ-ဒေါ်ငွေစိန်)တို့၏သမီး၊ (ဦးခင်မောင်)၏ဇနီး၊ ဒေါ်နီနီခင်၏မိခင်သည် ၁၉-၆-၂၀၁၅ရက်(သောကြာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးနု

**အသက်(၈၇)နှစ်**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီး-ဒေါ်စန်းစန်းယု(ကထိက-ငြိမ်း)တို့၏မိခင်ကြီးသည် ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သချၤာမိသားစု**
**တောင်ငူတက္ကသိုလ်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်နီနီ (မြင်းခြံ)

(မြန်မာစာ-ကထိက၊ ငြိမ်း)

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ အောင်သုခလမ်း၊ အမှတ် ၂၇နေ [ဦးမောင်လေး(လယ်ဝန်၊ ငြိမ်း)-ဒေါ်ဒေါ်ဇင်]တို့၏သမီး၊ (ဦးလှမောင်)-ဒေါ်ခင်ခင်၊ ဦးသိန်းဇံ-ဒေါ်ခင်မမတို့၏ညီမ၊ ဒေါ်ခင်စီစီ၏အစ်မသည် ၁၉-၆-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြူကြူသန်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန

စက်ဘီးစက်ရုံ/ရန်ကုန်(ငြိမ်း)

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် ၆၉ (သုံးလွှာ)နေ (ဦးသောင်းကြိုင်-ဒေါ်ထွေးကြည်)တို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်နေ (ဦးတင်သန်း-ဒေါ်လှစော)တို့၏ချွေးမ၊ ဦးစိုးသန်း၏ဇနီး၊ မောင်ဝင်းထိန်၊ မဖြူဇင်သန့်၊မောင်ပြည့်စုံမိုးတို့၏မိခင်သည် ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့) ည၁၁း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်စောနု

အနုပညာဦးစီး(ငြိမ်း)

**အသက်(၇၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ် (မ/၂၉)နေ(ဦးသန်း-ဒေါ်ခင်စိန်)တို့၏ သမီး၊ (ဦးဘစိန်-ဒေါ်စိန်တင်)တို့၏ သမီးချွေးမ၊ ဦးမြင့်သိန်း-(ဒေါ်စောမြင့်)၊ (ဦးချစ်လွင်)-ဒေါ်စောတင့်တို့၏ ညီမ၊ ဦးကျော်စိုး - ဒေါ်သီသီဝင်း၊ ဦးဝင်းလှ-ဒေါ်မြင့်မြင့်သန်း၊ (ဦးမြတ်စော)-ဒေါ်နုနုကြည်၊ ဦးဇော်ဝင်း-ဒေါ်အုန်းအုန်းစောတို့၏အစ်မ၊ ဦးလှမြင့်၏ဇနီး၊ မောင်စိုင်းကျော်သက်စိုး (UNITEAM MARINE CO., LTD)၏မိခင်သည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရှမ်းကုန်းလမ်း နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ပခုက္ကူမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်သင်းသင်းမြင့်

ရာသက်ပန်အသင်းဝင်

အမှတ်(သ-ဝ၄၂)

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ဒုစံပြရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ် ၁၀၇/ခနေ ဒေါ်သင်းသင်းမြင့်သည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၉း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၅ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသား မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်မဖြူချော (စစ်တွေ)

(မောင်တော၊ စစ်တွေ)

ပြည်နယ်သမဦးစီးဌာန(ငြိမ်း)

ရုံးအုပ်ကြီး-NRC Co.,Ltd.

**အသက်(၆၆)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်တော်သာမြောက်စံပြရပ်ကွက်နေ ဦးဖြူသံ-ဒေါ်ငြိမ်းတို့၏သမီး၊ ဒေါ်ဦးစိန်၏ညီမ၊ ဒေါ်စိန်မြ၊ ဦးကုဝေရ၊ (ဦးကျော်လှိုင်)၊ ဦးကျော်တင်၊ (ဦးကျော်ထွန်းလှိုင်)တို့၏အစ်မသည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၆း၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ မဇ္ဈှလာကဲယုံကျောင်းမှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါမဇ္ဈှလာကဲယုံကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်နော်လားပွယ်

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊အမှတ် ၁၈၇နေ(ဦးကောလျှန်ခွဲ)၏ဇနီး၊နော်နန်းထိုက်လျှန်၊ စောထန်းယာလျှန်တို့၏ မိခင်သည် ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၆-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိန်လှိုင်

Y.G.H လျှပ်စစ်ဖိုမင်(ငြိမ်း)

**အသက်(၉၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၇၈၀နေ ဒေါ်ကြည်၏ခင်ပွန်း၊ ဦးစိန်မြိုင်-(ဒေါ်ကျင်)တို့၏အစ်ကို၊ ဦးအောင်ကြည်-ဒေါ်ရီရီဝင်း၊ ဦးသန်းထွန်း - ဒေါ်မြင့်မြင့်ကြည်၊ ဦးထွန်းအောင်-ဒေါ်စုစုကြည်၊ ဒေါ်ဝါဝါကြည်တို့၏ဖခင်၊မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၉-၆-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီ ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သန်း

စက်မှုဆောင်ရွက်မှုလုပ်ငန်း(ငြိမ်း)

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ အမှတ် ၁၀/၂နေ (ဦးညွန့်လွင် - ဒေါ်ခင်မြင့်)တို့၏သား၊ ဒေါ်မြတ်နွယ်၏ခင်ပွန်း၊ ဦးမိုးကြည်ဖြူ (ရွှေတောင်ကုမ္ပဏီ) - ဒေါ်သန္တာအေး၊ ဒေါ်နှင်းယုခင်-ဦးလှအောင်(PIL Pte Ltd., Singapore)၊ ဒေါ်လွင်မာအေး-ဦးသာဒိုး(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)၊ ဒေါ်ဇင်မာမြင့် - ဦးကျော်မြင့် (URIM ENG Ltd., Korea) တို့၏ ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၇း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၁၅ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရဲတင့်(ခ)

ဒါရိုက်တာဒေါန

(ကာတွန်း၊ ရုပ်ရှင်၊ ဗီဒီယို)

**အသက်(၆၇)နှစ်**

ကျောက်ပန်းတောင်းမြို့နေ(ဦးသော-ဒေါ်ခင်မြင့်) ဒေါ်တင်အိတို့၏ သား၊ ဒေါ်စန်းစန်းဝင်း၏ခင်ပွန်း၊ ရွှေအိမ်စည်၏ဖခင်၊ ဦးရဲမြင့် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်စောဖြူ၊ ဦးမြသောင်း-ဒေါ်စောမြတ်နွယ်၊ ဦးအောင်ကျော်ညွှန့် (ရေနံ၊ ငြိမ်း)-ဒေါ်စောမြတ်ရီ၊ ဦးမြင့်အောင် (FOW) - ဒေါ်စောမြတ်မွန်၊ ဦးအောင်ငွေး (တရားလွှတ်တော် ရှေ့နေ)-ဒေါ်စောဥမ္မာ၊ ဦးကြည်စိုးလွင်-ဒေါ်ခင်မိုးကြိုင်၊ ဒေါ်စောမာလာ၊ ဒေါ်စောသူဇာတို့၏ညီ/မောင်/အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဦးကြီး/ဦးလေးသည် ၁၉-၆-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁း၂၀နာရီတွင် အသည်းအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ကွယ်လွန်သွားပါ၍ ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ဒင် (ကိုအောင်)

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ စံပြဖဆပလရပ်ကွက်၊ အခန်း ၁၊ တိုက် ၅နေ (ဦးစိန်မောင်-ဒေါ်ရင်နု)တို့၏သားထွေး၊ (ဦးဇော်မြင့်) - ဒေါ်စိုးမြင့်တို့၏ သားသမက်၊ (ဦးဝေလင်း)-ဒေါ်ခင်ခင်ဝင်း၊ ဦးငွေဝင်း-ဒေါ်ခင်စန်းဝေ၊ ဒေါ်ဆင့်ဆင့်၊ (ဒေါ်တင့်တင့်)၊ ဒေါ်မြင့်မြင့်၊ (ဦးထွေးမျိုးမင်း)-ဒေါ်ညွှန့်ညွှန့်ဝေတို့၏ ညီ/မောင်၊ ဒေါ်သီတာဝင်း၏ခင်ပွန်း၊ မောင်ငြိမ်းဆက် (အထက-၁၊ ဒဂုံ Grade-9, F)၏ဖခင်သည် ၁၉-၆-၂၀၁၅ရက် နံနက် ၄း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးတင်အေး(တပ်မတော်-ရေ၊ ငြိမ်း) ရေ/၃၀၉၇

ဗဟိုကော်မတီဝင်ဟောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

မြောင်းမြအသင်း ဂုဏ်ထူးဆောင်နာယက

ပုဇွန်တောင်မြို့နယ်/ဇလွန်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်ဟောင်း

**အသက်(၉၂)နှစ်**

(ဦးသင်းဖေ-ဒေါ်ငွေကိုင်)တို့၏သားကြီး၊(ဒေါ်ခင်ခင်)၏ခင်ပွန်း၊ ဗိုလ်မှူးတင်မောင်ခင်(ရေ/ငြိမ်း)၊ ဒေါ်ခင်မာရီ၊ ဒေါ်ခင်ဆွေအေး၊ ဗိုလ်မှူးကြီးတင်နိုင်ထွန်း(လေ/ငြိမ်း)၊ (ဒေါ်ခင်ဆန်းအေး)၊ ဦးစိုးစိုး၊ ဒေါ်ခင်ဝေအေး၊ (ဦးတင်မောင်လွင်)၊ ဦးဆန်းထွန်း၊ ဒေါ်ယဉ်ယဉ်အောင်၊ ဦးသန်းကျော်ငွေ၊ ဒေါ်ဆင့်ဆင့်လဲ့၊ ဦးတင်မောင်ထွေး၊ ဒေါ်နီနီယဉ်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၉-၆-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် အမှတ် ၂၂/၃-ခ၊ နေကြာ/သာယာကုန်းလမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစောသောင်းရွှေ (တောင်ငူ)

ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)

**အသက်(၈၄)နှစ်**

ကရင်ပြည်နယ်၊ သံတောင်မြို့နေ (ဒေါ်နော်ရီဇက်တာဟင်နရီ)၏ခင်ပွန်း၊ တောင်ငူမြို့၊ ကသဲစုရပ်နေ ဒေါ်နော်အေးစိန်(ခ)တမူး၊ ရှမ်းပြည်နယ်၊ နမ့်စန်မြို့နေ ဦးစောဖေထူး၊ တောင်ကြီးမြို့နေ ဒေါ်နော်လှရွှေတို့၏အစ်ကိုသည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၂၀နာရီတွင် တောင်ငူမြို့ သောသီခိုဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် သံတောင်မြို့ ဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုင်းမြင့်အေး အသက်(၆၇)နှစ်

(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၆)၊ ဟတ်ကာလမ်းနေ (ဦးဘအုန်း-ဒေါ်နန်းစိန်နု)တို့၏သား၊ (ဦးပူလွယ်အော-ဒေါ်အောက်လွယ်ခမ်း)တို့၏သားသမက်၊ လားရှိုးမြို့၊ ရပ်ကွက်(၈)နေ ဦးအောင်ကျော်-ဒေါ်ချောတို့၏ညီ/မောင်၊ ဦးဇော်မြင့်ထွေး(ခ)ဦးချိုတူး-ဒေါ်နန်းခမ်းယဉ်(Royal Heart သောက်ရေသန့်)၊ ဦးစိုင်းဟန်လှိုင်း-ဒေါ်နန်းမိုဆိုင်တို့၏ဖခင်၊ နန်းခြူးသန္တာဇော်၊ စိုင်းပိုင်ခန့်ဇော်၊ စိုင်းအွမ်မိန်းဆိုင်တို့၏အဘိုး၊ ဒေါ်နန်းနောဒ့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ မန်နားသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုင်းမြင့်အေး

အဖွဲ့ဝင်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ်

**အသက်(၆၇)နှစ်**

ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်၊ ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်အေး အသက်(၆၇)နှစ်သည် ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၄း၃၀နာရီတွင် အမှတ် ၆/၉၈၊ ဟတ်ကာလမ်း၊ နယ်မြေ(၆)၊ (၁၂)ရပ်ကွက်၊ လားရှိုးမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်း၊ (ဒေါ်ကျင်ရွှေ)မိသားစု**
**၃၇/၃၉၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်**

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဦးရွှေညွှန့် (မြိတ်)

ရာသက်ပန်အသင်းဝင်အမှတ်(၈၂၆)

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ လမ်းတော်မြို့နယ်၊ (၁) ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၅၅ (ပထမထပ်)နေ ဒေါ်သောင်းကြည်၏ခင်ပွန်းသည် ၁၈-၆-၂၀၁၅ရက်တွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၅ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

မြစ်ခြေနယ်အသင်း(ရန်ကုန်)

## ဒေါ်သင်းသင်းမြင့်

အလယ်တန်းကျောင်းအုပ်(ငြိမ်း)

**အသက်(၆၃)နှစ်**

ပခုက္ကူမြို့နေ [ဦးကျော်မြင့်(ခ) ဦးမောင်ကြီး - ဒေါ်အုံးမြ]တို့၏ သမီးကြီး၊ ပခုက္ကူမြို့နယ်၊ ညောင်ပင်ရွာနေ ဦးကံညွှန့် - (ဒေါ်ပို)တို့၏သမီးချွေးမ၊ (ဦးငွေးဝင်း)၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ဒု-စံပြရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ် (၁၀၇/ခ)နေ ဒေါ်ဝင်းဟေမာဖြိုး(ခ) ဒေါ်မွေးမွေး(အထပြ)၊အထက၊သာယာကုန်းရွာ၊ မော်ဘီမြို့နယ်၏ မိခင်သည် ၁၈-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၅ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

မြစ်ခြေနယ်အသင်း(ရန်ကုန်)

---

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

## ဦးကြည်ဝင်း

ရာသက်ပန်အသင်းဝင်(ရာ-၁၃၄)

**အသက်(၇၄)နှစ်**

ပေါင်းတည်မြို့နေ(ဦးပု-ဒေါ်ခင်ခင်)တို့၏သား၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ တရုတ်တန်းလမ်း၊ အမှတ် ၆၉၈နေ ဒေါ်မြစန်းအိ(ငွေးငွေးဝင်း လက်ဖက် အကြော်စုံဆိုင်)၏ ခင်ပွန်း (ရာသက်ပန်အသင်းဝင်ရာ-၁၁၃၆) ဒေါက်တာသက်သက်ဝင်း၏ ဖခင်သည် ၁၇-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၁၅ရက်တွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးအောင်နိုင်စိုး

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဒဂုဏ်သီရိလမ်း၊ အမှတ် ၉၃ (ပထမထပ်-B) နေ [ဦးစံသိန်း(စိုက်ပျိုးရေး)]-ဒေါ်ဒေါ်လီစိုး(စိုက်ပျိုးရေး)တို့၏သား၊ ဦးမြဝင်း - ဒေါ်စန်းစန်းမြင့် (ဖောင်ကြီး)တို့၏သားသမက်၊ ဦးမင်းလွင်စိုး-ဒေါ်စုမြတ်နှင်းတို့၏ညီ၊ ဦးရဲမြတ်စိုး-ဒေါ်ရှင်မိုးခတ်တို့၏အစ်ကို၊ ဒေါ်နှင်းအိဖြူ (မူပြ၊ အမက-၂၆၊ သင်္ဃန်းကျွန်း)၏ ချစ်လှစွာသောခင်ပွန်း၊ မယွန်းနဒီအောင် (Grade-4)၏ ချစ်လှစွာသော ဖခင်သည် ၁၉-၆-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၅ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်၊ ပို့ကုန်နှင့် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အလေးထားဆောင်ရွက်

စာ-၃



ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးသွားလာသူ ၃၇ ဦးအား ဒုတိယအသုတ်အဖြစ် ဇွန် ၁၉ ရက်တွင် နှစ်နိုင်ငံနယ်စပ်ဂိတ်၌ တရားဝင်ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်သွားစဉ်။ (ခရိုင်ပြန်/ဆက်)

## မြန်မာနိုင်ငံမှကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်း

၁။ (၂၁-၅-၂၀၁၅)ရက်နေ့တွင် တပ်မတော်(ရေ)က ကယ်ဆယ်ထားသည့် လှေစီးသွားလာသူ ၂၀၀ ဦးအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ်အတည်ပြုပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ ကို (၈-၆-၂၀၁၅)ရက်နေ့တွင် နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တရားဝင်ပြန်လည်လွှဲပြောင်းပြီးဖြစ်ပါသည်။ ယခုတစ်ဖန် ကျန်ရှိသူများအနက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် စိစစ်အတည်ပြုပြီးသူ ၃၇ ဦးကို (၁၉-၆-၂၀၁၅)ရက်နေ့ မွန်းလွဲပိုင်းတွင် တောင်ပြို(လက်ဝဲ) နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအနီး မြန်မာနိုင်ငံဘက်ခြမ်း မဏ္ဍပ်ငယ်၌ နှစ်နိုင်ငံအလံတင် အစည်းအဝေးကျင်းပကာ လွှဲပြောင်းခြင်းအခမ်းအနားကို ပြုလုပ်ခဲ့ပါသည်။

၂။ ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်၊ ယာယီဒုတိယရဲမှူးကြီး ကျော်တေဇ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် မူဟာမက် မဟာဘူဘာရာမန်၊ အမှတ်(၁၇) နယ်ခြားစောင့်တပ်ရင်း (ကော့ဘဇား)တပ်ရင်းမှူး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ ဦးစီးအရာရှိအဆင့် ဗိုလ်မှူးနှစ်ဦးတို့ အထူးဧည့်သည် လှေလာသူများအဖြစ်

*စာမျက်နှာ ၇ ကော်လံ ၅*


ယနေ့ မာတိကာ

အီရန်နျူအရေး ခက်ခဲမှုများရှိသော်လည်း နောက်ဆုံးသဘောတူညီချက်ရရှိနိုင် စာ-၄

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟားခါးမြို့ လမ်းပေါ်သို့ တောင်စောင်းမှ မြေများ လျှောကျ စာ-၁၁

ကျန်းမာရေးအသိပညာမြှင့်တင်မှုများကို ဖုန်းများမှ တစ်ဆင့် ဆောင်ရွက်သွားမည် စာ-၁၄


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၁၉

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်း ရပ်ဝန်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့် ကြိုတင်သတိပြုကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**


**မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ**



ကိုအောင်ကြည်ထွေး

ကျွန်တော်က ဝန်ထမ်းတစ်ယောက်ပါ။ ကျွန်တော်တို့အညာဒေသက နေကလည်းပူ ဖုန်ကလည်းပေါပါတယ်။ ကျွန်တော် ရုံးကိစ္စနှင့် အပြင်သွားတဲ့ အခါမှာ မျက်နှာကမည်း၊ အဆီတွေလည်းပြန်ပြီးတော့ ဝက်ခြံတွေပေါက်လာပါတယ်။ မျက်နှာလိမ်း Cream တွေ လိမ်းပေမယ့်လည်း စျေးသာပေးရပြီး ထူးခြားလာခြင်းမရှိခဲ့ပါဘူး။ ကျွန်တော်အရမ်းစိတ်ညစ်ရပါတယ်။ နေစဉ်ထုတ်သတင်းစာထဲမှာ "ရွှေပြည်နန်း" သနပ်ခါးလိမ်းတဲ့ သူတွေရဲ့ ကောင်းကျိုးတွေကိုဖတ်ရတော့ လိမ်းကြည့်ချင်စိတ်တွေ ပေါက်ပြီးနောက် "ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး (ဘူးစိမ်း)" အသေးတစ်ဘူး ညီမနဲ့စျေးက မှာလိုက်ပါတယ်။ ဝယ်တဲ့ရက်ကစပြီး သုံးဘူးမြောက်တဲ့အထိ လိမ်းလာလိုက်တာ ဝက်ခြံတွေ၊ အဆီပြန်တာတွေ ပျောက်ပြီး မျက်နှာက ဝင်းဝင်းဝါဝါစိုစိုပြေပြေလေးဖြစ်လာပါတော့တယ်။ အိမ်က ညီမနဲ့ ရုံးကဝန်ထမ်းတွေက မျက်နှာဘာလိမ်းထားတာလဲ ဖြူဝင်းနေတာပဲဟု မေးတော့ အရမ်းပဲဝမ်းသာမိပါတော့တယ်။ ရွှေပြည်နန်းသံပရာသဘာဝအသားဖြူသနပ်ခါး ကတော့ လိမ်းလိုက်ရင် သံပရာရနံ့ သင်းသင်းလေးနဲ့ဆိုတော့ လိမ်းရတာ လွယ်ကူပြီး စိတ်ကျေနပ်မှု အပြည့်အဝရရှိပါတယ်။ "ရွှေပြည်နန်း" ရယ် ကိုယ်ဘယ်သွားသွား မင်းနဲ့အတူ ထာဝရရှိနေမှာပါ။ "ရွှေပြည်နန်း" ကုမ္ပဏီပိုင်ရှင်နှင့်တကွ ထုတ်လုပ်သူဝန်ထမ်းများ၊ စျေးကွက်သို့ အရောက်ပို့ပေးသော ဖြန့်ဖြူးရေးဝန်ထမ်းများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်ရရှိကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ အခုလို တင်ပြခွင့်ရရှိတဲ့ အတွက်များစွာ ဂုဏ်ယူမိပါတယ်။

ကိုအောင်ကြည်ထွေး (စာရင်းကိုင်-၄)၊ စရိုင်လျှပ်စစ်ရုံး၊ အမှတ်(၅)ရပ်ကွက်၊ (၅)လမ်း၊ မြင်းခြံမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဦးခိမ်ဆန်း (စာရင်းကိုင် -၂)၊ စရိုင်လျှပ်စစ်ရုံး၊ အမှတ်(၅)ရပ်ကွက်၊ (၅)လမ်း၊ လျှပ်စစ်ရုံးဝင်း၊ မြင်းခြံမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)


မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
R/488